ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


ကုသိုလ်ကောင်းမှုပြု

ပန်းစုပန်းပုံအတွင်းမှ များစွာသောပန်းကုံးတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါသည် ဥစ္စာသဒ္ဓါတည်းဟူသော အစုအပုံအတွင်းမှ မြောက်မြားစွာသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၅၁)


၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၈ ရက် စနေနေ့ | 14, Saturday May 2016 | (၈၅၆၁)


# တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲကျင်းပ

## ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘွဲ့တံဆိပ်တော်ဆက်ကပ်

ရန်ကုန် မေ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော (၆၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၇၉ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိသရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား တိပိဋကဓရ အောင်လက်မှတ်တော် ဆက်ကပ်စဉ်။(သတင်းစဉ်)



ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အထပ်မြင့်အိမ်ရာများနှင့် ခုံးကျော်တံတားကို ဝေဟင်မှတွေ့မြင်ရပုံ။(စောလှိုင်ဝင်း)

# အထပ်မြင့်အဆောက်အအုံများကို ကွင်းဆင်းစစ်ဆေးပြီးမှသာလျှင် ဆက်လက်ဆောက်လုပ်ခွင့်ပြုမည်

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အထပ်မြင့် အဆောက်အအုံဆောက်လုပ်ခွင့်များအား စိစစ်ခွင့်ပြုရာတွင် ၉ ထပ်မှ ၁၂ ထပ်ခွဲထိ အဆောက်အအုံများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင်များ အစည်းအဝေးမှလည်းကောင်း၊ ၁၃ ထပ်နှင့် အထက်အဆောက်အအုံများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်း အဝေးမှလည်းကောင်း စိစစ်ပြီး "မူ" အားဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ "မူ" အားဖြင့် ခွင့်ပြုချက်ရရှိပြီးသော ၉ ထပ်မှ ၁၂ ထပ်ခွဲအထိ အဆောက်အအုံများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အထပ်မြင့်အဆောက်အအုံဆောက်လုပ်မှုဆိုင်ရာစံချိန်စံညွှန်းများ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးအဖွဲ့ HIC မှလည်းကောင်း၊ ၁၃ ထပ်နှင့်အထက် အဆောက်အအုံများအား အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(CQHP)မှ လည်းကောင်း၊ Design များကိုစိစစ်ပြီး အဆင့်အလိုက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋**




## ကြေးမုံ

# တရားဥပဒေစိုးမိုးမှု မြို့ပြတည်ငြိမ်အေးချမ်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့အပါအဝင် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို နှောင့်ယှက်စိန်ခေါ်နေသည့် ရာဇဝတ်ဂိုဏ်းများနှင့် ကျူးကျော်ဂိုဏ်းများကို ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်ရင်း ရှင်းလင်းမည်ဖြစ်ကြောင်း မေ ၁၀ ရက်က ပြုလုပ်ခဲ့သည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ဆွေးနွေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတိပေးပြောကြားခဲ့သည်ဟု သိရသည်။

လူဦးရေအထူထပ်ဆုံးဖြစ်သော စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ပြီးခဲ့သည့်ရက်ပိုင်း၊ လပိုင်းများက မြို့နေပြည်သူလူထုအား စိုးရိမ်သောကဖြစ်စေပြီး အထိတ်တလန့်ဖြစ်စေခဲ့သော လက်ရဲဇက်ရဲ ဒုစရိုက်မှုများဖြစ်ပွားခဲ့ရာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေခဲ့သည်။ ထိုရာဇဝတ်မှုကျူးလွန်သူများ၊ ဥပဒေဘောင်ကိုကျော်လွန်၍ အုပ်စုဖွဲ့ကျူးလွန်ကြသူများအား ယခုကဲ့သို့ ထိရောက်စွာအရေးယူဆောင်ရွက်တော့မည်ဟု ကြားသိရသဖြင့် ရန်ကုန်မြို့နေပြည်သူများ ကျေနပ်နှစ်သက်ကြပေလိမ့်မည်။

မကြာသေးမီကာလက သန်လျင်မြို့နယ်တွင် ဒုစရိုက်သမားတစ်ဦးက ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ခုခံသတ်ဖြတ်သွားခဲ့သည့်ဖြစ်ရပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဓားနှင့်ထိုးသည့်ဖြစ်ရပ်၊ ထောင်ထွက်နှင့်ရဲဘက်ပြေးများက လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များတွင် ဂိုဏ်းဖွဲ့၍ အုပ်စုလိုက် ထင်တိုင်းကြဲနေသည့်ဖြစ်ရပ်၊ ၎င်းတို့ကပင် အုပ်စုဖွဲ့ကျူးကျော်နေအိမ်များကို တရားမဝင် ဝင်ဆောက်နေသည့်ဖြစ်ရပ်၊ ယခုနောက်ဆုံး အလုံမြို့နယ်တွင် နေ့ခင်းကြောင်တောင် ပြောင်ပြောင်တင်းတင်း ပြန်ပေးဆွဲ၊ ဓားပြတိုက်သည့်ဖြစ်ရပ်စသည့် ဒုစရိုက်မှုမျိုးစုံ ကျူးလွန်ခဲ့မှုများသည် မြို့ပြအေးချမ်းသာယာရေးကို ထိပါးနှောင့်ယှက်ရုံမျှမက လုံခြုံရေးတပ်ဖွဲ့နှင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများကိုပါ စိန်ခေါ်မှုများရှိလာခဲ့သည်မှာ လုံးဝမဖြစ်သင့်၊ မဖြစ်ထိုက်သော ကိစ္စများသာဖြစ်ပေသည်။

ယင်းဒုစရိုက်သမားများ၊ ဒုစရိုက်ဂိုဏ်းများအား ထိရောက်စွာနှိမ်နင်းခြင်းမပြုဘဲ ကြာရှည်နေမြင့်ထားရှိမည်ဆိုပါက အုပ်ချုပ်ရေးအဖွဲ့အစည်း၊ လုံခြုံရေးအဖွဲ့အစည်းများအား ပမာမခန့်ပြုလုပ်ခြင်း၊ ပြန်လည်ခုခံတိုက်ခိုက်ခြင်းများရှိလျှင် ပြည်သူများမှာ အားကိုးရာမဲ့ပြီး နေစရာပင်မရှိတော့သည့်ဘဝကိုရောက်ကာ အုပ်ချုပ်ရေးယန္တရားလျော့ရဲပြီး မြို့ပြလုံခြုံမှုထိခိုက်ပျက်ပြားသွားနိုင်သည်။ ထို့ကြောင့် အဆိုပါဒုစရိုက်သမားများကို ယခုကဲ့သို့ ထိထိရောက်ရောက်ဟန့်တားနှိမ်နင်းမည့်အစီအမံကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက်ဆောင်ရွက်ရာတွင် ရဲတပ်ရင်းများပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည့် လက်နက်ယန္တရားများပါတပ်ဆင်နိုင်ရန် ကြိုးပမ်းသွားမည်ဟု သိရှိရသည်မှာ လျော်ကန်သင့်မြတ်လှပါသည်။ ထို့အပြင် ဖမ်းဆီးရမိသော ဒုစရိုက်သမားများကို ထပ်မံကျူးလွန်ခြင်းမပြုနိုင်အောင် ထိရောက်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာပြီး ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့တစ်ခုတည်းက ဆောင်ရွက်ရုံဖြင့် မလုံလောက်ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မြို့ရွာနေ မိဘပြည်သူများသာမက မီဒီယာများပါ ပူးပေါင်းပြီး မြို့ပြရပ်ရွာအေးချမ်းသာယာရေး၊ လုံခြုံရေး ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်ကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# သာကေတဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဝင်းအတွင်း တည်ဆောက်မည့် ပထမအဆင့် (၁၀၆) မဂ္ဂါဝပ် စက်ရုံလုပ်ငန်းစတင်

**ရန်ကုန် မေ ၁၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရေးအတွက် သာကေတဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းအတွင်း U-Energy Thaketa Power Co.,Ltd. မှ တည်ဆောက်မည့် ပထမအဆင့် (၁၀၆)မဂ္ဂါဝပ် Combined Cycle Power Plant စက်ရုံလုပ်ငန်း စတင်ခြင်း အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သာကေတဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံပိုင် မြေဧရိယာအတွင်း၌ ကျင်းပသည်။ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့၊ U-Energy မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။




ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အသစ်တစ်ခုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီမံကိန်းလုပ်ငန်း စတင်ခြင်းမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။


ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ (၁၁၅၀)မဂ္ဂါဝပ်ခန့်ရှိပြီး ဓာတ်အားပေးစက်ရုံ(၄)ရုံမှ စွမ်းအားပြည့်ထုတ်လုပ်နိုင်မှုမရှိခြင်းနှင့် မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားကိုသာ ဓာတ်အားစနစ်မှတစ်ဆင့် ရယူသုံးစွဲနေရခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗို့အားကျဆင်းမှုဖြစ်ပေါ်၍ အလှည့်ကျ ဓာတ်အားဖြတ်တောက်မှုများကို မလွဲမရှောင်သာ ဆောင်ရွက်ခဲ့ရသည်ကို ပြည်သူလူထုက လက်တွေ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးဖြစ်သည်ကို လူတိုင်းအသိပဲဖြစ်ပါကြောင်း၊ ယခုတည်ဆောက်မည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံသည် လျှပ်စစ်ဓာတ်အားကို တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်မည့် အခန်းကဏ္ဍကို တစ်စိတ်တစ်ပိုင်း ပံ့ပိုးရာရောက်ပါကြောင်း၊ ၂၀၁၈ ခုနှစ် မတ်လအတွင်း စီးပွားဖြစ် မောင်းနှင်ဓာတ်အားထုတ်လုပ်ရန် စီစဉ်ထားသည့်အတွက် ကာလတိုအတွင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အရ ယခုစီမံကိန်းဖြစ်သည့် သာကေတသဘာဝ ဓာတ်ငွေ့သုံးစက်ရုံ စီမံကိန်းကိုလည်း ခေတ်မီသော ဓာတ်ငွေ့တာဘိုင်စက်များနှင့် စွန့်ပစ်အပူသုံးဓာတ်အားပေး စက်များကိုပါ ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါကြောင်း။

အဆိုပါ (၁၀၆) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရေးကာလ ၂၄ လနဲ့ တည်ဆောက်မှာဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ်လအတွင်းမှာ စီးပွားဖြစ်မောင်းနှင် ဓာတ်အားထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ U-Energy Co.,Ltd. ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံလုပ်ငန်း စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် UREC ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး တည်ဆောက်မည့် မြေဧရိယာအတွင်း လုပ်ငန်းစတင်ဆောင်ရွက်မှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များဆောင်ရွက်ပေး

**ခင်ဦး မေ ၁၃**

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဦးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု စာရင်းကောက်ယူရေးအဖွဲ့တို့က ရက် ၁၀၀ လုပ်ငန်းစဉ်ဖြစ်သည့် နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်ကြသော အိမ်ထောင်စုများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ကတ်များကို ခင်ဦးမြို့နယ် ကြို့ကန်အုပ်စုတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကျန်သည့်ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။**(ခင်ဦးစိုးဝေ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန္တလေး ၀၂-၈၆၁၀၀၆၅၊ စီပံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၀၊ ဖက်စ် ၀၁-၂၉၁၄၅၅

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် (၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအောင် သာသနာ့အာဇာနည်အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ အောင်လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မူလအဘိဓမ္မကောဝိဒအောင် သာသနာ့အာဇာနည်နှစ်ပါး၊ မူလ အာဘိဓမ္မိကအောင် သာသနာ့အာဇာနည် တစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည် နှစ်ပါး၊ ဝိနယ ကောဝိဒအောင် သာသနာ့အာဇာနည် ၁၀ ပါး၊ ဝိနယဓရအောင် သာသနာ့အာဇာနည် ၁၆ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည် ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည် ၃၇ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက အနုမောဒနာ ရေစက်ချတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတော့မည့် အကြိုကာလကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးပါက ဆဋ္ဌသင်္ဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ထိုသတင်းစကားကြားသိကြသော ကျန်ထေရဝါဒ နိုင်ငံများက "သင်္ဂါယနာတင်ရန်မှာ ပိဋကသုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာတင်နိုင်ခွင့်ရှိကြောင်း" ဝေဖန်ပြောဆိုချက်ကြောင့် ပိဋကအာဂုံဆောင်ပုဂ္ဂိုလ်များပေါ်ထွန်းစေရေး ရည်ရွယ်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်များအား ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာအောင်သံဃာတော်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း စာအောင်သံဃာတော်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။ (သတင်းစဉ်)

❃ **အထပ်မြင့်မှ**

Design စိစစ်ထောက်ခံချက်များရရှိမှသာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်ပြုမိန့်များကို အပြီးသတ်အတည်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ မြို့ပြအင်္ဂါရပ်ဖွံ့ဖြိုးမှုနှင့် ကိုက်ညီစေရန် ပိုမိုစနစ်ကျရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်အား အသေးစိတ်စိစစ်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း "မူ" အားဖြင့်သာ ခွင့်ပြုချက်ရရှိထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အပြီးသတ်အတည်ပြုထုတ်ပေးသော ဆောက်လုပ်ခွင့်ပြုမိန့် မရရှိသေးသည့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားကြပါရန်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက ဆောက်လုပ်ခွင့်အား ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ မေ ၁၃ ရက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(စောသိန်းဝင်း)**

## အစိုးရဝန်ကြီးဌာနများ၏ ပြည်သူ့အတွက် ပထမရက် (၁၀၀) အစီအစဉ်အား ပြည်သူများသိရှိနိုင်စေရန် လွှင့်တင်ဆောင်ရွက်

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၏ ရက်ပေါင်း (၁၀၀)ကာလအတွင်း ပြည်သူကိုမျက်နှာမူပြီး အလေးထားဆောင်ရွက်သွားမည့် ဝန်ကြီးဌာနတစ်ခုချင်းစီ၏ တိုးချဲ့/ဖြေလျှော့လုပ်ဆောင်ချက်များကို ပြည်သူများသိရှိနိုင်စေရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ နေ့အလိုက်ပြသမည့် အချိန်၊ နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံတို့တွင်ဖော်ပြပါရှိမည့် နေ့စွဲ၊ စာမျက်နှာတို့ကို MOI Webportal Myanmar Facebook နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MOI Call Center Hot Line (1883)တို့တွင် မေလ ၁၃ ရက်မှစတင်၍ ပြည်သူများသို့ ကြိုတင်သတင်းပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဂျပန်လျှင်ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးအသုံးစရိတ် ဒေါ်လာ ၇ ဘီလီယံ ထပ်မံ သုံးစွဲခွင့်ပြု

**ကျိုတို မေ ၁၃**

ဂျပန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းရှိ ကူမာမိုတိုမြို့တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဘေးဒုက္ခကြုံတွေ့နေကြသည့် ငလျင်ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးရန် အပိုအသုံးစရိတ်အဖြစ် အမေရိကန် ဒေါ်လာ ခုနစ်ဘီလီယံကို ဂျပန်အစိုးရက ထပ်မံသုံးစွဲခွင့်ပြုလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

ငလျင်ဒုက္ခသည်များအား ကူညီထောက်ပံ့ပေးရန် အပိုအသုံးစရိတ် ထုတ်ပေးမည့် အစီအစဉ်ကို ယနေ့ အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုခဲ့သည်။ အစိုးရအဖွဲ့က အဆိုပါ အပိုအသုံးစရိတ်ထုတ်ပေးရေး ဥပဒေကြမ်းကို မကြာမီ လွှတ်တော်သို့တင်သွင်းမည်ဖြစ်ပြီး လွှတ်တော်က မေ ၁၇ ရက်တွင် ယင်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းမည်ဟု ယုံကြည်ရသည်။

ငလျင်ဘေးဒုက္ခသည်များအတွက် ယာယီအိမ်ရာများ ဆောက်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၃၀ ခန့် သုံးစွဲရန် လျာထားသည်။ အမေရိကန် ဒေါ်လာ ၁၈၀ ခန့် နေအိမ်များ ပြိုကျပျက်စီးသွားသော ဒုက္ခ သည်များအတွက် နေအိမ်များပြန်လည်တည်ဆောက်ရေး တွင် သုံးစွဲရန် လျာထားသည်။

ကျန်ရှိသော အသုံးစရိတ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံကို အခြေခံအဆောက်အအုံများပြန်လည်တည်ဆောက်ရေးနှင့် အလယ်အလတ်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် သုံးစွဲမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**




## ကမ္ဘာ့အသက်ကြီးဆုံးပုဂ္ဂိုလ် နယူးယောက်၌ ကွယ်လွန်

**နယူးယောက် မေ ၁၃**

ကမ္ဘာ့အသက်ကြီးပုဂ္ဂိုလ်အဖြစ်သတ်မှတ်ခံရသူ အမျိုးသမီးကြီး ဆူဆန်နာမူရှတ်ဂျုံးသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ မေ ၁၂ရက်က ကွယ်လွန်သွားကြောင်း၊ ကွယ်လွန်ချိန်တွင် ဂျုံး၏အသက်မှာ ၁၁၆ နှစ်ရှိကြောင်း အိုမင်းရင့်ရော်ခြင်းဆိုင်ရာ သုတေသနအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဂျုံးသည် သီးစားချစနစ်ဖြင့် မြေငှားသူမိသားစုမှ ပေါက်ဖွားလာခဲ့သူဖြစ်ပြီး အမေရိကန်တောင်ပိုင်း အယ်လ်ဘားမားပြည်နယ်၌ ၁၈၉၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။

ဂျုံးသည် အထက်တန်းကျောင်း၌ ပညာဆည်းပူးမှု ပြီးဆုံးခဲ့ပြီးနောက် ၁၉၂၂ခုနှစ်တွင် နယူးဂျာစီ၊ ထိုမှတစ်ဆင့် နယူးယောက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ဂျုံးသည် နယူးယောက်မြို့၌ ကလေးထိန်းတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ယင်းမြို့ရှိ ဗန်ဒါလီယာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာ၌ အလုပ်လုပ်ကိုင်ခဲ့သည်။

အိပ်ရေးဝအောင်အိပ်စက်ခြင်း၊ ဆေးလိပ်နှင့်အရက်ရှောင်ကြဉ်ခြင်းတို့သည် အသက်ရှည်ခြင်း၏အကြောင်းတရားများဖြစ်သည်ဟု ဂျုံးကပြောကြားခဲ့သည်။

**ရိုက်တာ။**

❖

## တရုတ်နှင့်ထိုင်း ယခုလမှစ၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်မည်

**ပေကျင်း မေ ၁၃**

တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် ယခုလမှစတင်၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

၂၀၁၄ ခုနှစ်တွင် ထိုင်းစစ်ဘက်က နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ချိန်နောက်ပိုင်း တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်မြင့်မားလာမှု၏ လက္ခဏာတစ်ရပ်အဖြစ် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

၂၀၁၄ ခုနှစ် မေလတွင် ထိုင်းစစ်ဘက်ကအာဏာသိမ်းခဲ့ပြီးနောက် ထိုင်းစစ်ဘက်သည် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံမှု တိုးမြှင့်ပြုလုပ်လာသည်။ထိုင်းနိုင်ငံ၌ စစ်ဘက်က အာဏာသိမ်းခြင်းနှင့်ပတ်သက်၍ အမေရိကန်နှင့်အနောက်တိုင်းနိုင်ငံများက ကန့်ကွက်ပြောကြားခဲ့ကြသည်။

တရုတ်နှင့်ထိုင်းနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မေ ၁၉ ရက်မှ ဇွန် ၁၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး မြေပြင်နှင့်ပင်လယ်ရေပြင်စစ်ဆင်ရေးလုပ်ငန်းများအတွက် လေ့ကျင့်ကြမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်နေသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံတောင်ပိုင်းမှ လာအိုနိုင်ငံကို ဖြတ်သန်း၍ ထိုင်းနိုင်ငံသို့ ဆက်သွယ်မည့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတစ်ရပ်အပါအဝင် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။

**ရိုက်တာ။**





## ထရန့်နှင့် ရိုင်ယန်တို့က ပါတီစည်းလုံးညီညွတ်ရေး ပူးပေါင်းလုပ်ဆောင်မည်

**ဝါရှင်တန် မေ ၁၃**

ရီပတ်ဘလစ်ကန်ပါတီသမ္မတလောင်းဖြစ်ရန် သေချာသလောက်နီးပါးဖြစ်နေသည့် အိမ်ခြံမြေလုပ်ငန်းရှင်သူဌေးကြီး ဒေါ်နယ်ထရန့်နှင့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ပေါလ်ရိုင်ယန်တို့က နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီ အနိုင်ရအောင်မြင်မှုရရှိရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြမည်ဟု သဘောတူညီချက်ရရှိခဲ့ကြသည်။

ထရန့်နှင့် ရိုင်ယန်တို့သည် ဝါရှင်တန်မြို့တော်တွင် မေ ၁၂ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ကြသည်။ အချို့သောကိစ္စရပ်များတွင် သဘောထားကွဲလွဲမှုအချို့ရှိခဲ့သော်လည်း ကိစ္စရပ်အတော်များများတွင် သဘောတူညီမှုများရရှိခဲ့သည်ဟု ၎င်းတို့နှစ်ဦးကပြောကြားသည်။

ယခုတွေ့ဆုံဆွေးနွေးမှုသည် ရီပတ်ဘလစ်ကန်ပါတီစည်းလုံးညီညွတ်ရေးအတွက် အရေးပါသော အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ရိုင်ယန်က သတင်းထောက်များကို ပြောကြားသည်။ သို့သော် မိမိတို့အနေဖြင့် လုပ်ဆောင်စရာရှိနေဆဲဖြစ်ပြီး ၎င်းအနေဖြင့် ထရန့်ကို သမ္မတလောင်းအဖြစ်ထောက်ခံကြောင်း ပြောကြားခြင်းမရှိပေ။ ၎င်းတို့နှစ်ဦး ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်သွားရန် စီစဉ်ထားသည်။

အချို့သော ရီပတ်ဘလစ်ကန်ပါတီဝင်အမာခံများက ထရန့်ကို ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် လိုလားထောက်ခံမှုမရှိကြသကဲ့သို့ ထရန့်၏ မဲဆွယ်မိန့်ခွန်းများတွင် ပြောကြားခဲ့သည့် အချို့သောအချက်များကို ရိုင်ယန်ကိုယ်တိုင်လည်း ရှုတ်ချဝေဖန်ခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ။**

## ဟစ်ဇ်ဘိုလာအဖွဲ့၏ထိပ်တန်းတပ်မှူးကြီး ဆီးရီးယားနိုင်ငံ၌တိုက်ခိုက်မှုတစ်ရပ်အတွင်းသေဆုံး

**ဘေရွတ် မေ ၁၃**

ဟစ်ဇ်ဘိုလာအဖွဲ့၏ထိပ်တန်းတပ်မှူးကြီး မူစတာဖာ ဘာဒရက်ဒင်းသည် ဆီးရီးယားနိုင်ငံ၌ တိုက်ခိုက်မှုတစ်ရပ်အတွင်း သေဆုံးခဲ့ရကြောင်း လက်ဘနွန်နိုင်ငံအခြေစိုက် အဆိုပါအဖွဲ့က မေ ၁၃ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်လေဆိပ်အနီး ဖြစ်ပွားသော ပေါက်ကွဲမှုကြီးတစ်ရပ်အတွင်း ဟစ်ဇ်ဘိုလာ တပ်မှူးကြီး ဘာဒရက်ဒင်း သေဆုံးခဲ့ရကြောင်း ရှီးယိုက်အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဟစ်ဇ်ဘိုလာအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား ထောက်ခံပြီး ဆီးရီးယားနိုင်ငံသို့ တိုက်ခိုက်ရေးသမား ထောင်ပေါင်းများစွာ စေလွှတ်ပေးခဲ့သည်။

အသက် (၅၅) နှစ်ရှိ ဘာဒရက်ဒင်းသည် ဟစ်ဇ်ဘိုလာအဖွဲ့၌ ရာထူးအမြင့်ဆုံးတာဝန်ရှိသူများတွင် ပါဝင်သည်။ ၎င်းသည် ၂၀၁၁ ခုနှစ်မှစ၍ ဆီးရီးယားနိုင်ငံ၌ ဟစ်ဇ်ဘိုလာအဖွဲ့၏စစ်ဆင်ရေးလုပ်ငန်းများအားလုံးကို စီစဉ်ညွှန်ကြားသူဖြစ်သည်ဟု အမေရိကန်အစိုးရအဖွဲ့က လွန်ခဲ့သည့်နှစ်တွင် ပြောကြားခဲ့သည်။ အမေရိကန်ဘဏ္ဍာရေးဌာနက ၎င်းအပေါ် ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ်မှုအစီအစဉ်ကိုလည်း ချမှတ်ခဲ့သည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏တပ်မှူးကြီးသေဆုံးရခြင်းသည် ယင်းအဖွဲ့အတွက်ရော အီရန်နိုင်ငံအတွက်ပါ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်းနှင့် ဒမတ်စကတ်လေဆိပ်အနီးရှိ ဟစ်ဇ်ဘိုလာအခြေစိုက်စခန်းတစ်ခုကို ပစ်မှတ်ထားသော တိုက်ခိုက်မှုတစ်ရပ်အတွင်း ဘာဒရက်ဒင်းသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လေကြောင်းတိုက်ခိုက်မှု၊ ဒုံးကျည်တိုက်ခိုက်မှု၊ အမြောက်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုတို့အနက် မည်သည့်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ရိုက်တာ။**



# အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် သဘောတူ

**နေပြည်တော် မေ ၁၃**

၂၀၁၅ ခုနှစ်တွင် ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များအား နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသဖြင့် ကမ္ဘာ့ဘဏ်ထံမှ အတိုးနှုန်းများစွာသက်သာမှုရှိသည့် ချေးငွေရယူရခြင်းဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် ကမ္ဘာ့ဘဏ်ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဘဏ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၂၀၀ ရယူမည့် သဘောတူညီချက်တွင် ဆိုင်းငံ့ကာလ ၆ နှစ်၊ ပြန်ဆပ်ကာလ ၃၂ နှစ်ဖြင့် သက်တမ်း ၃၈ နှစ်ရှိပြီး အတိုးမဲ့ချေးငွေဖြစ်ပါကြောင်း၊ ဝန်ဆောင်ခမှာ တစ်နှစ်လျှင် သုည ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ကတိခံကြေးကို လက်ရှိကာလတွင် သုညရာခိုင်နှုန်း သတ်မှတ်ထားသော်လည်း ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့ဆုံးဖြတ်ချက်အရ ပေးရန်ရှိလာပါက သုည ဒသမ ၅ ရာခိုင်နှုန်းထက် မပိုသောနှုန်းကို သတ်မှတ်လာနိုင်ပါကြောင်း၊ ဝန်ဆောင်ခကို ချေးငွေထုတ်ယူသည့် အချိန်မှစ၍လည်းကောင်း၊ အရင်းငွေကို ဆိုင်းငံ့ကာလ ကုန်ဆုံးပြီးချိန်မှစ၍လည်းကောင်း တစ်နှစ်လျှင် နှစ်ကြိမ် ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ(၁၀)၌ "ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံကိန်းတစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုအား ပြည်ပမှချေးငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှရယူမည့် ကမ္ဘာ့ဘဏ်မှ သဘာဝဘေးအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာချေးငွေအမေရိကန်ဒေါ်လာ ၁၅ သန်းကို အရေးပေါ်တုံ့ပြန်မှုချေးငွေအတွက် ဘဏ္ဍာငွေ ထပ်မံလိုအပ်ပါက ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ အရန်အဖြစ် ခွဲဝေလျာထားခြင်းဖြစ်ပါကြောင်း၊ ချေးငွေအမေရိကန်ဒေါ်လာ ၁၅ သန်းဖြင့် သဘာဝဘေးကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော လိုအပ်ချက်များဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ပံ့ပိုးပေးနိုင်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပါက အရေးပေါ်ပြန်လည်ထူထောင်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ခွဲဝေလျာထားငွေဖြင့် ဆောက်လုပ်ရေးပစ္စည်းများ၊ စက်မှုလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ၊ သောက်သုံးရေ၊ ကုန်းမြေနှင့် သက်ဆိုင်သော ပစ္စည်းကိရိယာများ၊ စက်သုံးဆီဝယ်ယူခြင်းများအတွက် သုံးစွဲနိုင်ပြီး သဘာဝဘေးကျရောက်သည့် မည်သည့်နေရာဒေသကိုမဆို ပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှရယူထားသည့် ပြည်ပချေးငွေအခြေအနေမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စုစုပေါင်း အမေရိကန် ဒေါ်လာသန်းပေါင်း ၁၁၁၁၄ အနက် စုစုပေါင်း ချေးငွေပြန်လည်ပေးဆပ်ပြီးစီးမှုမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉၅၀ ဖြစ်၍ ပေးဆပ်ရန် ကျန်ငွေမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၉၁၆၄ ဖြစ်ပြီး ပြည်ပချေးငွေနှင့် ဂျီဒီပီအချိုးမှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည့်အတွက် ကြွေးမြီခံနိုင်ရည်ရှိမှု စံနှုန်းသတ်မှတ်ချက်ဘောင်အတွင်း၌ ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး



လွိုင်ကော်မဲဆန္ဒနယ်မှ
ဒေါက်တာခင်စည်သူ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးအပတ်တွင် ကိုမန်မုန်တိုင်းတိုက်ခတ်မှုကြောင့် ထူးကဲစွာ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြား၌ ရေကြီးနစ်မြုပ်ကာ လမ်း၊တံတားများပြိုကျပျက်စီးခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်၏အရေးပေါ်ပြန်လည်ထူထောင်ရေးချေးငွေဖြင့် ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ချင်းပြည်နယ်ရှိကလေး - ဖလမ်း - ဟားခါးနှင့် ဟားခါး-ဂန့်ဂေါ လမ်းအတွက်အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈ သန်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်း-ဂွလမ်းနှင့် သံတွဲ-ဂွလမ်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၊ ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်ကိစ္စများအတွက်လျာထားခြင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ သန်း၊ အသေးစိတ်ပုံထုတ်ခြင်းနှင့် ကြီးကြပ်မှုအတွက် လျာထားခြင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်း၊ အဖွဲ့အစည်းနှင့် အထောက်အကူပြုလုပ်ငန်းများအတွက် အသုံးပြုမည့်စရိတ် အမေရိကန်ဒေါ်လာ ၃ သန်း စုစုပေါင်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀၅ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာ့ဘဏ်မှပေးအပ်မည့် သဘာဝဘေးအတွက် ပြန်လည်ထူထောင်ရေးချေးငွေအမေရိကန်ဒေါ်လာသန်း (၇၀)ဖြင့် ကျေးလက်လမ်း၊ တံတား ပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာသန်း ၆၀၊ အရေးပေါ်အခြေအနေအသုံးပြုရန်အတွက် ယာဉ်စက်ယန္တရားများ ဝယ်ယူဖြည့်တင်းခြင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း၊ စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာနှင့် ထောက်ပံ့ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း အသုံးပြုရန် လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူ၍ စီမံကိန်းများဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက မေ ၁၆ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးကျော်တင့်ဆွေကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ၁၉၆၉ ခုနှစ် ဆီ(ရေနံ)ယိုဖိတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှု ဖြစ်စဉ်များမှတစ်ဆင့် ထိခိုက်နစ်နာသူများနှင့် ဆုံးရှုံးမှုများကို လျော်ကြေးရရှိရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအား ပြင်ဆင်သည့် ၁၉၉၂ ခုနှစ် နောက်ဆက်တွဲသဘောတူစာချုပ်၌ မြန်မာနိုင်ငံ ပါဝင်လက်မှတ်ထိုးရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြု ဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ အလေးအနက်ထား ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ဘင်းမ်စတက်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို မေ ၁၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် Global Direct Link Co., Ltd.တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် The Global New Light of Myanmar သတင်းစာတိုက်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာတည်းမှူးချုပ်၊ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက သတင်းစာတိုက်များအနေဖြင့် လွတ်လပ်စွာ သတင်းများရေးသားခွင့်ရှိကြောင်း၊ သို့ရာတွင် နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးအပေါ် ထိလွယ်ရှလွယ်ဖြစ်မည့် အကြောင်းအရာများကိုမူ စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ရေးသားရန်ဖြစ်ကြောင်း၊ သတင်းရေးသားရာတွင် ဘက်လိုက်မှုကင်းပြီး မှန်ကန်မျှတစွာ နှစ်ဖက်အမြင်ဖြင့် ရေးသားဖော်ပြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက The Global New Light of Myanmar သတင်းစာတိုက်၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် သတင်းစာတိုက်၏ မူဝါဒများ၊ သတင်းခန်းနေ့စဉ်လည်ပတ်မှုနှင့် သတင်းစာဖြန့်ဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး စာတည်းအဖွဲ့ဝင်များကလည်း တစ်ဦးချင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးသည်။

**(သတင်းစဉ်)**

## ဗုဒ္ဓဝင်နှင့်(၃၈)ဖြာ မင်္ဂလာစာမေးပွဲ ထူးချွန်စွာအောင်မြင်သူများ ဆုနှင်းသဘင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၃**

(၆၇)ကြိမ်မြောက်ဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာစာမေးပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွက်ကျင်းပခဲ့ပြီး ထူးချွန်စွာအောင်မြင်သူများကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် (YMBA) မင်္ဂလာခန်းမ၌ ဆုနှင်းသဘင်ပွဲ ကျင်းပမည်ဖြစ်၍ မင်္ဂလာပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးနေသည့် ဆရာတော်၊သံဃာတော်များ၊ မင်္ဂလာအကျိုးဆောင်ပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ ဆုရမင်္ဂလာမောင်မယ်များ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။


ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA) အသင်းကြီးသည် ၁၉၄၈ ခုနှစ်မှစ၍ လွတ်လပ်ရေးနေ့ကို မင်္ဂလာတရားတော်နှင့်ကြိုဆိုလျက် နှစ်စဉ် ဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာတရားတော် စာမေးပွဲများကျင်းပခဲ့ပြီး ဆုနှင်းသဘင်ပွဲများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မရပ်၊ တောင်ကျောင်းလမ်း၊ အမှတ် (၃၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏ အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏အလံကို ကန့်ကွက်လိုကယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုးတက်ဖွံ့ဖြိုးဖို့ ပြည်သူ့အား အများကြီးလိုပါသည်

ဒေါက်တာမောင်အောင်

ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ပြည်သူတို့၏ မျှော်လင့်ချက်များအနက် အဘက်ဘက်မှ နိမ့်ကျနေသည့် လူမှုစီးပွားရေးဘဝများ မြင့်တင်နိုင်ရေး၊ တစ်နည်းအားဖြင့် အများပြည်သူအကျိုးပြုစေမည့် တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာရန် အလိုလားဆုံးဖြစ်သည်။ ထို့အတွက် နိုင်ငံတော်အကြီးအကဲမှ ပြည်သူတို့၏ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်း ပြောကြားခဲ့ပြီး ဖြစ်သည်။ ထို့အတူ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ အမြစ်တွယ်ခိုင်ခံ့ရေး၊ ပြည်သူ့သဘောထားနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတို့ကိုလည်း အစိုးရသစ်အနေဖြင့် အခြေခံမူများဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပြီး ဖြစ်ပါသည်။

အစိုးရသစ်အနေဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်များ၊ အိပ်မက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးဆုံးမှာ ပြည်သူ့အားပင်ဖြစ်သည်။ ရွေးချယ်တင်မြှောက်ရုံနှင့်မပြီးဘဲ ပြည်သူများအနေဖြင့် ကဏ္ဍတိုင်းတွင် အပြုသဘောဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထူးပြုမည်ဆိုလျှင် ဈေးကွက်စီးပွားရေးစနစ်ဖြစ်၍ နိုင်ငံ့စီးပွားရေးကို ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် အများပြည်သူတို့ကသာ အဓိကလုပ်ဆောင်ရမည်ဖြစ်သည်။

အစိုးရသစ်အနေဖြင့် စီးပွားရေးပေါ်လစီများ၊ မဟာဗျူဟာများ၊ လက်တွေ့အစီအမံများ ချမှတ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိမည့် ဥပဒေများ၊ နည်းဥပဒေများ၊ အဖွဲ့အစည်းများ တည်ထောင်စေခြင်း၊ စီးပွားရေးပတ်ဝန်းကျင်ကောင်း ဖန်တီးပေးခြင်းနှင့် အဆင်ပြေချောမွေ့စေရန် လုပ်ဆောင်ပေးခြင်း၊ နည်းပညာ၊ ဘဏ္ဍာရေးပံ့ပိုးမှု၊ ဈေးကွက်သစ်များရရှိစေအောင် လုပ်ဆောင်ပေးခြင်း၊ လုပ်ငန်းရှင်များအကြား မျှတသည့်ယှဉ်ပြိုင်မှုဖြစ်စေခြင်း စသည်တို့ကိုသာ လုပ်ဆောင်ပေးမည်ဖြစ်ပြီး အများပြည်သူတို့ကသာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အဓိကလုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့ဖြစ်၍ တိုးတက်ဖွံ့ဖြိုးစေရန် ပြည်သူတို့၏ စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်နိုင်မှုအပေါ် မူတည်နေပေသည်။

**မိမိကိုယ်တိုင် စတင်ပြောင်းလဲလိုက်ပါ**

တိုးတက်ပြောင်းလဲလိုသူများအတွက် ပထမဆုံး ပြောင်းလဲရမည့်အချက်မှာ တိုးတက်မှုကို ဖော်ဆောင်မည့် သဘောထားခံယူချက် (mindset) ရှိရေးပင်ဖြစ်သည်။ မှန်ကန်သည့်အသိ၊ မလျှော့သည့် လုံ့လဝီရိယနှင့် ကြိုးစားမှု၊ လက်ရှိဖြစ်ပေါ်နေသည့် တိုးတက်မှုအခွင့်အလမ်းများ ရယူအသုံးချနိုင်ရေးသည် လူတိုင်းအတွက် အလေးထားရမည့် အချက်များဖြစ်သည်။ တိုးတက်မှုအတွက် အသိမှန်ကန်ရေးသည် အထူးအရေးကြီးပြီး ဘယ်လောက်ပင် ခက်ခဲသည်ဖြစ်စေ မမှန်ကန်သည့်နည်းလမ်းများဖြင့် စီးပွားရှာခြင်း၊ အချောင်လိုက်ခြင်း၊ အများကိုထိခိုက်မှု ဝင်ငွေရမည့်လုပ်ငန်းမျိုး ရှောင်ရှားရမည်ဖြစ်သည်။ ပြဿနာတွေ့တိုင်း အပြုသဘောဖြင့် ဘယ်လိုကောင်းအောင် ကြိုးစားလုပ်ဆောင်ရမည်။ မိမိသာမက မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများအား ကောင်းသည့်အကြံဉာဏ်များ၊ လမ်းကြောင်းမှန်သို့ ရောက်စေရန်အတွက်ပါ လမ်းပြကူညီနိုင်ရမည်ဖြစ်သည်။

ကြီးပွားတိုးတက်လိုသူတိုင်း တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်ပြောင်းလဲလာရေး အလေးထားရမည်ဖြစ်သည်။ သူများကိုပြိုင်ရန်မလိုဘဲ မိမိကိုယ်သာ ပြိုင်ရမည်ဖြစ်ကာ "မနေ့ကငါနှင့် ဒီနေ့ငါ" နှိုင်းယှဉ်ပြီး အသိပညာ၊ ဥစ္စာ မည်မျှတိုးတက်ပြောင်းလဲလာမှု ရှိသည့်အချက်နှင့် အကဲဖြတ်ရမည်ဖြစ်သည်။ တစ်နေ့တာကုန်ဆုံးတိုင်း ယခင်က မသိသေးသည့်အသိပညာနှင့်ကျွမ်းကျင်မှု၊ တိုးလာသည့်ဝင်ငွေ၊ ပတ်ဝန်းကျင်သစ်နှင့် မိတ်ဆွေကောင်းစသည်တို့ ရှိရမည်ဖြစ်သည်။ တစ်ဦးချင်းတိုးတက်မှုမှတစ်ဆင့် မိသားစုတစ်စုချင်းတိုးတက်မှု၊ ယင်းမှတစ်ဆင့် တစ်ပြည်လုံး တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**စွမ်းဆောင်ရည်ရှိသည့်ပြည်သူများဖြစ်လာဖို့**

ယေဘုယျအားဖြင့် အသိပညာခေတ် (Knowledge era) တွင် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကို အဓိကပြဋ္ဌာန်းနေသည်မှာ နိုင်ငံသားများ၏ အသိပညာကြွယ်ဝမှုနှင့် ကျွမ်းကျင်တတ်မြောက်မှုပင်ဖြစ်သည်။ မြေ၊ သဘာဝသယံဇာတများ အရင်းအနှီးမည်မျှပင်ရှိစေကာမူ အရည်အသွေးရှိသည့်သူများမရှိလျှင် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုကို မမျှော်လင့်နိုင်ပေ။ ယနေ့ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများတွင်လည်း အရည်အသွေးပြည့်ဝသည့် နိုင်ငံသားများလေ နိုင်ငံဖွံ့ဖြိုးလေဖြစ်သည်။ ထို့အတွက် ပြည်သူအများစု၏ စွမ်းဆောင်ရည်သိသိသာသာ မြင့်တက်လာရေး အထူးအရေးကြီးလာပြီဖြစ်သည်။ လက်ရှိအခြေအနေတွင် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကစိန်ခေါ်နေသည့်အချက်မှာလည်း နိုင်ငံသားများ၏ အသိပညာ၊ ကျွမ်းကျင်မှု အရည်အသွေးနိမ့်ကျနေမှုပင်ဖြစ်သည်။

**ယေဘုယျအားဖြင့် အသိပညာခေတ် (Knowledge era) တွင် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကို အဓိကပြဋ္ဌာန်းနေသည်မှာ နိုင်ငံသားများ၏ အသိပညာကြွယ်ဝမှုနှင့် ကျွမ်းကျင်တတ်မြောက်မှုပင်ဖြစ်သည်။ မြေ သဘာဝသယံဇာတများ အရင်းအနှီးမည်မျှပင်ရှိစေကာမူ အရည်အသွေးရှိသည့်သူများမရှိလျှင် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုကို မမျှော်လင့်နိုင်ပေ။ ယနေ့ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများတွင်လည်း အရည်အသွေးပြည့်ဝသည့် နိုင်ငံသားများလေ နိုင်ငံဖွံ့ဖြိုးလေဖြစ်သည်။ ထို့အတွက် ပြည်သူအများစု၏ စွမ်းဆောင်ရည်သိသိသာသာ မြင့်တက်လာရေး အထူးအရေးကြီး. . . .**

ယခင်အစိုးရလက်ထက် တံခါးဖွင့်လိုက်သည့်အချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာသလို ကုန်သွယ်မှုအခွင့်အလမ်းများလည်း ပိုမိုပွင့်လာမှုများ ရှိခဲ့သည်။ သို့သော် အဆိုပါအခွင့်အလမ်းများ ထိထိရောက်ရောက် အသုံးမပြုနိုင်ခဲ့သည့်အတွက်လည်း မျှော်မှန်းသလောက် တိုးတက်မှုမရခဲ့ပေ။

နိုင်ငံခြားလုပ်ငန်းရှင်များ အမြဲပြောလေ့ရှိသည့်စကားမှာ လူသားအရင်းအမြစ်များစွာရှိသော်လည်း ထိုက်သင့်သည့် ကျွမ်းကျင်မှုမရှိခြင်းပင်ဖြစ်သည်။ သတိပြုရမည့်အချက်မှာလည်း ကြိုးစားမှုရှိပြီး ကျွမ်းကျင်မှုရှိသည့် မြန်မာ့လူငယ်အချို့ နိုင်ငံတကာလုပ်ငန်းကြီးများတွင် မြင့်မားသည့်လစာများဖြင့် ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။ အရည်အချင်းရှိသည့်သူများအတွက် အလုပ်မရှားသည့်ခေတ် ရောက်ရှိနေပြီဖြစ်သည်။

**ဘယ်လိုပြင်ဆင်ကြမလဲ**

အသိပညာကြွယ်ဝသူနှင့် ကျွမ်းကျင်တတ်မြောက်စေရန်အတွက် မည်သို့ပြင်ဆင်ရမည်ဆိုသည့်အချက်က ပို၍အရေးကြီးပါသည်။ တက္ကသိုလ်ဘွဲ့ရများ များစွာရှိသော်လည်း ရှိရမည့်အရည်အချင်း မပြည့်မီခြင်းက လက်တွေ့ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။ ၁၉၆၂ မတိုင်မီ မြန်မာနိုင်ငံ၏ တက္ကသိုလ်ပညာရေးစနစ် နိုင်ငံတကာအဆင့်မီခဲ့သော်လည်း ၁၉၆၂ နောက်ပိုင်း အစမ်းသပ်ခံပညာရေးစနစ်များကြောင့် အဆင့်နိမ့်ကျလာမှုနှင့်အတူ ကျောင်းသားအရေးအခင်းများကြောင့် နယ်အသီးသီးတွင် တက္ကသိုလ်များဖွင့်လှစ်လိုက်သည့်အခါ ဘွဲ့ရများ၏အရည်အသွေးသည် လက်ရှိပြိုင်ဆိုင်မှုပြင်းထန်သည့် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် ဆက်စပ်နေသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် လိုအပ်ချက်များစွာ ရှိနေပြီဖြစ်သည်။

တက္ကသိုလ်ပညာရေးစနစ် စတင်ပြောင်းလဲရန် လုပ်ဆောင်နေပြီဖြစ်သော်လည်း အချိန်စောင့်ရဦးမည်ဖြစ်သည်။ ကျွမ်းကျင်မှု (Skill) အခြေပြုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် လက်တွေ့ကျကျ အမြန်ဆုံးဖြေရှင်းနိုင်သည့် နည်းလမ်းမှာ ကဏ္ဍအသီးသီးအတွက် သက်မွေးပညာသင်တန်း (Vocational Training) များ ရွေးချယ်တက်ရောက်စေခြင်းပင်ဖြစ်သည်။ ယနေ့ခေတ် မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ အခြေခံအင်္ဂလိပ်စာနှင့် ကွန်ပျူတာဘာသာရပ် မဖြစ်မနေ တတ်မြောက်ရမည် ဖြစ်သည်။

အရေးအကြီးဆုံးမှာ မိမိဝါသနာပါသည့် လုပ်ငန်း သို့မဟုတ် မိမိလုပ်ကိုင်နေသည့်လုပ်ငန်းနှင့် ပတ်သက်သည့် သက်မွေးပညာသင်တန်းများ စူးစူးစိုက်စိုက်လေ့လာသင်ကြားရမည်ဖြစ်သည်။ ယခုအခါ ဝန်ကြီးဌာနအသီးသီးမှာ ဖွင့်လှစ်ထားသည့် သက်မွေးသင်တန်းများ၊ NGOs (Non Government Organizations)၊ INGOs များက ဖွင့်လှစ်ထားသည့် သက်မွေးပညာသင်တန်းများရှိနေပြီဖြစ်သလို သင်တန်းများတိုးပွားရေးနှင့် နယ်အနှံ့ဖွင့်လှစ်နိုင်ရန်လည်း ဝိုင်းဝန်းလုပ်ဆောင်ရဦးမည်ဖြစ်သည်။ ထိရောက်သည့် အသိပညာပြန့်ပွားရေးလုပ်ငန်းစဉ်တွင် ဆင့်ပွားသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သင့်ပေသည်။ ယနေ့ခေတ် လုပ်ငန်းတိုင်း ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် လုပ်ငန်းအဆင့်တိုင်း အောက်ခြေမှစ၍ ကိုယ်လုပ်သည့်အလုပ်နှင့်ပတ်သက်သည့် လိုအပ်သော ကျွမ်းကျင်မှု (skill)၊ တာဝန်ယူမှု (responsibility) ရှိရမည်ဖြစ်သည်။

**အချိန်ကိုအကျိုးရှိစွာ ပိုမိုသုံးစွဲရေး**

လူ့ဘောင်လောကတွင် အချိန်သည် ငွေထက်များစွာ တန်ဖိုးရှိပါသည်။ တိုးတက်လိုသည့်လူတိုင်း မိမိအချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ဖို့ အရေးကြီးသည်။ ယခုအခါ smart phone များ လူတိုင်းနီးပါး သုံးစွဲလာနိုင်သည့် အခြေအနေတွင် internet ကိုသုံး၍ အသိပညာတိုးပွားရေးနှင့် နောက်ဆုံးဖြစ်ပေါ်နေသည့် နည်းပညာ၊ ကမ္ဘာ့ဈေးကွက်အခြေအနေ ပြောင်းလဲမှုများ ပိုမိုရယူပြီး မိမိအသိပညာနှင့် လုပ်ငန်းတိုးတက်ရေး ကြံဆလုပ်ဆောင်ရမည်ဖြစ်သော်လည်း အများစုမှာ Facebook စာမျက်နှာများ၌သာ အချိန်ကုန်နေခြင်းနှင့် အထူးသဖြင့်လူငယ်များအတွက် game များတွင် အချိန်များစွာပေးနေခြင်းက တိုးတက်ကြီးပွားရေးအတွက် အဟန့်အတားပင်ဖြစ်နေပြီလားဟု ထင်မှတ်ရပါသည်။

တလွဲဆံပင်ကောင်းနေသည့်ကိစ္စများ လူတိုင်းဆင်ခြင်သုံးသပ်၍ ပြင်ဆင်သင့်ပြီဖြစ်ပါသည်။ လူတိုင်းတစ်နေ့တာအချိန်ကို အလုပ်ချိန်၊ လေ့လာသင်ယူချိန်၊ အနားယူချိန်၊ ကိုယ်လက်လှုပ်ရှားချိန်၊ မိသားစုအချိန်၊ အိပ်စက်ချိန်တို့ စနစ်တကျခွဲခြားသတ်မှတ် လုပ်ဆောင်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ နေ့စဉ်လေ့လာသင်ယူချိန် ထားရှိရမည်ဖြစ်ပြီး၊ သုတစာပေများ ဖတ်ခြင်း၊ သင်တန်းတက်ခြင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သည့်အတတ်ပညာများလေ့လာခြင်း စဉ်ဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။ ကြီးငယ်မဟူ ဘဝတစ်လျှောက်လုံး သင်ယူသည့်စနစ် (life long learning system) ကို လူတိုင်းကျင့်သုံးရန် အချိန်ကျပါပြီ။

**ပိုမိုများပြားလာတော့မည့် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ**

ပြည်သူတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်လက်ထက်တွင် သေချာပေါက်ပြောနိုင်သည့်အချက်မှာ တစ်ကမ္ဘာလုံး၏ပေါင်းစည်းမှု (global integration) အဘက်ဘက်မှ သိသိသာသာတိုးပွားလာတော့မည်ဖြစ်သည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများသာမက အမေရိကန်အပါအဝင် တစ်ကမ္ဘာလုံးနှင့် ကုန်သွယ်ရေး၊ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းကုန်သွယ်ရေး (global supply chain trading)နှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာတော့မည် ဖြစ်သည်။ ထို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ တရားမဝင်ဖွံ့ဖြိုးမှု အကူအညီ (ODA) များ ၊ နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများမှ ချေးငွေများ ပိုမိုဝင်ရောက်လာတော့မည်ဖြစ်သည်။

ထို့အတူ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) စတင်သည့် အချိန်အခါဖြစ်၍လည်း ပွင့်လာသည့်ဈေးကွက်များကြောင့် မြန်မာ့လုပ်ငန်းများအတွက် စိန်ခေါ်မှုအနည်းငယ်ရှိသော်လည်း အခွင့်အလမ်းများက ပိုမိုများသည့်အတွက် ရယူအသုံးပြုနိုင်ရန် အထူးကြိုးစားရမည့်အချိန်ဖြစ်သည်။ ယခုအခါ ယခင်ကထက် ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ အာရှလမ်းမကြီး တစ်စိတ်တစ်ပိုင်းဖြစ်သည့် ဘန်ကောက်မှ ကော့ကရိတ်လမ်းမကြီး၊ (တရုတ်၊ မြန်မာ၊ အိန္ဒိယ) ဆက်သွယ်ရေးလမ်းကြောင်းပေါ်လာပြီဖြစ်၍ ဆက်စပ်နေသည့်ကုန်သွယ်မှုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားနှင့် ဟိုတယ်လုပ်ငန်း၊ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ များစွာပေါ်ထွက်လာပြီဖြစ်သည်။ ထို့ပြင် ယခင်အစိုးရလက်ထက် ကုန်သွယ်မှုလိုငွေပြခြင်း၏ အခြေခံအကြောင်းအရင်းမှာ ရေရှည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရန် ရင်းနှီးကုန်စည်တင်သွင်းမှု ဦးစားပေးခဲ့ခြင်းကြောင့် ယခုအခါ သီလဝါ SEZ နှင့် စက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အချို့ ပြီးစီးလာပြီဖြစ်ရာ အလုပ်အကိုင်နှင့်စီးပွားရေး အခွင့်အလမ်းများ ပိုမိုထွန်းကားလာတော့မည်ဖြစ်သည်။

**အခွင့်အလမ်းတွေ ရယူနိုင်ဖို့အဆင်သင့်ဖြစ်ပြီလား**

ယနေ့ ပြည်သူများကို မေးသင့်သည့်မေးခွန်းပင်ဖြစ်သည်။ နေရာဒေသပေါ်မူတည်၍ အဖြေအမျိုးမျိုးကြားရမည်ဖြစ်သော်လည်း အတော်များများမှာ ပွင့်လင်းလာသည့် အခွင့်ကောင်းများ ရယူမသုံးစွဲနိုင်သေးသည့်အပြင် "သိပ်မသိ" ဟူ၍ အဖြေကိုသာ ကြားနေရဆဲဖြစ်သည်။ အထူးသဖြင့် နယ်များမှလူများ၏ မျက်စိနှင့်နား ပိုမိုပွင့်လာရေးအတွက် အထူးအလေးထားရဦးမည်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့် အခွင့်အလမ်းများ၊ မကြာမီ ပေါ်ပေါက်လာတော့မည့် အခွင့်အလမ်းကောင်း မသိရှိ၍ ကြိုးစားအားထုတ်မှု လျော့နည်းရသည်ဟူသည့် အဖြေကြားရသည့်အခါ စိတ်မကောင်းဖြစ်ရသည်။ ပြည်သူများ အသိတရား နိုးကြားလာစေရန် အထူးကြိုးစားရတော့မည်ဖြစ်သည်။ အခွင့်အလမ်းကောင်းများ လူတိုင်းနားလည်သဘောပေါက်မှ ကြိုးစားလေ့လာအားထုတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်နိုင်မည်ဖြစ်သည်။

အခွင့်အလမ်းများသိပြီဆိုလျှင် နောက်တစ်ဆင့်မှာ အဆိုပါလုပ်ငန်းများအတွက် အခြေခံပြည့်စုံရမည့်အချက်များ သိရှိအောင် ကြိုးစားရမည်ဖြစ်သည်။ လုပ်ငန်းသဘာဝအလိုက် အသေးစိတ်လိုအပ်ချက် ကွဲပြားနိုင်သော်လည်း ယနေ့ခေတ် စီးပွားရေးလုပ်ငန်းတိုင်း ပြည်တွင်းဈေးကွက်ထက် နိုင်ငံတကာဈေးကွက် ရောင်းချမည်ဟူသည့် ခံယူချက်ဖြင့် စံအရည်အသွေး သတ်မှတ်ချက်ပြည့်မီရေး အရေးကြီးဆုံးအချက်ဖြစ်သည်။ ထို့ပြင် အမြဲလိုက်နာရမည့် အချက်များအနေဖြင့် စီးပွားရေးကျင့်ဝတ်လိုက်နာရေး၊ ပိုမိုလေ့လာပြီး ပိုကောင်းအောင်လုပ်ဆောင်ရေး၊ နာမည်ကောင်းရသည်အထိ (brand name) လုပ်ဆောင်ရေး၊ ရေရှည်တိုးတက်မှုအတွက် တစ်ဦးတည်းလုပ်ဆောင်ခြင်းထက် လုပ်ငန်းတူချင်း ပေါင်းစည်းရေး၊

စာမျက်နှာ ၇ သို့ ◆

# ပြည်သူ့နီတိ သင်ရိုးတွေညှိနေပါပြီ

မောင်ကျေးငှူး

မြန်မာနိုင်ငံလွတ်လပ်ရေးရသောအခါ ပါလီမန် ဒီမိုကရေစီနှင့် လိုက်လျောညီထွေသည့် ပြည်သူ့နီတိစာအုပ်များကို ပြဋ္ဌာန်းကာ သင်ကြားသင်ယူခဲ့ကြရပါသည်။ ၁၉၆၂ ခုနှစ်တွင် တပ်မတော်က အာဏာသိမ်းလိုက်သောအခါ ပြည်သူ့နီတိကို ပြည်ဖုံးကားချလိုက်ပေ၏။ "အရင်းလဲတော့ အဖျားထင်းဖြစ်"ကိန်းဆိုက်ခဲ့သည်။

ပညာတန်ဆောင်တည်ထောင်သည့် ဆရာကြီးဦးထွန်းအောင်က ပညာ့ဗိမာန်တည်ဆောက်ရာတွင် အခြားဘာသာရပ်တွေက တိုင်၊ ထုပ်၊ အခင်း၊ အကာ၊ ပြည်သူ့နီတိက ခေါင်မိုးဟူ၍ တင်စားရေးသားခဲ့ဖူး၏။ ပြည်သူ့နီတိစာအုပ်များကို သင်ရိုးမှ နုတ်ပယ်လိုက်သောအခါ ပညာ့ဗိမာန်ခေါင်မိုးကို ဖြုတ်ချရာရောက်သည်။ ခေါင်ကအစ မိုးမလုံသည့်ကိန်းဆိုက်ခဲ့ပါလေ၏။ မဆလခေတ်မှာ အစားထိုးကျင့်သုံးခဲ့သော "ဆိုရှယ်လစ်စာရိတ္တ" မှာလည်း အထမမြောက်ခဲ့ပါ။ မျှော်မှန်းသည့် ဆိုရှယ်လစ်စာရိတ္တဝေးစွ၊ သမားရိုးကျ ရှိရင်းစွဲဘာသာစာရိတ္တပါ ပျောက်ကွယ်ခဲ့ရပေသည်။ "ဖွတ်မရ ဓားမဆုံး" ခဲ့ရသည့်နှယ်။

"When Character is Lost, everything is Lost" ဟူသော အင်္ဂလိပ်ဆိုရိုးစကားအတိုင်း အကျင့်စာရိတ္တပျက်လျှင် အရာရာပျက်စီးသည့်ကိန်းဆိုက်ကာ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရသည်။ တပ်မတော်က အာဏာသိမ်းသဖြင့် အာဏာရှင်စနစ် တစ်ကျော့ပြန်နဝတခေတ် (SLORC) ရောက်ခဲ့ရပြန်လေ၏။

ရှစ်လေးလုံးအရေးတော်ပုံကြီးကို သင်ခန်းစာယူပြီး "မြန်မာ့ကိုယ်ကျင့်လမ်းညွှန်" စာအုပ်ရေးသားထုတ်ဝေခဲ့သည့် စာရေးသူအား အခြေခံပညာဦးစီးဌာန စာရိတ္တနှင့် ပြည်သူ့နီတိကျောင်းသုံးစာအုပ်များပြုစုရေး သင်ရိုးအတွင်းရေးမှူးအဖြစ် ခေါ်ယူတာဝန်ပေးပါသည်။ သင်ရိုးဥက္ကဋ္ဌက ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်ဖြစ်၏။

စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးဘောင်ကို ဤသို့ချမှတ်ပေးသည်။

(၁) ဇာတိမာန်နှင့် မျိုးချစ်စိတ်
(၂) ကိုယ်ကျင့်တရား
(၃) ယဉ်ကျေးမှု
(၄) သန့်ရှင်းကျန်းမာရေး
(၅) တာဝန်နှင့် ဝတ္တရား

ဤဘောင်အတွင်းရေးသားပြုစုခဲ့သော "မူလတန်းပြည်သူ့နီတိ" ဆရာလက်စွဲစာအုပ် အုပ်ရေ (၅၀၀၀၀) ပုံနှိပ်မူ ၁၉၉၃-၁၉၉၄ ခုနှစ်မှစ၍ ထုတ်ဝေပြဋ္ဌာန်းခဲ့ပါ၏။ သစ်မရောက်မီစပ်ကြား ဝါးနှင့်ပေါင်းကွပ်သည်ဟု ဆိုနိုင်ပါ၏။

ထို့နောက် ၁၉၉၄-၁၉၉၅ ပညာသင်နှစ်မှစ၍ လက်နှိပ်စက်မူ ဆရာလက်စွဲ စာအုပ်သုံးအုပ်ကို ဤသို့ ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

(၁) အလယ်တန်းဆင့် ပဥ္စမတန်းမှ အဋ္ဌမတန်း စာရိတ္တနှင့် ပြည်သူ့နီတိ
(၂) အထက်တန်းဆင့် နဝမတန်း --၎င်း ---
(၃) ---၎င်း--- ဒသမတန်း -----၎င်း-----

ငါးနှစ်တာ ပြဋ္ဌာန်းသင်ကြားသင်ယူစေပြီးနောက် ၁၉၉၈ ဖောင်ကြီးပညာရေးနှီးနှောဖလှယ်ပွဲအပြီးတွင် ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ ပြည်သူ့နီတိကို ဖြုတ်ပြီး လောကနီတိကို အစားထိုးခဲ့ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမရေးဆွဲရသေး၍ ပြည်သူ့နီတိကို ဆိုင်းငံ့ထားကြောင်းသိရ၏။ ပဥ္စမတန်းမှ ဒသမတန်းထိ "စာရိတ္တနှင့် လောကနီတိ" ဆရာလက်စွဲစာအုပ်များ တစ်တန်းတစ်အုပ်ပြဋ္ဌာန်းခဲ့ရာ ခြောက်အုပ်ရှိပါသည်။

ယခုမူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပေါ်ပေါက်ကျင့်သုံးနေပြီဖြစ်၍ ပြည်သူ့နီတိကို ပြန်လည် ပွဲထုတ်နေပါပြီ။ အခြေခံပညာကျောင်းများက "စာရိတ္တနှင့် ပြည်သူ့နီတိ" ဟူ၍ ပညာရပ်ဝေါဟာရသုံးပြီး ပထမတန်းမှစ၍ အတန်းလိုက် သင်ရိုးမူကြမ်းကို ညှိနေဆဲ၊ တည်းဖြတ်ဆဲဖြစ်ပါသည်။

ငြိမ်းချမ်းရေးပံ့ပိုးမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Peace Support Fund -PSF) ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Hanmony- CDNH) ကလည်း အခြေခံပညာမူလတန်းအဆင့် ပြည်သူ့နီတိပြဋ္ဌာန်းချက်စာအုပ်များ ပထမတန်းမှ စတုတ္ထတန်းထိ ပေါ်ထွက်နေပြီဖြစ်ပါ၏။ ရောင်စုံသရုပ်ဖော်ပုံများ ဝေဝေဆာဆာထည့်ထား၍ ဆွဲဆောင်မှုရှိပါသည်။ ကျန်အတန်းများ ပုံနှိပ်ဆဲဟုသိရပါ၏။

မူလတန်းအဆင့် သင်ရိုးအညွှန်းဘောင်စီစဉ်ထားပုံ တင်ပြပါရစေ။ ပထမတန်းမှ စတုတ္ထတန်းထိ

(၁) ကျန်းမာရေး
(၂) တာဝန်နှင့်ဝတ္တရား
(၃) လူမှုဆက်ဆံရေး
(၄) သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု
(၅) ပြည်ထောင်စုစိတ်ဓာတ်

ဟူ၍ဖြစ်ပြီး မူလတန်းအထက်ဆင့် တတိယတန်းနှင့် စတုတ္ထတန်းတွင်

(၆) ဘာသာတရားများ မိတ်ဆက်
(၇) လက်တွေ့လုပ်ငန်းများဟူ၍ ထပ်ဖြည့်ပါသည်။

ဘာသာတရားများမိတ်ဆက်တွင် တတိယတန်း၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူ၊ စတုတ္ထတန်း၌ ခရစ်ယာန်နှင့် အစ္စလာမ်တို့ကို အကျဉ်းချုပ်ဖော်ပြထားပါ၏။

CDNH က ထုတ်ဝေပြဋ္ဌာန်းသည့် ပြည်သူ့နီတိစာအုပ်များကို ဘုန်းတော်ကြီးသင် ပရဟိတကျောင်းများ၊ ကျောင်းပြင်ပရောက်ကလေးများ၊ စစ်ဘေးရှောင်စစ်ပြေးဒုက္ခသည်ကလေးများ စသည်ဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် လက်တွေ့စမ်းသပ် သင်ကြားပေးလျက်လည်း ရှိကြောင်း သိရပါသည်။

ဒီမိုကရေစီအစိုးရခေတ်တွင် ပြည်သူလူထုအနေဖြင့် လူ့အခွင့်အရေးနှင့်အညီ ရပိုင်ခွင့်များပိုလာသလို တာဝန်သိသူမှာ တာဝန်တွေပိုရှိ ပိုထမ်းဆောင်ဖို့ လိုလာပါပြီ။ သို့မှသာ နိုင်ငံ့သားကောင်းများ ပီသမည်။ ပြည်သူ့နီတိက ပြည်သူတို့လှမ်းရမည့် လမ်းကြောင်းကို ညွှန်းပြပါလိမ့်မည်။

"တိမ်ဖုံးပါလို့ လမသာ" ဆိုသလို နှစ် ၅၀မျှ ပြည်သူ့နီတိအသိအကျင့်တွေ ကင်းဝေးယိုယွင်းလာသော မြန်မာနိုင်ငံတွင် ပြည်သူ့နီတိအပင်ပြန်လည်အသက်ဝင် ရှင်သန်ဖွံ့ဖြိုးစပြုလာသည်ကို ဝမ်းမြောက်နုမော် သာဓုခေါ်လိုက်ကြပါစို့ဟူ၍--။ ။

**ဒီမိုကရေစီအစိုးရခေတ်တွင် ပြည်သူလူထုအနေဖြင့် လူ့အခွင့်အရေးနှင့်အညီ ရပိုင်ခွင့်များပိုလာသလို တာဝန်သိသူမှာ တာဝန်တွေပိုရှိ ပိုထမ်းဆောင်ဖို့ လိုလာပါပြီ။ သို့မှသာ နိုင်ငံ့သားကောင်းများ ပီသမည်။ ပြည်သူ့နီတိက ပြည်သူတို့လှမ်းရမည့် လမ်းကြောင်းကို ညွှန်းပြပါလိမ့်မည်။**

---

◆ စာမျက်နှာ ၆ မှ

နိုင်ငံတကာလုပ်ငန်းရှင်များနှင့်ပေါင်းစည်းရေးတို့ကို အလေးထားရမည်ဖြစ်သည်။ လုပ်ငန်းတိုင်း နိုင်ငံတကာဈေးကွက် ရောင်းချနိုင်ရန် အရည်အသွေးသတ်မှတ်ချက်၊ စံချိန်စံညွှန်း၊ ငွေပေးချေမှုနည်းလမ်းများ၊ အရောင်းအဝယ်စာချုပ်၊ ကုန်သွယ်မှုအထူးအခွင့်အရေးများကအစ နားလည်ရမည်ဖြစ်သည်။ ယုတ်စွအဆုံး လမ်းဘေးဈေးသည်မှစ၍နိုင်ငံခြားသားများ ဝယ်ယူစားသုံးနိုင်ရန် သန့်ရှင်းမှု၊ သပ်ရပ်မှု၊ ယင်မနားစေရန်ဖုံးအုပ်ထားမှု၊ အချိုမှုန့်ဆိုးဆေး၊ စားအုန်းဆီမသုံးစွဲမှု၊ အစားအသောက်ကို လက်ဖြင့်မကိုင်မှုတို့ကို စ၍လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့အတူ လူငယ်များအနေဖြင့် ယနေ့ပွင့်လင်းလာသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အချိန်အလဟဿ မဖြုန်းတော့ဘဲ စိတ်ဝင်စားသည့် သင်တန်းများတက်ရောက်ကာ တစ်နေ့ထက်တစ်နေ့ အရည်အသွေးပြည့်ဝသည့် လူငယ်များဖြစ်အောင် ကြိုးစားခြင်းဖြင့် ထိုက်တန်သည့်အလုပ်ကောင်းများ မလွဲမသေရရှိနိုင်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိလုပ်ငန်းများ ပိုမိုအောင်မြင်အောင် အထူးကြိုးစားရမည်ဖြစ်သလို တစ်ဖက်မှလည်း အများအကျိုး၊ တိုင်းပြည်အကျိုးပြုမည့် လုပ်ငန်းများကိုလည်း အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ စီးပွားရေးလုပ်ငန်းတိုင်းနှင့် အလုပ်လုပ်သည့်ပြည်သူများ သတ်မှတ်ထားသည့် အခွန်အခကိုလည်း မှန်မှန်ကန်ကန်ဆောင်ခြင်းအားဖြင့် အစိုးရသစ်ကို ဝိုင်းဝန်းကူညီရမည်ဖြစ်သည်။

ပြည်သူ့လိုအပ်ချက်များ များနေသည့်အချိန်တွင် အခွန်ရငွေ ယခုထက် သိသိသာသာ တိုးတက်လာမှသာ အစိုးရသစ်အနေဖြင့် အများဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ လုပ်ငန်းကြီးများအနေဖြင့် Corporate Social Responsibility CSR ဟုခေါ်သည့် လူမှုရေးတာဝန်ယူမှုများ ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ယခုအခါ မမျှော်လင့်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါတွင်လည်း အတတ်နိုင်ဆုံး အစိုးရနှင့် ပူးပေါင်းဝိုင်းဝန်းကူညီပေးရမည်ဖြစ်သည်။ ထို့ပြင် လူ့ဘောင်လောက၏ စည်းမျဉ်းစည်းကမ်းများနှင့် တည်ဆဲဥပဒေများလိုက်နာခြင်းစသည်တို့ဖြင့် အစိုးရသစ်ကို ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။

အစိုးရသစ်အနေဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်များ အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ကြိုးစားမည်ဖြစ်သော်လည်း စွမ်းဆောင်ရည်ရှိသည့် ပြည်သူလူထု၏ တက်ကြွသည့် ပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ မြန်မာ့ဆိုရိုးစကား "လက်သည်ချည်းအားမကိုးပါနှင့်၊ ကိုယ်တိုင်ညှစ်အား ထုတ်မှသာ အဆင်ပြေပါလိမ့်မည်"။ ထို့အတွက် ပြည်သူတိုင်း စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်မြောက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် "ညှစ်အား" ထုတ်ရမည့်အချိန် ရောက်နေပြီဖြစ်ပေသည်။ ။

---

## ကျွန်းစုမြို့နယ်အတွင်းရှိ ရေလမ်းခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစွာသွားလာနိုင်ရေး ညှိနှိုင်းဆောင်ရွက်

**ကျွန်းစု မေ ၁၃**


ကျွန်းစုမြို့နယ်ရှိ ရပ်ကွက်အသီးသီးနှင့် ကတန်ကျွန်းပေါ်ရှိ ကျေးရွာများမှ ခရီးသွားပြည်သူများသည် နေ့စဉ်နှင့်အမျှ ကျွန်းစုမြို့မှ မြိတ်မြို့သို့သွားလာရာတွင် ရေလမ်းခရီးတစ်ခုတည်းကို အားထားသွားလာနေရာ ရေလမ်းခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်စေရေး ရည်ရွယ်ကာ မြိတ်-ကျွန်းစုပြေးဆွဲနေသော ခရီးသည်တင်အမြန်ရေယာဉ်ပိုင်ရှင်များနှင့်ကိုယ်စားလှယ်များ၊ ကျွန်းစု-မြိတ် ကူးတို့လိုင်စင်ဖြင့် ပြေးဆွဲလျက်ရှိသော ကုန်တင်စက်လှေပိုင်ရှင်များ၊ ကျွန်းစုမြို့ ဆိပ်ကမ်းသာယာလှပရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများသည် မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ခရီးသည်တင်အမြန်ရေယာဉ်များအနေဖြင့် ကျွန်းစုမြို့ ခရီးသွားပြည်သူများအတွက် များစွာအထောက်အကူဖြစ်သည်နှင့်အညီ အသက်အန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစွာသွားလာနိုင်ရေးအတွက် သတ်မှတ်လူဦးရေထက် ပိုမတင်ရန်နှင့် ကုန်ပစ္စည်းများတင်ဆောင်ခြင်းမပြုရန် တိတိကျကျလိုက်နာဆောင်ရွက်သွားရန် မြို့နယ်ဆိပ်ကမ်းသာယာလှပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ပြောသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်လဝကဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက အမြန်ရေယာဉ်များပေါ်တွင် မီးသတ်ဆေးဘူး စနစ်တကျချိတ်ဆွဲထားရှိရေး၊ အသက်ကယ်အင်္ကျီများ လူဦးရေအလိုက် တိကျစွာထားရှိရေး၊ နေ့စဉ်လူဦးရေစာရင်းများကွာဟမှုများကို တိကျစွာစာရင်းကောက်ယူရေးများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

ကျွန်းစုမြို့နယ်တွင် အမြန်ရေယာဉ်များ စတင်မပြေးဆွဲမီအချိန်က ကျွန်းစု-မြိတ်ကူးတို့လိုင်စင်ဖြင့် ကုန်တင်စက်လှေများပြေးဆွဲလျက်ရှိရာ ယင်းကုန်တင်စက်လှေများကို ကုန်ပစ္စည်းတင်သူမှအပ အခြားခရီးသည်တင်ဆောင်ခြင်းမပြုရန်၊ ကူးတို့လိုင်စင်ကြေးများကို အမြန်ရေယာဉ်သုံးစီးမှ အချိုးကျ ကျခံစေလိုကြောင်း၊ အမြန်ရေယာဉ်များ စတင်ပြေးဆွဲကတည်းက ကုန်ပစ္စည်းများ တင်ဆောင်မှုလျော့ကျလာ၍ စရိတ်တောင်မကာမိကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**



# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၁၃**

၁။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ ကြက်မွေးမြူရေးအထူးဇုန်အတွင်းရှိ ကြက်ခြံအချို့တွင် ကြက်သေဆုံးမှုနှင့်ပတ်သက်၍ ပြည်တွင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် နမူနာပစ္စည်းများကို စစ်ဆေးခဲ့ရာ $H_5$နှင့် $H_9$ ဗိုင်းရပ်စ်ပိုးများစစ်ဆေးတွေ့ရှိရသဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့များပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ ကနဦးသတင်းပေးပို့ခြင်းနှင့် ဒေသဆိုင်ရာ ရည်ညွှန်းကိုးကားဓာတ်ခွဲခန်းဖြစ်သည့် Australia Animal Health Laboratory (AAHL) သို့ နမူနာပစ္စည်းပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂။ Australia Animal Health Laboratory (AAHL) မှ နမူနာပစ္စည်းများတွင် $H_9N_2$ ဗိုင်းရပ်စ်ပိုးတွေ့ရှိရကြောင်း ၂၇-၄-၂၀၁၆ ရက်တွင် ကနဦးပြန်ကြားခဲ့ပြီး ၁၁-၅-၂၀၁၆ ရက်တွင် $H_5$နှင့် $H_9$ ကို တွေ့ရှိကြောင်း ထပ်မံပြန်ကြားခဲ့ပါသည်။

၃။ ကြက်ငှက်တုပ်ကွေးရောဂါကို ဆောလျင်စွာဖော်ထုတ်ခြင်း၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခြင်း၊ အမြန်ဆုံးအမြစ်ပြတ်စေရန် ဆောင်ရွက်ခြင်းသည် မွေးမြူရေးလုပ်ငန်းတွင် ကြီးမားသောနောက်ဆက်တွဲဆိုးကျိုးများနှင့် ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်နေမှုများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ပါ၍ ၂၀၀၉ ခုနှစ် ကြက်ငှက်တုပ်ကွေးရောဂါ အရေးပေါ် ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များနှင့်အညီ ရောဂါဖြစ်တိရစ္ဆာန်များကို ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ရောဂါကျရောက်ဖြစ်ပွားမှုမရှိသေးသောဒေသများသို့ ရောဂါကူးစက်ခြင်း မရှိစေရန် အောက်ပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်၊ ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်။

(ဃ) ကြက်ငှက်မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက် အသား၊ ဥ စသည်တို့ကိုသေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များပုံမှန်မဟုတ်သော ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နှစ်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှုနှင့် အနုပညာအမျိုးသားကော်မရှင်တို့အကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ ကော်မရှင်ဥက္ကဋ္ဌ Hon. Felipe M. De Leon Jr. က နှစ်နိုင်ငံ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ပထမဦးစွာ ကျေးဇူးတင်စကားပြောကြားပြီး သဘောတူစာချုပ် လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။




အခမ်းအနားသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ ကော်မရှင်ဥက္ကဋ္ဌ Hon. Felipe M. De Leon Jr.၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒာမွန်း၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သစ်အချောထည်စက်ရုံ၏ အလုပ်သမားရေးရာအငြင်းပွားမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် Myanmar Veneer & Plywood Private Ltd သစ်အချောထည်စက်ရုံ အလုပ်သမားများ ဆန္ဒပြမှုနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် သုံးကြိမ်တိုင် အလုပ်သမား၊ အလုပ်ရှင်နှင့်အစိုးရပါဝင်သည့် အလုပ်သမားခုံသမာဓိအဖွဲ့က ဖိတ်ကြားတွေ့ဆုံစေကာ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားခုံသမာဓိအဖွဲ့၏ ရှင်းလင်းချက်နှင့် ခုံသမာဓိကောင်စီ၏ ဖြေရှင်းချက်များ ထုတ်ပြန်ထားပြီး အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆက်လက်ချီတက် ဆန္ဒပြပါက သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက ဆန္ဒပြအလုပ်သမားများနှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။

အလုပ်သမားများအကျိုးကို ရှေးရှု၍ ဥပဒေပါ ရပိုင်ခွင့်များရရှိရေး ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့ဆောင်ရွက်နိုင်သည်ထက် လူမှုရေးအပိုင်းကိုပါကြည့်ပြီး အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်ချပြီးသော်လည်း နှစ်ဖက်ပြေလည်စေရန် အလုပ်သမား၊ အလုပ်ရှင်၊ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြား၍ စေတနာထား စေ့စပ်ညှိနှိုင်းပေးခဲ့ကြောင်း၊ သို့သော်လည်း ဆန္ဒပြနေသည့် အလုပ်သမားများဘက်က လမ်းစရိတ်မရှိဟု အကြောင်းပြ၍ တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး ယခုအချိန်တွင် ဆက်လက်ဆန္ဒပြ ချီတက်နေကြကြောင်း၊ အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းမှုမရှိဘဲ ဆက်လက်ဆန္ဒပြနေပါက သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများကတရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လာနိုင်ကြောင်း ဦးဝင်းရှိန်က ပြောကြားသည်။



ထို့ပြင် ဆန္ဒပြအဖွဲ့မှ အလုပ်သမား ၁၂၈ ဦးအနက် အမျိုးသမီးအလုပ်သမ ၅၆ ဦးအား အလုပ်ပြန်လည်ခန့်အပ်ပေးရေးနှင့် ကြားကာလ လျော်ကြေးငွေတစ်လစာ ပေးအပ်မည်ဟု အကြောင်းပြန်စာရရှိထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောသည်။

အလုပ်သမားများအား ၎င်းတို့နှင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများကို သိရှိနိုင်ရန်အတွက် အသိပညာပေးခြင်းများ ပြုလုပ်ပေးနိုင်ပါရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) အကြီးအကဲက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ခုံသမာဓိ၏ ဖြေရှင်းချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mol.gov.mm တွင် ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်သံအမတ်ကြီးမှ ရိုဟင်ဂျာဟု သုံးစွဲခြင်းကို မန္တလေးဒေသခံ ၅၀၀ ခန့်က ကန့်ကွက်ဆန္ဒဖော်ထုတ်

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံအတွင်းနေထိုင်သည့် ဘင်္ဂါလီများကို ရိုဟင်ဂျာဟု အမေရိကန်သံအမတ်ကြီးက သုံးစွဲပြောဆိုခဲ့ခြင်းအပေါ် ကန့်ကွက်သည့်အနေဖြင့် မန္တလေးဒေသခံ ၅၀၀ ခန့်သည် မေ ၁၃ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ်၊ နန်းရှေ့ဘောလုံးကွင်းတွင်စုဝေးကာ မြို့တွင်းသို့လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အရင်အစိုးရလက်ထက်က ရိုဟင်ဂျာ မရှိကြောင်း ပြတ်ပြတ်သားသားထုတ်ပြန်ခဲ့တယ်။ အခုအစိုးရလက်ထက်မှာလည်း ပြတ်ပြတ်သားသား ကမ္ဘာသိအောင် ကြေညာပေးဖို့ ဆန္ဒပြတာပါ ဟု" ဆန္ဒဖော်ထုတ်ပွဲပါဝင်သူ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

ဆန္ဒဖော်ထုတ်ရာ လမ်းတစ်လျှောက် ကြွေးကြော်ကြရာတွင် "မြန်မာ့သမိုင်းတွင်မရှိသော ရိုဟင်ဂျာဖန်တီးသူဒို့ရန်သူ။ သမိုင်းလိမ် ခိုးဝင်ဘင်္ဂါလီများကို ရိုဟင်ဂျာဟု ခေါ်ဝေါ်သုံးစွဲ သူဒို့ရန်သူ။ သမိုင်းလိမ်ခိုးဝင်ဘင်္ဂါလီ အရေးဖြေရှင်းပေး။ အမေရိကန်သံရုံးရဲ့ရိုဟင်ဂျာကြေညာချက် ချက်ချင်းဖျက်။ ခိုးဝင်ဘင်္ဂါလီအရေးကိစ္စသည် မြန်မာတိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်"စသည်တို့ကြွေးကြော်ခဲ့ကြသည်။

"လူမျိုး ၁၃၅ မျိုးဆိုတဲ့ မြန်မာ့သမိုင်းမှာမပါဝင်ဘဲ တိုင်းပြည်ကို ခိုးဝင်လာတဲ့ ဘင်္ဂါလီတွေကို ရိုဟင်ဂျာလို့ခေါ်ဝေါ်သုံးစွဲနေတဲ့အပေါ် လက်ရှိအစိုးရနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက မရှိကြောင်း တရားဝင်ကြေညာချက်ထုတ်ပြန်ပေးဖို့ပဲ။" ဟု ဝံသာနုရက္ခိတစနေလူငယ်အသင်းမှ ကိုပြည့်ဖြိုးအောင်က ပြောသည်။

အဆိုပါဆန္ဒဖော်ထုတ်ရာတွင် မျိုးချစ်အဖွဲ့ပေါင်းစုံပါဝင်ပြီး သံဃာတော်များလည်းပါဝင်ကာ မန္တလေးမြို့၊ ရန်ကုန်မြို့၊ တောင်ကြီး၊ မိတ္ထီလာ၊ ရွှေဘိုမြို့တို့မှ မျိုးချစ်အဖွဲ့များပါဝင်ပြီး ဝံသာနုရက္ခိတစနေလူငယ်အသင်းမှ ဦးဆောင်ခဲ့ကြောင်း သိရသည်။

ရဟန်းပျိုများသမဂ္ဂအဖွဲ့ချုပ်မှဆရာတော်ဦးစန္ဒာသီရိက "ဆရာတော်တို့အနေနဲ့ ဒီရိုဟင်ဂျာကိစ္စဆိုတော့ ပါဝင်ရတာပဲ။ ဒါကအနာဂတ်ဘာသာသာသနာအရေးနဲ့ဆိုင်တယ်။ ဒီလိုဆန္ဒဖော်ထုတ်တဲ့အပေါ်မှာ အကြောင်းမထူးရင်ဆက်လက်လုပ်သွားမယ်။ ရိုဟင်ဂျာဆိုတဲ့ တိုင်းရင်းသားမရှိဘူးဆိုတာကို ကမ္ဘာသိအောင် ကြေညာပေးပါ"ဟု မိန့်ကြားသည်။ ဆန္ဒဖော်ထုတ်ပွဲဦးဆောင်သူများသည် အထက်မြန်မာပြည်ရှိ မြို့ကြီးများတွင်လည်း ယခုလိုဆန္ဒဖော်ထုတ်တောင်းဆိုမှုများ ပြုလုပ်ရန် စီစဉ်သွားမည်ဟု ဆိုကြသည်။

**(အောင်ရဲသွင်)**

# ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

နိုင်ငံတိုင်းလိုလိုသည် စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်း အချက်အလက်ကောင်းများ ထွက်ပေါ်လာနိုင်ရန်အတွက် ရရှိလာသည့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများ ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်ရန် စသည့် ခိုင်မာသော စာရင်းအင်းများဖြစ်ရန် လိုအပ်ပါကြောင်း။

ကျန်းမာရေး၊ ပညာရေး၊ သစ်တော၊ မြေယာအသုံးချမှု စသည့် ကဏ္ဍများတွင် နိုင်ငံတော်၊ ပုဂ္ဂလိက၊ သမဝါယမ စာရင်းအင်းများ ကောက်ယူစုစည်း ရရှိနိုင်ရေးအတွက် အားထုတ်ဆောင်ရွက်ရန် လိုအပ်သဖြင့် ခိုင်မာသည့် စာရင်းအင်း အချက်အလက်များ ပေါ်ထွက်လာနိုင်ရန်အတွက် စာရင်းအင်းနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ ဌာနအဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းနှင့် ဆက်စပ်သော ပုဂ္ဂလိကစာရင်းအင်းများကို တာဝန်ယူစုစည်းပေးရန် ဖြစ်ပါကြောင်း။

ထိုသို့ ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်း အချက်အလက်များ စုစည်းပြီး စိစစ်သုံးသပ်အကဲဖြတ်မှု ပြုလုပ်မှသာ မှန်ကန်သည့် စီးပွားရေး၊ လူမှုရေး၊ မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မှာဖြစ်ပါကြောင်း။

စာရင်းအင်း အရည်အသွေးများ စိစစ်ရန် နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်သည့်အတွက် သက်ဆိုင်ရာ စာရင်းအင်းအဖွဲ့များအနေဖြင့် စွမ်းရည်အရည်အသွေး မြှင့်တင်ရန်၊ အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ကိုက်ညီစေရန်နှင့် ခေတ်မီနည်းပညာများဖြင့် စုစည်းတွက်ချက်ထုတ်ပြန်ရာတွင် ထိရောက်မှုရှိစေရန်အတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ပူးပေါင်း၍ နည်းပညာများကို ညှိနှိုင်းရယူ စီစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် စာရင်းအင်းစနစ်နှင့် ထုတ်ပြန်ထားသည့် စာရင်းအင်းစာစောင်များနည်းတူ မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေး ပြည့်ဝစေရေးအတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက်



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း။

အဖွဲ့အစည်းများနှင့် ပြည်သူ စသည်တို့ ပူးပေါင်းပါဝင်နိုင်သည့် Platform တစ်ရပ် ထူထောင်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း။

ယခုအစည်းအဝေးတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု မူဝါဒများချမှတ်ရေးနှင့် ထိရောက်သည့် နှစ်တို၊ နှစ်ရှည် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အလွန်အရေးပါသည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စာရင်းအင်းလုပ်ငန်းစဉ်များ ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသည့် ၁၉၅၂ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့နှင့် ပြည်ပကျွမ်းကျင်မှု အကူအညီရယူကာ နိုင်ငံတကာစံနှုန်းများနှင့်အညီ အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး မူကြမ်းကို လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ မူဝါဒအနှစ်ချုပ်ကိုလည်း အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြန့်ဝေအသိပေးထားပါကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေး စီမံချက်အတွက် လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ကာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်စီးပွားရေးအခြေပြစာစောင်နှင့် နှစ်စဉ်စာရင်းအင်းစာစောင် (၂၀၁၅ခုနှစ်)ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ထုတ်ပြန်နိုင်ခဲ့ပြီး နှစ်စဉ် စာရင်းအင်းစာစောင်(၂၀၁၆ ခုနှစ်)ကိုလည်း ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ KOICA အကူအညီဖြင့် MMSIS Website (www.mmsis.gov.mm) အချက်အလက်ရှာဖွေသူများအတွက် အထောက်အကူဖြစ်စေရန် စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် စာရင်းအင်းလုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်သည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြပြီး စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ထုတ်လုပ်မှုနှင့် ကျန်းမာရေး၊ ပညာရေး၊ သစ်တော၊ မြေယာအသုံးချမှုကဏ္ဍများမှ နိုင်ငံတော်၊ ပုဂ္ဂလိက၊ သမဝါယမစာရင်းအင်းများ ကောက်ယူနိုင်ရေး၊ ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်း စုစည်းအကဲဖြတ်နိုင်ရေး၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ပူးပေါင်း၍ နည်းပညာများရယူနိုင်ရေး၊ စာရင်းအင်းပြုစုသည့် ဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအမျိုးသားအဆင့်မဟာဗျူဟာ(National Strategy for Development of Statistics- NSDS) အကောင်အထည်ဖော်ဆောင်ရေး စီမံချက်အား World Bank, ADB, IMF တို့နှင့် ၂၀၁၆ ခုနှစ် ဇွန်လကုန်တွင် အပြီးသတ်ပူးပေါင်းဆောင်ရွက်ရန်ရှိပြီး (NSDS) ဖော်ဆောင်နိုင်ရေးအတွက် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများ (National Account Statistics)၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့ (Survey Coordination and Statistical Standard)၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများနှင့် မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာစာရင်းအင်းများလုပ်ငန်းအဖွဲ့ (Social and Vital Statistics)၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့ (Agriculture and Rural Sector Statistics)၊ စွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသောစာရင်းအင်းလုပ်ငန်းအဖွဲ့(Energy and Environment Statistics) နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာရင်းများ လုပ်ငန်းအဖွဲ့ (Trade and Investment Sector Statistics) များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**○ မီဒီယာမှ**

နိုင်ငံရေးမှအပြီးအပိုင် ထွက်ခွာပေးရန် ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "အချိန်မရွေးငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးလက်မှတ်ထိုးပါ။ အဲဒီအတွက် အမြဲတမ်းတံခါးဖွင့်ထားပါတယ်။ ကြုံတိုင်းလည်း ပြောနေပါတယ်။ အခုက ပါတီစုံဒီမိုကရေစီစနစ်ကိုသွားနေပါတယ်။ ဒီလိုသွားနေတဲ့အချိန် ဖြစ်ပါတယ်"ဟု တပ်မတော်၏ ငြိမ်းချမ်းရေးအပေါ် သဘောထားကို ပြောသည်။

လက်ရှိ တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးထားကြောင်း၊ အစိုးရ၏ ယန္တရားတစ်ခုခုကို ထိခိုက်လာမည်ဆိုလျှင် တပ်မတော်အနေဖြင့် ဒီအတိုင်းကြည့်နေ၍မရကြောင်း၊ တပ်မတော်သည် ပြည်တွင်း ပြည်ပ အန္တရာယ်များကို ကာကွယ်ရန် တာဝန်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့အား သတ်မှတ်ပေးထားသော နေရာများတွင်သာ နေထိုင်ပါက ဘာမှသွားမလုပ်ကြောင်း၊ သို့သော် သတ်မှတ်ထားသည့် နယ်မြေမဟုတ်ဘဲဝင်လာလျှင် တားရမည့် တာဝန်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားသည်။

တစ်ဖက်နှင့်တစ်ဖက် မိမိတို့၏ အခြေအနေကို နားလည်ရန်လိုကြောင်း၊ ကိုယ့်အခြေအနေကို နားမလည်ဘဲ ကိုယ်လိုချင်သည့် ဆန္ဒတစ်ခုကိုသာ ရှေ့တန်းတင်ပြီးလုပ်နေလျှင် ယခုကဲ့သို့ပြဿနာရှိနေမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်က ထိန်း၍ရကြောင်း၊ သူတို့ဘက်တွင် ယခုပြဿနာများကို မထိန်းနိုင်သေးဘူးဟု မြင်ကြောင်း၊ သူတို့ ထိန်းနိုင်မည်ဆိုလျှင် လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲများ တော်တော်ပျောက်သွားမည်ဟု ယူဆကြောင်း၊ ငြိမ်းချမ်းရေးလိုချင်ကြောင်း၊ တိုင်းပြည်ကို ဒီမိုကရေစီ နည်းလမ်းတကျဖော်ဆောင်သွားနိုင်အောင်သည် တပ်မတော်၏ အလိုလားဆုံးဆန္ဒဖြစ်ကြောင်း။

NCA လက်မှတ်မထိုးသေးသည့်အဖွဲ့များရှိကြောင်း၊ လက်မှတ်ထိုးပြီးနောက်တစ်ဆင့်မှ နိုင်ငံရေးအခွင့်အရေးတောင်းဆို၍ ရမည်ဖြစ်ကြောင်း၊ လက်မှတ်မထိုးဘဲ နိုင်ငံရေးအခွင့်အရေးတောင်းဆိုသည်ကို ပေး၍မရကြောင်း၊ အလားတူ NCA နှင့် လက်မှတ်ရေးထိုးရန် အကျုံးမဝင်သည့်အတွက် TNLA, AA, MNDA အဖွဲ့များသည် လက်နက်စွန့်ရန်၊ လက်နက်နှင့် ငြိမ်းချမ်းရေးလုပ်မည်ကို အာမခံချက်ပေးရန်လိုကြောင်း၊ တိုင်းရင်းသားများ၏ သိက္ခာအပေါ်တွင် မူတည်ပြီး လက်နက်ချပါဟု မပြောကြောင်း၊ လက်နက်စွန့်ပေးပါဟုသာပြောလိုကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ ပြောသည်။

ဘင်္ဂါလီအရေးကိစ္စနှင့်ပတ်သက်၍လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံတွင် ရိုဟင်ဂျာဆိုတာ မရှိကြောင်း၊ အတိအလင်းပြောရလျှင် မိမိတို့ တိုင်းပြည်တွင် ရိုဟင်ဂျာ မရှိကြောင်း၊ ဘင်္ဂါလီကတော့ရှိကြောင်း၊ ဘင်္ဂလားဒေသမှ လာသူများကို လွယ်လွယ်ကူကူ ဘင်္ဂါလီဟုခေါ်ခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်များက ဘင်္ဂလားနယ်မှ လူများကို အကြောင်းအမျိုးမျိုးဖြင့် ခေါ်လာခြင်းဖြစ်ပြီး သူတို့က ရောက်လိုက်၊ ထွက်သွားလိုက်နှင့် လုပ်ရာမှ ရောက်တာကများပြီး ထွက်သွားသူနည်းသည့်အတွက် တဖြည်းဖြည်းနှင့် များလာခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ တွေ့ဆုံပွဲ၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခုနှစ်အတွင်း ပင်စင်ယူရန် အစီအစဉ် ရှိ မရှိ မေးမြန်းမှုအပေါ် "လုပ်နိုင်တဲ့ကာလအထိ တပ်မတော်မှာပဲ ဆက်ပြီးလုပ်သွားမယ်လို့ ဆန္ဒရှိပါတယ်။ ပင်စင်ယူဖို့ အစီအစဉ် မရှိသေးပါဘူး"ဟု ပြန်လည်ဖြေကြားခဲ့သည်။ **( မျိုးမြင့် -ကျော်သူထက် )**

# မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများမှ ကိုယ်စားလှယ်များ ကိုရီးယားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မေ ၁၃**

အာရှနှင့် သမုဒ္ဒရာဒေသရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကိုယ်စားပြု IT Industry အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော Asian Oceanian Computing Industry Organization (ASOCIO)၏ Associate Member ဖြစ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးခွန်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦး၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးခိုင်ဝင်း၊ အလုပ်အမှုဆောင် ဒေါက်တာမျိုးနိုင်နှင့် ဦးမျိုးမင်းဦးတို့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မေ ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် ASOCIO Plenary Meeting 2016 သို့ တက်ရောက်ရန် မေ ၁၃ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း (၄၂)ကြိမ်မြောက် ASOCIO Council အစည်းအဝေး၊ ASOCIO General Assembly နှင့် ASOCIO ICT Summit 2016 အား မြန်မာနိုင်ငံတွင် လက်ခံကျင်းပနိုင်မည့် အစီအစဉ်များကို တင်သွင်းရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ပထမအကြိမ် တရုတ်နိုင်ငံအဆင့်မြင့်ပညာရေးပြပွဲ ကျင်းပ

**မန္တလေး မေ ၁၃**

ပထမအကြိမ် တရုတ်နိုင်ငံအဆင့်မြင့်ပညာရေးပြပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ လမ်း (၃၀)×(၈၂) လမ်းနှင့် (၈၃) လမ်းကြားရှိ ဖူချင့်နိုင်ငံတကာဘာသာစကားစင်တာ၌ကျင်းပရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးပိုမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဖူချင့်ကွန်ဖြူးရှပ်စင်တာမှ ကျောင်းအုပ်ကြီး ဦးထွန်းနိုင်က ပြပွဲအကြောင်း ရှင်းလင်းတင်ပြကာ တရုတ်နိုင်ငံ အဆင့်မြင့်ပညာရေးပြပွဲများကိုယ်စား ကွမ်ရှီးဆေးတက္ကသိုလ်မှ ပါမောက္ခ မစ္စတာ ရှီးက ကျေးဇူးတင်စကားပြောကြားသည်။ တရုတ်နိုင်ငံအဆင့်မြင့်ပညာရေးပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နာမည်ကျော်တက္ကသိုလ်ကြီး ၁၂ ခုမှ ပညာရေးပြခန်းများဖွင့်လှစ်ကြပြီး မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ပေကျင်းသစ်တောတက္ကသိုလ်၊ ရှန်ဟိုင်းပိုလီတက္ကသိုလ်၊ ကွမ်ရှီးဆေးတက္ကသိုလ်၊ တုန်းနန်တက္ကသိုလ်၊ အမ်းဟွေးတက္ကသိုလ်အပါအဝင် တက္ကသိုလ် ၁၂ ခုမှ သစ်တော၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ ဘာသာစကားနှင့် သင်ယူလေ့လာနိုင်သော ဘာသာရပ်ပေါင်းများစွာကို နိုင်ငံတကာအဆင့်မီ လေ့လာသင်ယူနိုင်မည်ဖြစ်ပြီး ပညာတော်သင်ဆုများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

(၀၀၂)



# ကျွမ်းကျင်မှုအခြေပြု ကာလတိုနည်းပညာနှင့်သက်မွေးပညာသင်တန်းများ သင်တန်းကြေးအခမဲ့နှင့် နေထိုင်ရန်အဆောင်များ စီစဉ်ပေးထား

**နေပြည်တော် မေ ၁၃**

နည်းပညာနှင့် သက်မွေးပညာဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသည့် လုပ်သားအင်အားတစ်ရပ် စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးသည် နိုင်ငံ၏ လူမှု၊ စီးပွားရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအရေးကြီးပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်း၍ ကျွမ်းကျင်မှုအခြေပြု ကာလတိုနည်းပညာနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ဆက်လက်၍ နည်းပညာနှင့် သက်မွေးပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် တွေ့ကြုံရသည့် အဓိက စိန်ခေါ်မှုတစ်ရပ်မှာ ဒေသအလိုက် ကျွမ်းကျင်သည့် လုပ်သားအင်အား လိုအပ်ချက်ပင်ဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ပူးပေါင်းပြီး ကျွမ်းကျင်မှုဆိုင်ရာ ကာလတိုသင်တန်းများကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ကာလတိုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Country Director Mr. Winfriend Wicklein က အဆိုပါကျွမ်းကျင်မှုဆိုင်ရာ ကာလတိုသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းများတွင် ပထမအဆင့်အနေဖြင့် အုတ်စီကျွမ်းကျင်သင်တန်း (Bricklaying)၊ သံချည်သံကွေးကျွမ်းကျင်သင်တန်း (Barbending) များ စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလ သုံးလကြာမြင့်မည်ဖြစ်ရာ မူလတန်းအောင် အသက် (၁၈) နှစ်နှင့် အသက် (၄၀) နှစ်အထက် ကျော်လွန်သူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းတစ်ခုစီတွင် သင်တန်းသား သင်တန်းသူ ၁၂ ဦးစီ လက်ခံသင်ကြားပေးလျက်ရှိပြီး သင်တန်းကြေး အခမဲ့နှင့် နေထိုင်ရန်အဆောင်များလည်း စီစဉ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခေတ်ပြိုင်အိန္ဒိယရုပ်သေးနှင့် မျက်နှာဖုံးတပ်ဖျော်ဖြေပွဲကျင်းပမည်

**ရန်ကုန် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ ပူးပေါင်းကျင်းပသည့် ခေတ်ပြိုင်အိန္ဒိယရုပ်သေးနှင့် မျက်နှာဖုံးတပ်ဖျော်ဖြေမှု ညနေခင်းပွဲတော်ကို မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော အိန္ဒိယပွဲ၏ ကဏ္ဍတစ်ရပ်အဖြစ် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲကို မေ ၁၅ ရက် ည ၇ နာရီမှ ၈ နာရီခွဲအထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ဟိန်းစွမ်းသူ)**



# သဘာဝဘေးသင့်ဒေသများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၃**

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ သဘာဝဘေးအန္တရာယ်များဖြစ်ပွား၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် နေရာဒေသများသို့သွားရောက်ကာ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပိတ်ဆို့နေသည့်လမ်းများရှင်းလင်းရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၂ ရက်က မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် အမှတ်(၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ပြန်လည်တည်ဆောက်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# တောင်သာမြို့နယ် အုပ်ရှစ်ပင်ကျေးရွာ၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**တောင်သာ မေ ၁၃**

တောင်သာမြို့နယ်တွင် မေ ၁၂ ရက် ညပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဇဂျမ်းကျေးရွာအုပ်စု အုပ်ရှစ်ပင်ကျေးရွာ(အင်ကြင်းသာတောတိုက်)တွင် လူနေအိမ်ခြောက်လုံး



ပြိုကျခဲ့ပြီး ၁၈ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ကာ ချောင်ဆုံ(န)ကျေးရွာတွင် လူနေအိမ်တစ်လုံး ပြိုကျခဲ့ပြီး လူနေအိမ်လေးလုံး အမိုးလန်ခဲ့သည်။ အောင်သာကျေးရွာအုပ်စု အောင်သာကျေးရွာတွင် လူနေအိမ် သုံးလုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ အရာတော်ကျေးရွာအုပ်စု မင်းလှကျေးရွာတွင် လူနေအိမ် ခြောက်လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ သပြေဝကျေးရွာအုပ်စု ကင်စလုတ်ကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်းတို့ အမိုးများ လေလန်ပျက်စီးခဲ့သည်။

ထို့အပြင် အုပ်ရှစ်ပင်ကျေးရွာနေ ဒေါ်မိုး (၅၁) ၏ သွပ်မိုး၊ အုပ်ကာ ဆောက်လုပ်ဆဲနေအိမ် ပြိုကျပိမိ၍ သေဆုံးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့်အဖွဲ့က အခင်းဖြစ်ရာသို့ ညတွင်းချင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင် (တောင်သာ)**

# အယ်နီညိုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဟောပြော

**မကွေး မေ ၁၃**

အယ်နီညိုရာသီဥတုပြင်းထန်မှုကြောင့် မြန်မာနိုင်ငံဒေသများတွင် အပူရှိန်ဒဏ်ကို ပြင်းထန်စွာခံစားရပြီး ရေတွင်းရေကန်များ ခန်းခြောက်ခြင်း၊ အပူဒဏ်မြင့်မားမှုကြောင့် စိုက်ပျိုးရေး၊ ကျန်းမာရေးကဏ္ဍများတွင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ UNEP က ကူညီပံ့ပိုးပေးသည့် အယ်နီညိုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဟောပြောပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Spectrum Team တို့ ပူးပေါင်းပြီး ယနေ့နံနက် ၈ နာရီက မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာတွင် ကျင်းပသည်။

ဟောပြောပွဲတွင် သစ်တောသစ်ပင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ဟောပြောပြီး အယ်နီညိုအကြောင်း သိကောင်းစရာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဟောပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Spectrum Team တို့ ပူးပေါင်းပြီး အယ်နီညိုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဟောပြောပွဲကို ပြုလုပ်ရခြင်းမှာ ဒေသခံတွေအနေနဲ့ ရာသီဥတုမမှန်မှုကြောင့် စိုက်ပျိုးမှုများ ထိခိုက်ခံစားရမှုများကြောင့် အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးခြင်းဖြစ်သည်။ အယ်နီညိုရာသီဥတု၏ ဆိုးကျိုးများကို ဖြေလျှော့ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဒေသခံများသိရှိနားလည်ပြီး ပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး ရာသီပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေနေနိုင်ရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဒေသခံပြည်သူများနှင့် ပြုလုပ်ရာ ဒေသခံများက မေးမြန်းသည်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Spectrum Team တို့က ပြန်လည်ဖြေကြားကြသည်။ အဆိုပါဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ကျေးရွာများအထိ ပြုလုပ်ပေးခြင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပထမဆုံးခြေလှမ်းဖြစ်ပြီး ဆက်လက်၍ ကျေးရွာများရှိ ဒေသခံပြည်သူများအထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှ ဒေသခံ ၂၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# မြန်မာနိုင်ငံ၌ တတိယအကြိမ် ကျင်းပသော HORECA Bizmatch Fair ပွဲကျင်းပ

**ရန်ကုန် မေ ၁၃**

ထိုင်းနိုင်ငံမှ လာရောက်ကျင်းပသည့် မြန်မာနိုင်ငံ၌ တတိယအကြိမ် ကျင်းပသော စီးပွားရေးဆက်စပ်မှု ပြပွဲတစ်ခုဖြစ်သည့် HORECA Bizmatch Fair အား Chatrium ဟိုတယ်၌ မေ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဒေါ်နော်ပန်းဥ္စာမျိုးက မြန်မာနိုင်ငံတွင် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မှုများ ရှိနေသေးကြောင်း၊ မကြာမီတွင် နိုင်ငံတော်မှ SME Center ဖော်ဆောင်ပေးတော့မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမှ သက်ဆိုင်ရာကုမ္ပဏီများကို ချိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ပွဲမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးနိုင်ရန် လိုအပ်နေသေးကြောင်း ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ပြပွဲလာ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးနေလင်းက “အခုနောက်ပိုင်း တခြားနိုင်ငံက ထုတ်ကုန်ပစ္စည်းအသစ်လေးတွေလည်း ဝယ်ယူမယ်ဆိုရင် ဝယ်ယူလို့ရသွားတယ်။ သုံးစွဲသူတွေအတွက်လည်း ရွေးချယ်စရာပိုမိုများပြားလာတာပေါ့။ ဒုတိယအကြိမ်ပြုလုပ်ခဲ့တဲ့ပွဲတုန်းကတော့ ကျွန်တော်တို့အသင်းကလည်း ဦးစီးပြီး ပြပွဲပြိုင်ပွဲလေးတွေ လုပ်ခဲ့ပါသေးတယ်။ သူတို့ရောင်းတဲ့ဈေးနှုန်းကလည်း နည်းမယ်၊ ဒီဘက်က ဖြန့်ချိရောင်းချမယ့်သူကလည်း အမြတ်အစွန်းသိပ်မယူထားဘူးဆိုရင် ဝယ်ယူရာမှာ အဆင်ပြေလောက်ပါတယ်။ နောက်ပြီးပစ္စည်းတွေကို သူတို့နိုင်ငံမှာ ကိုယ့်ဘာသာကိုယ်တိုက်ရိုက်သွားဝယ်ယူမယ်ဆိုရင် ဒီထက်မက ကုန်ကျစရိတ်များပါတယ်။ ဒီလိုတိုက်ရိုက်ဝယ်ယူတော့ သက်သာတာပေါ့။ အခုဆိုအခြားနိုင်ငံတွေကလည်း ကျွန်တော်တို့နိုင်ငံကို တော်တော်စိတ်ဝင်စားလာကြပြီး ပစ္စည်းတော်တော်များများကို လာရောက်ပြသကြတာဆိုတော့ ပြည်သူတွေအတွက် ရွေးချယ်ရာမှာ အခွင့်အလမ်းတွေ အများကြီးရလာပါတယ်”ဟု ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဧပြီလက ထိုင်းနိုင်ငံမှ ပထမအကြိမ် လာရောက်ကျင်းပခဲ့သော ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၃၀၀ ဝန်းကျင် ပြသခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီက ဒုတိယအကြိမ် လာရောက်ကျင်းပခဲ့သော ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၄၅၀ ကျော်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း HORECA Bizmatch Fair မှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ(စိုးဝင်း-MLA)**



# ဖျာပုံ JICA ရေပေးဝေရေးစီမံကိန်း မိုးမကျမီပြန်စမည်

**ဖျာပုံ မေ ၁၃**

တာဝန်ယူတည်ဆောက်နေသည့်ကုမ္ပဏီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ ညှိနှိုင်းဆွေးနွေးမှုအရ ဖျာပုံမြို့ JICA ရေပေးဝေရေးစီမံကိန်းတွင် Clear Water Tank Structure ပြောင်းလဲတည်ဆောက်မှုလုပ်ငန်းများအား မိုးမကျမီ မေ ၁၃ ရက်မှစပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့အတွက် မြို့နယ်စည်ပင်သာယာကော်မတီမှ ဂျပန်နှစ်ရှည်ချေးငွေ (ODALoan) ဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးစီမံကိန်း လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေမှု မေ ၁၂ ရက်က ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာနှင့် တာဝန်ရှိသူများက ဖျာပုံမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Diamond Wall ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် Clear Water Tank Structure ၌ သံချောင်းဆိုက် မီလီမီတာ ကွာဟသုံးစွဲခဲ့ပြီး တန်ချိန်ပိုမိုသုံးစွဲအသုံးပြုထားခြင်းကို ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မိမြို့ဖများက ငှားရမ်းထားသော ပြည်ပအရည်အသွေးစစ်ဆေးရေး QC အဖွဲ့မှ စစ်ဆေးတွေ့ရှိပြီး စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ လူမှုရေးအသင်းအဖွဲ့များထံ တင်ပြထားခဲ့သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက တွေ့ဆုံဆွေးနွေးမှုများအရ JICA Expert Team မှ ပြောင်းလဲပြင်ဆင်ပေးမည့် ပုံစံ (Design) အတိုင်း Diamond Wall ကုမ္ပဏီမှ ပြင်ပအရည်အသွေးစစ်ဆေးရေး QC အဖွဲ့ထံ အမြန်ဆုံးတင်ပြခဲ့ပြီး ညှိနှိုင်းသဘောတူအောင်မြင်မှုများအရ မေ ၁၃ ရက်မှစ၍ မိုးမကျမီ အလျင်အမြန်ကြိုးစား၍ တည်ဆောက်မှု ရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**(ချမ်းသာ)**



# သူငယ်တန်း(KG)သင် ဆရာ ဆရာမများ သင်တန်းပေးရေးဆင့်ပွားသင်တန်းဆင်း

**နေပြည်တော် မေ ၁၃**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်ကျင့်သုံးတော့မည်ဖြစ်သည့် (KG)စနစ်ကိုသင်ကြားပို့ချပေးကြမည့် ဆရာ၊ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ဆရာဆရာမများ၏ တေးသရုပ်ဖော်ကဗျာဖြင့် လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့လူငယ်တစ်ခန်းရပ်ပြဇာတ်ဖြင့်လည်းကောင်း၊ ပန်းပျိုးသူသီချင်းဖြင့်လည်းကောင်း၊ အလျှုပွဲကဗျာဖြင့်လည်းကောင်း တေးသရုပ်ဖော်သီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုဆုများကို ချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အဆင့် သူငယ်တန်း(KG)သင် ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး ဆင့်ပွားသင်တန်းကို ဧပြီ ၂၆ ရက်မှ မေ ၁၀ ရက်အထိ ဆရာ ဆရာမ ၁၇၃ ဦးကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# ဈေးချောင်း မြောင်းမကြီးအား ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ဝါးခယ်မ မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဈေးရပ်ကွက်နှင့် ရေကျော်ရပ်ကွက်ကြားရှိ ဈေးချောင်းမြောင်းမကြီးအား ရေစီးရေလာကောင်းမွန်ရေး စွန့်ပစ်အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းအား မေ ၁၃ ရက် နံနက် ၇ နာရီက ပြုလုပ်ကြကြောင်း သိရသည်။



အဆိုပါဈေးချောင်းသည် မြောင်းထဲတွင် စွန့်ပစ်အမှိုက်များကြောင့် ရေစီးရေလာကောင်းမွန်မှုမရှိခြင်း၊ ဈေးရပ်ကွက်၊ ရေကျော်ရပ်ကွက်၊ ကျုံစိန်ကျေးရွာအုပ်စုအထိ စပ်ဆက်လျက်ရှိရာ ပြည်သူများ၏ ကျန်းမာရေးအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မိုးမကျမီ ရေစီးရေလာ ကောင်းမွန်အောင် စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက ကြီးကြပ်ကာ ဝန်ထမ်းများက ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဈေးသူ ဈေးသား၊ ပြည်သူများအနေဖြင့် စွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စွန့်ပစ်အမှိုက်များအား သိမ်းဆည်းပေးခြင်းဖြင့် အဆိုပါဈေးချောင်းမြောင်းမကြီးအမှိုက်များကင်းရှင်းကာ ရေစီးရေလာကောင်းမွန်လာမည်ဖြစ်ကြောင်း ပြည်သူတစ်ဦးက ပြောသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

◆◆

# ပြောင်းရွှေ့လယ်မြေများအတွက် တစ်ဧက ကျပ်သိန်းတစ်ရာနှုန်းဖြင့် မြေတန်ဖိုးငွေပေးအပ်

**သံတွဲ မေ ၁၃**

သံတွဲမြို့နယ် တရော်တောကျေးရွာ ပြောင်းရွှေ့ရာတွင် ပါဝင်သည့်လယ်မြေများအတွက် မြေတန်ဖိုးထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပရာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က မြေတန်ဖိုးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြေတန်ဖိုးထောက်ပံ့ငွေများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ကွင်းအမှတ်(၁၇၃)ရှိ တောင်သူ ၁၄ ဦးပိုင်ဆိုင်သည့် လယ်မြေဧက ၂၄ ဒသမ ၂၂ ဧကအတွက် တစ်ဧကလျှင် သိန်း ၁၀၀ နှုန်းဖြင့် ၂၄၂၂ သိန်းကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲ၊ လေလံပွဲနှင့် ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးထွက် ဒေသမျိုးသရက် ၃၈ မျိုးဖြင့် သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့တွင် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိသည့် သစ်သီးဝလံ ပြပွဲ၊ ပြိုင်ပွဲ၊ လေလံပွဲနှင့် ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း ကိုယ်စားလှယ်ငါးဦးသည် ဒေသ မျိုးသရက်သီး ၃၈ မျိုးဖြင့် ပြိုင်ပွဲဝင်သွားမည် ဖြစ်ကြောင်း ချောင်းဦးမြို့နယ် ဖရဲသခွားစုဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

"ရန်ကုန်မြို့ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းက ရွှေပုဇွန်ဥယျာဉ်ခြံအတွင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သရက်စိုက်ပျိုးထုတ်လုပ်တဲ့သူတွေ နည်းပညာနဲ့ ဈေးကွက်ရှာဖွေမှုများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျင်းပတာဖြစ်ပါတယ်။ မနှစ်ကလည်း စစ်ကိုင်းတိုင်းထဲက သရက်သီးတွေ သွားယှဉ်ပြိုင်တာ ဆုရရှိခဲ့ပါသေးတယ်"ဟု ဦးစိုးလွင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ၊ မုံရွေး၊ ကြေးမုံ၊ ချောင်းဦး၊ မြောင် စသည့် ဒေသသရက်မျိုး ၃၈ မျိုးဖြင့် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မုံရွေးဒေသထွက် ကျောက်တိုင်၊ ဘိုးအေ၊ နတ်သမီးလက်သည်း (မုံရွေးပန်းဆွဲ)၊ မနော်နွယ်သရက်၊ ဒိုးလုံးသရက်၊ ဘုရင်မလက်သည်းသရက်၊ ရွှေကျေးတစ်ငုံသရက်စသည့် ထူးခြားပြီး ရှားပါးသော ရှေးအဆက်ဆက် သရက်မျိုးများပါဝင်သလို နောက်ပိုင်းကာလများတွင်မှ မျိုးသစ်အဖြစ် တွေ့ရှိစိုက်ပျိုးထုတ်လုပ်နေသော သရက်မျိုးများလည်း ပါဝင်ကြောင်း သိရသည်။ သရက်စိုက်ပျိုးထုတ်လုပ်ရေးပညာရှင်များ၏ ရှာဖွေပြုစုထားချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် သရက်မျိုးပေါင်း ၁၉၈ မျိုး ရှိသည့်အနက် ထူးခြားရှားပါးပြီး ဈေးကွက်ကြိုက်သည့် မျိုးဟောင်း၊ မျိုးသစ်များကို ရှာဖွေစုဆောင်းကာ သွားရောက် ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း မုံရွာနှင့် ချောင်းဦးမြို့နယ် ကျေးရွာများတွင် ဈေးကွက် အဖွံ့ထွားဆုံးဖြစ်သော စိန်တလုံးသရက်နှင့်အတူ ဒေသမျိုးရင်းမျိုးကွဲများကို နှစ်စဉ်စိုက်ချိန်ရာသီတွင် စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ နယ်စပ်မှတစ်ဆင့် ပို့ဆောင်ရောင်းချလျက်ရှိရာ ယခုနှစ်တွင်လည်း သရက်သီးအရများကာ ဈေးကွက်နေရာယူမှု ပိုမိုရရှိနေကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်ပိုင်းက လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီးကျမှုများ နေရာအနှံ့တွင်ဖြစ်၍ မန္တလေးတိုင်းဒေသကြီးအတွင်းမှ သရက်သီးအများစုမှာ ကြွေကျခြင်းများကြောင့် ဈေးကွက်ထိခိုက်မှု သိသာစွာဖြစ်ပေါ်ခဲ့သော်လည်း မုံရွာ၊ ချောင်းဦး၊ မြောင်ဒေသတို့မှ သရက်ခြံပိုင်ရှင်များ သရက်သီးထိခိုက်မှု မရှိသောကြောင့် အဦးအစ ဈေးကွက်တွင်ပင် ဈေးကွက်မျက်နှာပန်းလှခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

○



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၄ - ၅ - ၂၀၁၆ (စနေနေ့)]

### Entertainment Channel

ညပိုင်း

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ လေးတင်ပွဲ (ရာမာယဏဇာတ်) အစီအစဉ်
၆း၅၀ တေးဂီတအစီအစဉ်
၇း၀၀ ကတ်ဆက်ဇာတ်လမ်း "စိန်မျက်ခုံး"
၈း၂၀ တေးဂီတအစီအစဉ်
၈း၃၀ ပခန်းနတ်ပွဲ(အပိုင်း-၂)
၉း၀၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၁၀ အနုပညာမှ ပရဟိတသို့ (အပိုင်း-၁)
၉း၃၀ တေးဂီတအစီအစဉ်
၉း၅၀ မြန်မာရုပ်ရှင် "အမွေဇယား "
၁၂း၀၀ အစီအစဉ်ပြီး၏။

**မွန်းလွဲ(၃း၃၀)-Live:Actor FC Vs Music FC**
**ညနေ(၅း၃၀) Live:Model FC Vs Comedy FC**

**တစ်နေ့(၆)နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "အားကိုးရတဲ့ မိတ်ဆွေများ" တရားတော် (ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၁)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံ၏သစ်အချောထည် လုပ်စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဆိုင်ရာ စက်မှုလုပ်ငန်းပြပွဲကြီး)
၈း၅၅ Drive It
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၉)
၁၀း၀၅ ရန်ကုန်မြင်ကွင်းကျယ် (7 Day Cars မှ ကြီးမှူးကျင်းပတဲ့ RC Drift ကားပြိုင်ပွဲအခမ်းအနား)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့ လက်ရာ
၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၇၇+၇၈)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်ဆိုသည်မှာ (အပိုင်း-၂)]
၅း၃၀ လောကသရဖူအတုလမာရ်အောင် မြတ်စွာဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားနှင့် တန်ခိုးကြီးမား ဓညဝတီစေတီပုထိုးများ [ရသေ့တောင်ခရီးနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ (အပိုင်း-၁)]
၅း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Xiaomi အမှတ်တံဆိပ်ထုတ်ကုန် ပစ္စည်းများစာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနား)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၂)
၇း၂၀ Let's Talk
၇း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်ဆိုသည်မှာ (အပိုင်း-၃)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၀)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၇၉+၈၀)
၁၀း၄၀ Forever Music Tribute အဝေးတစ်နေရာ (အပိုင်း-၃)
၁၁း၂၀ MRTV-4 Stage
၁၁း၄၅ နယ်ဥ်ဆန်းထွင်ပန်းအလှဆင် (မြေအိုး(၂)လုံးအား ပူးတွဲ၍ ပန်းအလှဆင်ခြင်း)
၄း၀၀ World of Knowledge (Mega Food Marina Bay Sands Masterchef)
၄း၄၅ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ (မကွေးမြို့မှ မြသလွန် တန်ခိုးကြီးမား ဘုရားစေတီတော်)

### MWD

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၀ မှတ်တမ်း
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ မြဝတီနေ့စဉ်သတင်း
၁၁း၀၀ English For Myanmar
၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- အိုကေအောရိုက်
ဖြိုးငွေစိုး၊ မိုးဟေကိုနှင့် သရုပ်ဆောင်များ
ဒါရိုက်တာ ကျော်ဇောလင်း
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာအသင်္ချေ အပိုင်း(၆၀)
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဖေဖေကြီးကိုချစ်တယ် အပိုင်း(၂၀)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မြစ်တစ်စင်းရဲ့အလကာ အပိုင်း(၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-အမျိုးသားရေးတေးကဗျာ
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-လူ့ရွှင်တော်စတား
-ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်မျက်ရည်သက်သေတည် အပိုင်း(၂၂)

# စွန့်စားခန်းများပါဝင်သည့် အက်ရှင်ဇာတ်ကားနှစ်သက်သူများ အကြိုက်တွေ့စေမည့် The Huntsman: Winter's War ဇာတ်ကား




ဂျာမန်ဒဏ္ဍာရီပုံပြင် တစ်ပုဒ်ဖြစ်သည့် စနိုးဝိုက်ပုံပြင်ကို အခြေခံရိုက်ကူးထားပြီး အက်ရှင်စွန့်စားခန်းများ ပါဝင်သည့် The Huntsman: Winter's War ဇာတ်ကားသည် ဧပြီ ၂၂ ရက်က အမေရိကန်နိုင်ငံတွင် စတင်ရုံတင်ပြသခဲ့ပြီး ယခုလက်ရှိတွင်လည်း မြန်မာနိုင်ငံရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေဆဲ ဇာတ်ကားတစ်ကားဖြစ်သည်။

ဇာတ်လမ်းအကျဉ်းအနေဖြင့် Snow White ဘုရင်မ၏ နှိမ်နင်းမှုကြောင့် မကောင်းဆိုးဝါးဘုရင်မဖြစ်သူ Ravenna သည် အပြီးသတ်နှိမ်နင်းခြင်းခံခဲ့ရပြီး ၎င်း၏ညီမဖြစ်သူ Freya ac: Ice Queen သည် ဝေးလံပြီး အလှမ်းဝေးနေတဲ့နေရာကို ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး Huntsman ခေါ် တိုက်ခိုက်ရေးသမားတွေကို မွေးထုတ်ပြီး တပ်မဟာတွေ တည်ဆောက်ပါတော့သည်။

အဲဒီ Huntsman တွေထဲမှာ Snow White ဘုရင်မဘေးကနေ Ravenna ကို တိုက်ခိုက်ခဲ့တဲ့ Huntsman ဖြစ်သူ Eric ဆိုသူနှင့် Eric ၏ ချစ်သူမဖြစ်ရအောင် တားဆီးခံထားရတဲ့ Sara တို့နှစ်ယောက်လည်း ပါဝင်နေပါသည်။

Freya ac: Ice Queen သည် အမဖြစ်သူ Ravenna သေဆုံးပြီးတဲ့နောက် သူ၏စစ်သားတွေကို စေလွှတ်ပြီး မှော်ဝင်မှန်ကိုရယူစေခဲ့ပါသည်။ အဲဒီမှော်ဝင်မှန်ဟာ အစွမ်းသတ္တိရှိပြီး မှော်ဆရာအနည်းငယ်သာ ထိန်းချုပ်လို့ရနိုင်တဲ့ မှန်အမျိုးအစားတစ်ခုလည်း ဖြစ်ပါသည်။ Freya သည် ၎င်းမှော်ဝင်မှန်ကို အသုံးချပြီး အမဖြစ်သူကို ပြန်လည်အသက်ရှင်သန်အောင်လုပ်ခဲ့တဲ့ နောက်မှာတော့ ညီအစ်မနှစ်ယောက်၏ အနှောင့်အယှက်အန္တရာယ်တွေဟာ အဆမတန် ကြီးထွားလာခဲ့ပါသည်။ ညီအစ်မနှစ်ယောက်၏ မကောင်းတဲ့ အစွမ်းသတ္တိတွေကို Huntsman ဖြစ်တဲ့ Eric နှင့် သူ၏ချစ်သူ Sara တို့ကသာ ဦးဆောင်ပြီး တားဆီးနိုင်မှာလားဆိုတာကို လျှို့ဝှက်သည်းဖို ရိုက်ကူးတင်ပြထားတဲ့ မှော်အက်ရှင်ဇာတ်ကားတစ်ကား ဖြစ်ပါသည်။

ယင်းဇာတ်ကား ရိုက်ကူးမှုအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၁၅ သန်းရှိခဲ့သော်လည်း မေ ၁၀ ရက်နေ့အထိ စာရင်းဇယားများအရ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၃ သန်းအထိ ဝင်ငွေရရှိနေပြီဖြစ်ကြောင်း သိရသည်။



## The X Factor အဆိုပြိုင်ပွဲ၏ အကဲဖြတ်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့သည့် ရီတာအော်ရာ


နာမည်ကျော် အဆိုပြိုင်ပွဲတစ်ခုဖြစ်သည့် The X Factor မှ အကဲဖြတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရီတာအော်ရာက ယခု season အပြီးတွင် အဆိုပါ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗြိတိန်အဆိုတော် ရီတာအော်ရာက ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် season 12 မှစတင်ကာ ယခုအချိန်ထိ အဆိုပါ ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ နောက်တစ်ကြိမ် season တွင် ပါဝင်ရန်ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

ရီတာအော်ရာသည် The X Factor အဆိုပြိုင်ပွဲတွင် ဆိုင်မွန်ကော်ဝဲလ်၊ ရှယ်ရီဖာနန်ဒက်စဗာစီနီတို့နှင့်အတူ အကဲဖြတ်ဒိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းအဆိုပြိုင်ပွဲတွင် အကဲဖြတ်အဖြစ် တာဝန်ထမ်းဆောင်ရာမှ အတွေ့အကြုံကောင်းများလည်းရရှိခဲ့ပါကြောင်း ရီတာအော်ရာ၏ တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

## တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ဆက်တိုက်ကျင်းပသွားမည့် တေးယွန်

ဖြိုးစန္ဒာမြင့်- စုစည်းသည်



အာရှဒေသတစ်လွှားတွင် ပရိသတ်များအားပေးနှစ်သက်လက်ခံမှု အထူးရရှိထားသည့် တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ Girls' Generation's အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်က ယခုနွေရာသီတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ကျင်းပသွားရန် ပြင်ဆင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တေးယွန်၏ အေဂျင်စီဖြစ်သည့် အက်စ်အမ်အန်တာတိန်းမန့်၏ မေ ၁၂ ရက်က ထုတ်ပြန်ချက်အရ ၎င်းအနေဖြင့် လာမယ့်ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ဆိုးလ်နှင့် ဘူဆန်တို့၌ တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ယခုလက်ရှိအချိန်တွင် အစစအရာရာ ပြင်ဆင်လျက်ရှိကြောင်းနှင့် အသေးစိတ်ကို မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လအတွင်းတွင် ဆိုးလ်မြို့ရှိ Seoul Olympic Hall နှင့် ဩဂုတ်လအတွင်းတွင် ဘူဆန်မြို့ရှိ Busan KBS hall တို့၌ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း အက်စ်အမ်အင်န်တာတိန်းမန့် ထုတ်ပြန်ချက်အရ သိရသည်။

■

# စပါးနည်းပြ ပိုချက်တီနို ၂၀၂၁ ထိ စပါး၌ဆက်ရှိမည့် စာချုပ်သစ်ချုပ်ဆို

ပရီမီယာလိဂ်ကလပ် စပါးအသင်းနည်းပြ ပိုချက်တီနိုသည် လက်ရှိကလပ်အသင်းတွင် ၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။



အသက်(၄၄)နှစ်အရွယ်ရှိ နည်းပြပိုချက်တီနိုကို ၂၀၁၄ ခုနှစ် မေလတွင်းက စပါးအသင်းနည်းပြအဖြစ် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်ပြီး စတင်တာဝန်ယူသည့် ဘောလုံးရာသီမှာပင် စပါးအသင်းအား ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင်လည်း စပါးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၃) နေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိတော့မည်လည်းဖြစ်သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ချန်ပီယံဖြစ်လာခဲ့သည့် လက်စတာစီးတီးအသင်းကိုပင် ဖလားလုဘက်အဖြစ် အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ရာသီကုန်ဆုံးကာနီးရလဒ်ပိုင်း ဆိုးရွားလာခဲ့မှုကြောင့် လက်စတာစီးတီးအသင်းကသာ ပရီမီယာလိဂ်ဖလားချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုသည် အင်္ဂလန်ကစားသမားများဖြစ်ကြသည့် တိုက်စစ်မှူး ဟယ်ရီကိန်း၊ နောက်ခံလူ အဲရစ်ဒိုင်ယာ၊ ကွင်းလယ်ကစားသမား ဒီလီအယ်လ်လီတို့ကဲ့သို့သော လူငယ်ကစားသမားများဖြင့် စပါးအသင်းကို လျင်မြန်သွက်လက်သည့်အသင်းတစ်သင်းအဖြစ် ဖန်တီးနိုင်ခဲ့သူဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးနှင့် လွဲခဲ့ရသော်လည်း စပါးအသင်းအား လာမည့်ရာသီတွင် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးကြိုးပမ်းသွားမည်ဟုဆိုသည်။ ထို့ပြင် လက်ရှိတွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိထားခဲ့ပြီဖြစ်သောကြောင့် ပရီမီယာလိဂ်တွင်သာမက ဥရောပပြိုင်ပွဲများတွင်လည်း အကောင်းဆုံးယှဉ်ပြိုင်နိုင်စွမ်းရရှိအောင် ကြိုးပမ်းသွားမည်ဟုဆိုသည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုသည် လက်ရှိတွင် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားခဲ့ပြီး လာမည့်ဘောလုံးရာသီတွင်လည်း ကစားသမားခေါ်ယူမှုအဖြစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ပေါင်သန်း ၆၀ သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

# ဘိုင်ယန်မှ ထွက်ခွာမည့် ဂေါ့ဇီအား ပေါင်သန်း ၂၀ ဖြင့် လီဗာပူးခေါ်ယူမည်

တိုက်စစ်မှူးဂေါ့ဇီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ဒေါ့မွန်အသင်းကလည်း အသင်း၏ကစားသမားဟောင်း ဂေါ့ဇီအား ဒေါ့မွန်သို့ ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် နည်းပြဂျာဂန်ကလော့၏ လီဗာပူးအသင်းအနေဖြင့် တိုက်စစ်မှူး ဂေါ့ဇီအား အန်ဖီးလ်သို့ အရောက်ခေါ်ယူမည်ဟု ဆိုသည်။ ထို့ကြောင့် လီဗာပူးအသင်းသည် တိုက်စစ်မှူးဂေါ့ဇီအား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ဒေါ့မွန်အသင်းနှင့်အပြိုင် ကြိုးပမ်းရဖွယ်ရှိနေသည်။

တိုက်စစ်မှူး ဂေါ့ဇီသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဂျာမနီအသင်းအား ကမ္ဘာ့ဖလားရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဂေါ့ဇီသည် နည်းပြဂွါဒီယိုလာ၏ လက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် အခက်အခဲကြုံခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ပြီး အသင်းဟောင်းဒေါ့မွန်သို့ ပြန်လည်သွားရောက်ကစားလိမ့်မည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်ခဲ့သည်။



# ပေါင်ဒဏ်ရာရခဲ့သည့် ဒီဘူချီ ယူရို ၂၀၁၆ ပြိုင်ပွဲလွဲချော်မည်



ပြင်သစ်ဗဟိုနောက်တန်းကစားသမား ဒီဘူချီသည် ဘော်ဒိုးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပြင်သစ်ပထမတန်းပွဲစဉ်တွင် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၀)အရွယ်ရှိ ဒီဘူချီသည် အဆိုပါပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ကစားပေးနိုင်ခဲ့သော်လည်း ယင်းပွဲစဉ်အပြီးတွင် ပေါင်ဒဏ်ရာပြဿနာမှာ ပိုမိုပြင်းထန်လာခဲ့ခြင်းကြောင့် လာမည့် ဇွန် ၁၀ ရက်တွင် စတင်ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် လွဲချော်လိမ့်မည်ဖြစ်သည်။

ဒီဘူချီသည် အာဆင်နယ်အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ပြီးနောက် ပြင်သစ်ပထမတန်းကလပ် ဘော်ဒိုးအသင်းသို့ တစ်ရာသီအငှားချထားခြင်းခံခဲ့ရသူဖြစ်သည်။ သို့ရာတွင် ဒဏ်ရာရရှိနေခြင်းကြောင့် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ဘော်ဒိုးအသင်းနည်းပြ ရာမီက ပြောကြားခဲ့သည်။

ဒီဘူချီသည် ပြင်သစ်အသင်း၏ ပြိုင်ပွဲများဖြစ်သည့် ယူရို ၂၀၁၄ ပြိုင်ပွဲနှင့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။ လက်ရှိတွင် ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် ဒီဘူချီအတွက် ၂၀၁၅ စက်တင်ဘာလအတွင်းက ဆားဘီးယားအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်သည် ပြင်သစ်အသင်းနှင့်အတူ နောက်ဆုံးပါဝင်ကစားခဲ့သည့်ပွဲစဉ်လည်း ဖြစ်လာမည်ဖြစ်သည်။

ပြင်သစ်အသင်းနှင့်အတူ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဒီဘူချီပါဝင်လာနိုင်ခြင်းမရှိသော်လည်း လက်စတာစီးတီး ကွင်းလယ်ကစားသမား ကန်တီမှာမူ ပြင်သစ်အသင်းတွင် ပါဝင်လာမည်ဖြစ်သည်။ ထို့ပြင် ပြင်သစ်အသင်း၏ တိုက်စစ်ပိုင်းတွင်လည်း မာရှယ်၊ ဂီရော့ဂ်၊ ပါယက်နှင့် ဂရစ်ဇ်မန်းတို့လည်း ပါဝင်လာမည်ဖြစ်သည်။


ကွင်းလယ်ပိုင်းတွင်မူ ဒီယာရာ၊ ကာဘာရီ၊ ကန်တီ၊ မက်တူဒီ၊ ပေါ့ဘာနှင့် ဆစ်ဆိုကိုတို့ပါဝင်လာခဲ့ပြီး နောက်တန်းခံစစ်ကြောင်းတွင်မူ ဆက်ဂ်နာ၊ ဂျယ်လက်၊ ဒစ်ဂ်နီ၊ အီဗရာ၊ ဗာရာနီ၊ ကိုစီယယ်နီ၊ မန်ဂါလာနှင့် မက်သီရူးတို့ကို ရွေးချယ်ထားခဲ့ကြောင်း သိရသည်။

# အာဆင်နယ်၏ တစ်ပတ်ပေါင် ၂၀၀၀၀၀ ရရှိမည့် ပထမဆုံးကစားသမား အိုဇေးလ်ဖြစ်လာမည်

အာဆင်နယ်အသင်းသည် အိုဇေးလ်အား တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀၀၀၀ ဖြင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုမည်ဖြစ်ရာ အာဆင်နယ်အသင်း၏ တစ်ပတ်ပေါင် ၂၀၀၀၀၀ ရရှိမည့် ပထမဆုံးကစားသမား ဖြစ်လာမည်လည်းဖြစ်သည်။

လက်ရှိတွင်မူ အာဆင်နယ်အသင်းသည် ဂျာမနီကြယ်ပွင့် အိုဇေးလ်အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ အိုဇေးလ်သည် လက်ရှိတွင် တစ်ပတ်လုပ်ခလစာပေါင် ၁၄၀၀၀၀ ဖြင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည် နှစ်နှစ်ကျန်ရှိနေသေးပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ဂိုးဖန်တီးပေးနိုင်မှု ၁၈ ကြိမ်နှင့် သွင်းဂိုး ခြောက်ဂိုးသွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။

အိုဇေးလ်သည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၃၄ ပွဲအထိ ပါဝင်ကစားပေးထားနိုင်ခဲ့သည်။



# အဲဗာတန်အသင်းက မာတီနက်ဇ်အား ထုတ်ပယ်ခဲ့ပြီးနောက် အဲဗာတန်အသင်း၏ နည်းပြသစ် ဘင်နီတက်ဇ် ဖြစ်လာဖွယ်ရှိ

အဲဗာတန်အသင်းသည် နည်းပြရောဘတ်တိုမာတီနက်ဇ်အား နည်းပြအဖြစ် သုံးနှစ်ကြာကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။



နည်းပြမာတီနက်ဇ်၏ အဲဗာတန်အသင်းသည် ပရီမီယာလိဂ်ချန်ပီယံလက်စတာစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် ဆန်းဒါးလန်းအသင်းကိုပါ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဆင့်(၁၂)၌ ရပ်တည်လျက်ရှိသည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အက်ဖ်အေဖလားနှင့် ကတ်ပီတယ်ဝမ်းဖလားပြိုင်ပွဲတို့ တွင် ဆီမီးဖိုင်နယ်အဆင့်နှင့်ပင် ပြိုင်ပွဲကိုနှုတ်ဆက်လိုက်ရသော်လည်း အသက် (၄၂)နှစ်အရွယ်ရှိ စပိန်နိုင်ငံသား နည်းပြမာတီနက်ဇ်အား နည်းပြကောင်းတစ်ဦးအဖြစ် အဲဗာတန်အသင်းက ချီးကျူးခဲ့သည်။

သို့ရာတွင် မာတီနက်ဇ်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် ဆောက်သမ်တန်နည်းပြ ရိုနယ်လ် ကိုးမန်းနှင့် နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်တို့အနက် တစ်ဦးမှာ အဲဗာတန်အသင်းနည်းပြဖြစ်လာနိုင်သည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

လက်ရှိတွင် အဲဗာတန်အသင်းအနေဖြင့် နည်းပြမာတီနက်ဇ်အား ထုတ်ပယ်လိုက်ပြီဖြစ်သောကြောင့် အဲဗာတန်အသင်းနှင့် နော့ဝှစ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ရာသီပိတ်ပြိုင်ပွဲတွင် လက်ရှိအသက် (၂၁)နှစ်အောက်နည်းပြ အန်စဝို့သ်နှင့် အသက်(၂၁)နှစ်အောက်အသင်း နည်းပြဟောင်းဖြစ်သူ ဂျိုးရိုင်ရယ်တို့က တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်-စုစည်းဖော်ပြသည်။

# သီပေါမြို့တွင် တစ်ကျော့ပြန်မိုးသက်လေပြင်းကျရောက် သစ်ပင်အချို့ပြိုလဲ၊ အနိမ့်ပိုင်းနေအိမ်များ ရေနစ်မြုပ်

**သီပေါ မေ ၁၃**

သီပေါမြို့၌ မေ ၁၂ ရက် ညနေ ၃ နာရီခွဲခန့်က တစ်ကျော့ပြန် မိုးသက်လေပြင်းကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးများကျခြင်းတို့ ဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်မှုကြောင့် သစ်ပင်အချို့အမြစ်ကျွတ်၍ ပြိုလဲကျခြင်းလည်း ဖြစ်ပွားခဲ့ရာ သီပေါမြို့ဇာတ်စုရပ်ကွက် နယ်မြေ-၂ မှ ကုက္ကိုပင်ကြီးမှာ အမြစ်မှကျွတ်ကာ ပြိုလဲကျခဲ့သည်။ ပြိုလဲကျသွားသော ယင်းကုက္ကိုပင်ကြီးမှာအနီးရှိ ဦးတင်ဝင်း၏ နေအိမ်ပေါ်သို့ကျရောက်ပြီး နေအိမ်တစ်ခုလုံး ပိပြားသွားခဲ့သည်။ ဘေးချင်းကပ် ဦးစိုင်းလှအောင်၏ နေအိမ်မှာလည်း သစ်ကိုင်းအဖျားခတ်၍ အနည်းငယ်ပျက်စီးသွားခဲ့သည်။

လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိဘဲ နေအိမ်ပေါ်သို့ ပြိုလဲကျသွားသော ကုက္ကိုပင်ကြီးကို မြို့နယ်နှင့် ရပ်ကွက်မှတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများက လာရောက်ရှင်းလင်း ကူညီပေးခဲ့ကြသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေလျှံကာအနိမ့်ပိုင်းနေအိမ်များလည်း ရေမြုပ်ခဲ့ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**



# အိုက်စ်၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၆/၂)တွင် ဆန်အောင်မောင်းနှင်ပြီး မယေနွဲ့လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ မေ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ စောစီဘီးခွန်ကောက်ခံရေးစခန်းတွင် ဘစိုး မောင်းနှင်ပြီး ကံလှနှင့် အံ့ဇော်ချစ်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ တောင်ကြီးမြို့ ကံကြီးရပ်ကွက် နယ်မြေ(၁) ခေမာရာမလမ်း အမှတ် (၁/၁၁၅)ရှိ ခွန်မောင်မြင့်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သက်ဦးအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် ၂ဃ/---HONDA ODYSSEY မော်တော်ယာဉ်တစ်စီးတို့ကို ထပ်မံသိမ်းဆည်းရမိသည်။

ထို့အတူ မေ ၁၂ ရက်က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် မြို့မရပ်ကွက် နတ်စင်ကြီးရှေ့လမ်းမပေါ်တွင် မဂျီယောဟန် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ကိုလည်းကောင်း၊ ဒဂုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်း မီးပွိုင့်တွင် ဆိုင်ကယ်နှင့် တွေ့ရှိသူ ဝင်းမောက်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆ ပြားနှင့် ဆေးခြောက် သုည ဒသမ ၀၁၂၂၄ ကီလိုတို့ကို သိမ်းဆည်းရမိသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရာဇာဝင်း နေထိုင်သော ဗိုလ်တထောင်မြို့နယ် (၃) ရပ်ကွက် ၆၂ × ၆၃ လမ်းကြားရှိ 63 Hotel၊ အခန်းအမှတ် (၂၀၅) ကို ရှာဖွေရာ ရာဇာဝင်းနှင့်အတူ မမိုးသန္တာတို့အားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၄၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် သုည ဒသမ ၀၀၉၁၆ ကီလို၊ အိုက်စ် သုည ဒသမ ၀၂၆၇ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ၀၀၇၅ ကီလိုတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉) ရပ်ကွက် ကံ့ကော်မြိုင်လမ်း အမှတ် (၁၆၉) ရှိ သီဟသူ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၊ ဆေးခြောက် သုည ဒသမ ၀၂ ကီလိုနှင့် ဘိန်းစိမ်း သုည ဒသမ ၀၀၆ ကီလို တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၃**

ရန်ကုန်(ရွှေဈေး) ၇၉၁၀၀၀ - ၇၉၂၀၀၀ မန္တလေး(ရွှေဈေး) ၇၉၁၀၀၀ - ၇၉၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ်၊ | ၅၂၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၈၆ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၆၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၉. ၂၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၀၃၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၉. ၄၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၄၉၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၂. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၇၅၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၄. ၀၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၄၉. ၈၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ဆန်အောင်နှင့် မယေနွဲ့တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့်နှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခွင့်များအား စိစစ်ခွင့်ပြုရာတွင် (၉)ထပ်မှ (၁၂)ထပ်ခွဲထိ အဆောက်အအုံများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များအစည်းအဝေးမှလည်းကောင်း၊ (၁၃)ထပ်နှင့်အထက် အဆောက်အအုံများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးမှလည်းကောင်း စိစစ်ပြီး "မူ"အားဖြင့် ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယင်းသို့ "မူ"အားဖြင့် ခွင့်ပြုချက်ရရှိပြီးသော (၉)ထပ်မှ (၁၂)ထပ်ခွဲထိ အဆောက်အအုံများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများစစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့(HIC)မှ လည်းကောင်း၊ (၁၃) ထပ်နှင့် အထက်အဆောက်အအုံများအား အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(CQHP)မှလည်းကောင်း၊ Designများ စိစစ်ပြီး အဆင့်အလိုက် Design စိစစ်ထောက်ခံချက်များ ရရှိမှသာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်ပြုမိန့်များကို အပြီးသတ်အတည်ပြုထုတ်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ မြို့ပြအင်ဂျင်နီယာဖွံ့ဖြိုးမှုနှင့် ကိုက်ညီစေရန် ပိုမိုစနစ်ကျစေရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်အား အသေးစိတ် စိစစ်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း "မူ" အားဖြင့်သာ ခွင့်ပြုချက်ရရှိထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အပြီးသတ်အတည်ပြုထုတ်ပေးသော ဆောက်လုပ်ခွင့်ပြုမိန့် မရရှိသေးသည့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားကြပါရန်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက ဆောက်လုပ်ခွင့်အား ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) 300W ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအတွက် DVB-T 2 1 Lot
လွှင့်စက်အပါအဝင်စက်ပစ္စည်းများ(ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့)

(ခ) 100W ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအတွက် DVB-T 2 1 Lot
လွှင့်စက်အပါအဝင် စက်ပစ္စည်းများ
(တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပဲဒက်ကျေးရွာ)

(ဂ) 50W ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအတွက် DVB-T 2 1 Lot
လွှင့်စက်အပါအဝင် စက်ပစ္စည်းများ
(ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပါလျှိုးမြို့နယ်)

(ဃ) အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ 12Items

(င) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ 54Items

(စ) Radio FM Transmitter (150W-2Nos.,300W-1No.) 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၅-၂၀၁၆ရက်မှ ၁၅-၆-၂၀၁၆ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ် ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

## ကျေးဇူးတင်လွှာ

၁၂-၅-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်ရှိ အောင်ရတနာဆေးရုံ၌ ဒုတိယမြောက် သားရတနာကို ရင်းနှီးခင်မင်မှုများစွာဖြင့် ဂရုတစိုက် မွေးဖွားသန့်စင်ပေးခဲ့သော သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်လှမြတ်မိုမိုM.B.B.S, M.Med. Sc(O.G),M.R.C.O.G(UK)အား နှစ်ဖက်သော အဘိုးအဘွားများ၊ ဖေဖေ ဦးစောနိုင်(နိုင်ငံတော်သမ္မတရုံး)၊ မေမေ ဒေါ်လွင်လွင်ကျော်နှင့် သမီးငယ် ကြယ်စင်ဝတီတို့က အထူးကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သော အဘိုးအဘွားများ
ဖေဖေ ဦးစောနိုင်နှင့် မေမေ ဒေါ်လွင်လွင်ကျော်




## အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၇၄၁)နေ ကျွန်မ ဒေါ်ခင်ဝင်း[၁၂/မရက(နိုင်)၀၈၇၈၇၂] မှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကိုယ်စားလှယ်စာနံပါတ် (၄၃၃၉/၂၀၁၄)ဖြင့် ဦးကျော်သက်ခိုင် [၁၂/ အစန(နိုင်) ၁၅၀၂၇၅]အား ၁၃-၂-၂၀၁၄ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ GPလွှဲအပ်ခဲ့ပါသည်။ အထွေ ထွေကိုယ်စားလှယ်လွှဲအပ်သူ ကျွန်မ အနေဖြင့် ၁-၄-၂၀၁၆ ရက်မှစတင်၍ ဦးကျော်သက်ခိုင်ကို လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်း [၁၂/မရက(နိုင်)၀၈၇၈၇၂]

## တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့၊ အထက(၅)မြို့မကျောင်း၊ န၀မတန်းမှ မောင်ရောင်စဉ်ဦး၊ ပဉ္စမတန်းမှ မောင်အောင်ဇင်ဖြိုးတို့၏ ဖခင်အမည်မှာ ဦးသိန်းလွင်(ခ) ဦးမောင်မောင်လွင် တစ်ဦးတည်းဖြစ်ပါသည်။

၁။ ကားသန့်ဝယ်ယူမည်
၂၀၀၂ Model Pajero
တားပြတ် ဒီဇယ်
၂။ တိုက်ခန်းမျိုးစုံငှားရန်ရှိသည်။
0943133981, 245585, 246663

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### ဇာတ်လမ်းအစ

ပြီးခဲ့တဲ့ အပတ်က တတ်နိုင်ရင် လုံးလုံးကို မပတ်သက်ချင်လှတဲ့ ဌာနဆိုင်ရာတွေနဲ့ မလွှဲသာမရှောင်သာ ပတ်သက်လိုက်ရပါတယ်။ အဲဒီအတွေ့အကြုံလေးကိုအခြေခံပြီး ကျွန်တော်မြင်တာလေးတွေ ပြောကြည့်ချင်လာရပါတယ်။

ပထမဆုံးကတော့ အဲဒီကျွန်တော် ဖြစ်ချင်တာ အဆင်ပြေ ချောမွေ့အောင် ဘယ်လိုလုပ်ရမလဲ၊ ဘယ်သူ့ကို ပူဇော်ပသရမလဲလို့ မေးတဲ့အခါတိုင်းမှာ သက်ဆိုင်ရာရုံးဝန်ထမ်းတွေဆီက ဖန်တရာတေနေအောင် ကြားခဲ့ရတဲ့စကားတစ်ခွန်းပါပဲ။ "ပြီးတော့မှ ဟိုတိုင် သည်တိုင်နဲ့ဆိုရင် အကုန်လုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်ဗျာ"တဲ့ ခင်ဗျ။

ဖြစ်သင့်တဲ့ စကားက "ဘယ်သူ့ကိုမှ တစ်ပြားတစ်ချပ်မှ ပေးစရာ မလိုပါဘူးဗျာ၊ လိုအပ်တာတွေ အမြန်ဆုံး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမှာပါ" ဆိုတာမျိုးပါ။ အခုတော့ "အတိုင်ခံရမှာ ကြောက်လို့"ဆိုတဲ့ စကားကြီးကို ကြားရတဲ့အခါ ဘယ့်နှာတုန်းလို့ တွေးမိရပါတယ်။

မတိုင်ပါ၊ မတောပါဘူး။ အဆင်ပြေချောမွေ့အောင်သာ ဆောင်ရွက်ပေးတော်မူကြပါလို့ နတ်သံနှောတော့မှ ဟိုစားပွဲက သည်စားပွဲ၊ သည်စားပွဲက ဟိုဘက်နားလေးက စားပွဲ၊ ဟိုဘက်နားလေးက စားပွဲကနေ ဟိုးအပေါ်ထပ်က စားပွဲအလီလီဖြတ်သန်းရပါတယ်။ စိတ်ထဲမှာ ကြိုးနီစနစ်ဆိုတဲ့ ဝေါဟာရကြီးက ပေါ်နေလို့ ပြုံးမိရပါသေးတယ်။ သြော်. . . ကုလားဖြူ နယ်ချဲ့တို့ရဲ့ အမွေအနှစ်တကာထဲမှာ ကောင်းတာတွေ တစ်ခုကမှ မကျန်ရစ်ဘဲ သည်အကျင့်ဆိုးကျမှ ကွက်ကျန်ရစ်တယ်ထင်ပ့ါ။

အဟဲ. . . စားပွဲတိုင်းမှာ စာအိတ်ကလေးတွေတော့ ချခဲ့ရတာပေ့ါဗျာ။ အဲတော့လည်း လက်မှတ်တွေက ရွှတ်ခနဲ ရွှတ်ခနဲ။ တစ်ရက်တည်းနဲ့ အားလုံးပြီးသွားပါတယ်။ အဲသလို စာအိတ်တွေချခဲ့ရသမျှ စားပွဲအလီလီမှာ စားပွဲတစ်ခုက ပုဂ္ဂိုလ်တစ်ဦးကပဲ စာအိတ်ကို လက်မခံပါဘူး။ "ဘာမှပေးဖို့မလိုပါဘူး၊ လုပ်ပေးရမှာ ကျွန်တော်တို့ တာဝန်ပါ။ ပြန်ယူသွားပါဗျာ၊ မပေးပါနဲ့"တဲ့။ ကျွန်တော်လေ အဲဒီ မောင်မင်းကြီးသားကို ဦးသုံးကြိမ်တောင် ထိုင်ချချင်စိတ် ပေါက်သွားတယ်။ အဟုတ်. . .။

### ဆိုရှယ်လစ်အမွေအနှစ်

လာဘ်ပေးလာဘ်ယူနဲ့ အကျင့်ပျက်ခြစားမှုကတော့ ကမ္ဘာတစ်ခုလုံးမှာ ကင်းတဲ့နိုင်ငံမရှိသလောက်ပါပဲ။ အာရှမှာက ပိုဆိုးမယ်ထင်တယ်။ လက်ဆောင်ပေးတဲ့ အလေ့အထက အာရှသားတွေရဲ့ စံကျင့်ထုံးတစ်ခုလို ဖြစ်နေတာကိုး။

သို့ပေတည့် မြန်မာနိုင်ငံမှာတော့ ကျန်းမာရေးလို၊ ပညာရေးလို ဌာနတွေမှာတောင်မှ လာဘ်ပေးလာဘ်ယူမှုတွေ လှိုက်စားခဲ့တာကတော့ ဆိုရှယ်လစ်ခေတ်ကြီးရဲ့ ဆိုးမွေပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ ကျောင်းပြီးလို့ လုပ်ခွင်နယ်ပယ်ဝင်တော့မယ့် ၁၉၇၀ ပြည့်လွန်ကာလမှာကို ဌာနဆိုင်ရာ အလုပ်ကို လျှောက်ထားကြတဲ့အခါ မူရင်းလစာထက် "ဘေးပေါက်" ဘယ်လောက်ရမလဲဆိုတာကို တွက်ချက်တဲ့ အလေ့အထက တွင်ကျယ်နေပါပြီ။

အဲဒီ ဆိုရှယ်လစ်စနစ်ကြီး ပြိုလဲချိန် ၁၉၈၈ ခုနှစ်မှာတော့ အမွေအနှစ်ဆိုး တစ်ခုကို ချန်ထားခဲ့ပါတယ်။ ကျွန်တော်ကတော့ အဲဒါကို "ဆေးရုံတံခါးပေါက်စောင့်စိတ်ဓာတ်"လို့ အနွတ္ထသညာပြုထားပါတယ်။ အမှန်တကယ် ကြုံခဲ့ဖူးတာပါ။ အတော်များများလည်း ကြုံဖူးကြမယ် ထင်ပါတယ်။

> "အဂတိလိုက်စားမှု ပပျောက်ရေးကို နိုင်ငံတိုင်းမှာ အလေးပေးဆောင်ရွက်နေကြသလို မြန်မာနိုင်ငံမှာလည်း ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့တက်လာတဲ့ အစိုးရလက်ထက်မှသည် ယနေ့ထက်တိုင် ပြောဆိုနေကြတာတော့ ကြားနေ သိနေရပါတယ်။ ဒါပေမယ့် ကျွန်တော့်စာအစမှာ ဆိုခဲ့တဲ့အတိုင်း ခွေးမြီးကောက်တွေကတော့ ဟိုတိုင် သည်တိုင် လုပ်မှာစိုးလို့ဆိုတဲ့ ဆင်ခြေလေးသာ ပေးနေကြရင်း ဝေရာမဏီ ဝေးစွာရှောင်ကြဉ်ဖို့ကျတော့ ဝန်လေးနေကြဆဲပါပဲ။"

ဆေးရုံတံခါးပေါက်စောင့်ဆိုတဲ့ ရာထူးဟာ အနိမ့်ဆုံးအဆင့်ဝန်ထမ်းဖြစ်ပါတယ်။ သူ့မှာ ဘာသြဇာအာဏာမှ မရှိပါဘူး။ သူပိုင်ဆိုင်တာက ဝင်ပေါက်ထွက်ပေါက်ကို ခတ်ထားတဲ့ သော့လေးတစ်ချောင်းပါ။ ဒါပေမယ့် အဲဒီသော့ကို အသုံးပြုပြီးသကာလ လာသမျှလူနာရှင်တွေ၊ ဧည့်သည်တွေဆီက ငွေစကြေးစလေးများရပေါက်ကို ဖန်တီးယူပါတော့တယ်။

### မကြာသေးခင်က ကြုံဖူးတာ

အဲဒီစိတ်ဓာတ်က အဲသလို အောက်ခြေဝန်ထမ်းများမှ အစ၊ ကော်လာဖြူဝန်ထမ်းများအလယ်၊ ဝန်ကြီးများအဆုံး အားလုံးဆီမှာ အမြစ်တွယ်ချိုးကပ်သွားတော့တာ အတောကိုမသတ်တော့ပါဘူး။ ၂၀၁၄ ခုနှစ်က ဌာနဆိုင်ရာ ညွှန်ချုပ်တစ်ဦးကို ချက်လက်မှတ်ပေါ် လက်မှတ်ထိုးခ မြန်မာကျပ်ငွေသိန်း ၉၀ ကျော် သွားပေးခဲ့တဲ့ မိတ်ဆွေနဲ့အတူ ကျွန်တော် ပါသွားခဲ့ဖူးပါတယ်။ မိတ်ဆွေက တင်ဒါအောင်လို့ ဌာနအတွက်လိုအပ်တဲ့ပစ္စည်းတွေလည်း ပေးသွင်းပြီးပါပြီ။ ဌာနဘက်က မိတ်ဆွေကို ငွေချေဖို့ ချက်လက်မှတ် ထုတ်ပေးစရာလေးပဲ ကျန်ပါတော့တယ်။ အဲဒီ့ ချက်လက်မှတ်ပေါ် လက်မှတ်ထိုးရမယ့် သက်ဆိုင်ရာ ညွှန်ချုပ်က တော်တော်နဲ့ လက်မှတ်မထိုးဘဲ ထစ်ထားပါတယ်။ ကြားကသူ့လက်အောက်လူတွေနဲ့ ညှိလိုက်တဲ့အခါ ကျွန်တော့်မိတ်ဆွေ လက်ခံရရှိမယ့် စုစုပေါင်း ပမာဏရဲ့ ၇ ရာခိုင်နှုန်း ပေးပ့ါမယ်ဆိုတဲ့ ကတိကို မိတ်ဆွေက ပေးတော့မှ ချက်လက်မှတ်ကို လက်ဝယ်ရရှိပါတယ်။

မိတ်ဆွေက နေပြည်တော်ကို ကောင်းကောင်းမကျွမ်းဘူး။ ဘဏ်တွေ ဘယ်နားရှိမှန်းတောင် မသိဘူး။ ကျွန်တော်က အဲဒီအချိန်မှာ နေပြည်တော်ကို ရောက်နေတဲ့အပြင် အားကလည်း အားနေတာမို့ သူ့ကိုလိုက်ကူညီပေးရင်းက ဘဏ်ကိုလိုက်ပို့၊ ဘဏ်ကထုတ်ပေးတဲ့ ပိုက်ဆံတွေယူ၊ ပြီးတော့ အဲဒီထဲက ၇ ရာခိုင်နှုန်းဖြစ်တဲ့ ၉၂ သိန်းကို ခွဲထုတ်၊ ရေတွက်ရာမှာလည်းပါ၊ အဲဒီ ငွေထုပ်ကြီး သွားပို့ရာမှာလည်းပါတာမို့ သည်အဖြစ်ကို အစအဆုံး မြင်ခွင့်သိခွင့်ကြုံလိုက်တာပါ။

တကယ်တော့ အဲဒီ ညွှန်ချုပ်သည်လည်း ဆိုရှယ်လစ်အမွေ "ဆေးရုံတံခါးပေါက်စောင့် စိတ်ဓာတ်"အရင့်အမာကို ဆက်ခံထားသူပါပဲ။

တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း တာဝန်ရှိသူဆိုတာနဲ့ တစ်ပြိုင်နက် အဲဒီတာဝန်ကို အမှီပြုပြီး စားရ ဝါးရတော့မယ်ဆိုတဲ့ စိတ်ဓာတ်က တခြားနိုင်ငံတွေမှာတော့ မသိဘူး၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ရှေးဘုရင်များ လက်ထက်ကတည်းကရှိခဲ့တာ၊ ရွာစား၊ မြို့စား၊ နယ်စားဆိုတဲ့ အသုံးအနှုန်းတွေကြောင့် ထင်ရှားနေမယ် ထင်ပါတယ်။ ရွာစားဆိုရင် ရွာအတွက် တာဝန်လည်းယူ၊ ရွာက ရသလောက်လည်း ညှစ်ယူ စားသောက်၊ အထက်အဆင့်ဆင့်ကိုလည်း ကိုယ်ရထားတဲ့ အထဲက ခွဲဝေပူဇော်ပသခဲ့ကြရတာပဲ မဟုတ်ပါလား။

### လူတွေရယ်၊ ခေတ်ရယ်၊ လက်တွေ့ဘဝရယ်

ခက်ပြန်တာက လူအများစုရဲ့ သဘောထားပါ။ မြန်မာတွေဟာ အင်မတန်သဒ္ဓါတရား ထက်သန်ပြန်တာကိုး။ ကျေးဇူးလည်း အလွန်သိတတ်ကြတာကိုး။ သည်တော့ ကိုယ့်မှာ တစ်ခုခု အဆင်ပြေချောမွေ့သွားတယ်ဆိုရင်ပဲ တတ်နိုင်သလောက် ပြန်ကျေးဇူးပြုပေးချင်တဲ့ စိတ်အခံက လူအတော်များများမှာ ရှိပါတယ်။ ကျောင်းဆရာကောင်းဆိုလည်း ဆရာကောင်းမို့လို့၊ စေတနာ ဆရာဝန်အပေါ်ဆိုလည်း စေတနာ ဆရာဝန်မို့လို့ ကျောင်းသားမိဘတွေ၊ ကျောင်းသားတွေ၊ လူနာတွေက ပန်းကလေးတစ်ပွင့်မှသည် တောင်းကြီး တောင်းငယ် အသွယ်သွယ်နဲ့ ပေးချင်ကမ်းချင် ကျေးဇူးပြန်ပြုချင်တဲ့ စေတနာ အပြည့်အဝနဲ့ ဖြစ်နေတာ ကျွန်တော်အပါအဝင် လူအတော်များများပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။

လူဆိုတာက သူလည်း အတူတူ၊ ကိုယ်လည်း အတူတူ၊ အဲသလို သိတတ်လို့ ကျေးဇူးတုံ့ပြန်တာကို လက်ခံရရင် ပထမတော့ ပီတိဖြစ်၊ ကြည်နူး၊ အဲလို သိတတ်သူအပေါ် ပိုအလေးထားမိ၊ မသိတတ်သူတွေကိုကျ တဖြည်းဖြည်းချင်း ငြိုငြင်မိလာတတ်လေ့ရှိပါတယ်။ အဲဒီ့ကမှတစ်ဆင့် လူတိုင်း သိတတ်လာစေချင်တဲ့အခါ ကိုယ့်အတွက်ရမှ လုပ်ချင်တဲ့ စိတ်တွေလည်း ဝင်လာပါတော့တယ်။

ဆိုရှယ်လစ်ခေတ်ကတော့ အမှန်တရားကို မျက်ကွယ်ပြုထားတဲ့ ခေတ်၊ လျှပ်စစ်မီတာခ၊ လောင်စာဆီခ အပါအဝင် ကျန်တဲ့အခွန်အခတွေ အားလုံးကလည်း တစ်ဒေါ်လာကို ငါးကျပ်၊ ခြောက်ကျပ်နှုန်းနဲ့တွက်တဲ့ ခေတ်အတိုင်းဖြစ်နေသလို ဌာနဆိုင်ရာဝန်ထမ်းများရဲ့ လစာကလည်း ၁၉၇၀ ပြည့်လွန်အလယ်ပိုင်းက စလို့ လက်တွေ့ဘဝနဲ့ မနီးစပ်တော့တာကြောင့် ရုံးချိန်ပြင်ပမှာ အငှားယာဉ်ထွက်မောင်းနေတဲ့ အလတ်တန်းအရာရှိတွေ၊ သားသမီး ကျူရှင်ခလေးတွေပေးနိုင်ဖို့ ဓာတ်ဆီထုတ်ရောင်းနေရတဲ့ အရာရှိတွေ စတင်ပေါ်ပေါက်လာခဲ့ပါတော့တယ်။ ဝန်ထမ်းလောကရဲ့ အဂတိလိုက်စားမှုတွေဟာ အဲဒီက စတော့တာပါပဲ။

၁၉၇၀ ပြည့်လွန်ကဆိုတော့ အခုဆို နှစ် ၄၀ လောက်ရှိပြီပေ့ါ။ မျိုးဆက်တစ်ဆက်တောင် မကတော့ဘူး။ အဲတော့ အဂတိလိုက်စားမှုနဲ့ မသမာတဲ့ စိတ်ဓာတ်တွေဟာ ဌာနဆိုင်ရာတွေမှာသာမကဘဲ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံခြား အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းတွေဆီအထိ လှိုက်စားကုန်တော့တာလည်း အများအသိပါပဲ။

### အာဏာနဲ့ အကျင့်ပျက်မှု တိုက်ရိုက်အချိုးကျပုံ

၁၉၈၈ ခုနှစ်မှာ ဆိုရှယ်လစ်ခေတ်ရဲ့ နောက်ဆုံးသမ္မတလုပ်သွားသူ ဒေါက်တာမောင်မောင်က သူ့ရေဒီယိုမိန့်ခွန်းမှာ ထည့်ပြောသွားခဲ့တယ်။ အာဏာဟာ လူကို ပျက်စီးစေတယ်၊ အကြွင်းမဲ့အာဏာဟာ အကြွင်းမဲ့ ပျက်စီးစေပါတယ်တဲ့။ အမှန်တော့ အဲဒါ သူ့စကား မဟုတ်ပါဘူး။ အင်္ဂလိပ်လူမျိုး သမိုင်းဆရာ၊ နိုင်ငံရေးသမား၊ စာရေးဆရာ Lord John Dalberg-Acton (၁၈၃၄-၁၉၀၂) က ဘုရင်ဂိုဏ်း ဘုန်းကြီးတစ်ပါးဆီကို ၁၈၈၇ က ရေးခဲ့တဲ့ စာထဲမှာ ထည့်ပြောခဲ့တဲ့ စကားတွေထဲက ထင်ရှားတဲ့ အကိုးအကားတစ်ခုပါ။ Lord Acton အဲဒီ စကားကို ထည့်ပြောခဲ့တဲ့မူရင်းစာပိုဒ်က ရှည်လျားလှပါတယ်။ အဲဒီစကားအရှည်ကို အတိုချုပ်ပြန်ပြောရင်တော့ ပုပ်(ပ်) ရဟန်းမင်းကြီးလို၊ ရှင်ဘုရင်လိုလူတွေကဖြင့် ဘယ်တော့မှ မမှားတန်ကောင်းဘူးရယ်လို့ သာသာထိုးထိုးယူဆပြီး သူတို့တွေကို တခြားသူတွေလို အကဲမဖြတ်သင့်ဘူးဆိုတဲ့ စကားကို သူလက်မခံဘူးတဲ့။ အာဏာကို ဆုပ်ကိုင်ထားပြီဆိုတာနဲ့ တစ်ပြိုင်နက် အာဏာကြီးလာလေလေ မှားဖို့လမ်းလည်း ပိုများလေလေပါပဲ။ အာဏာက လူကို ပျက်စီးစေတယ်၊ အကြွင်းမဲ့အာဏာဟာ အကြွင်းမဲ့ပျက်စီးစေတယ်။ အာဏာကို မကျင့်သုံးဘဲ သြဇာကို လွှမ်းမိုးရုံလေး သက်သက်လောက် လုပ်တယ်ဆိုဦးတောင်မှ လူတော်တွေဟာ အမြဲတမ်းလိုလို လူဆိုးတွေပါပဲ။ အာဏာပိုရှိလေလေ ပိုအကျင့်ပျက်လေလေ စသဖြင့် ရပါလိမ့်မယ်။ (မူရင်းကို http://oll.libertyfund.org/quote/214 မှာ ရှု။)

အဂတိလိုက်စားမှု ပပျောက်ရေးကို နိုင်ငံတိုင်းမှာ အလေးပေးဆောင်ရွက်နေကြသလို မြန်မာနိုင်ငံမှာလည်း ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရလက်ထက်မှသည် ယနေ့ထက်တိုင် ပြောဆိုနေကြတာတော့ ကြားနေ သိနေရပါတယ်။ ဒါပေမယ့် ကျွန်တော့်စာအစမှာ ဆိုခဲ့တဲ့အတိုင်း ခွေးမြီးကောက်တွေကတော့ ဟိုတိုင် သည်တိုင် လုပ်မှာစိုးလို့ဆိုတဲ့ ဆင်ခြေလေးသာ ပေးနေကြရင်း ဝေရာမဏီ ဝေးစွာရှောင်ကြဉ်ဖို့ကျတော့ ဝန်လေးနေကြဆဲပါပဲ။

### ကိုယ်တွေ့ကြုံဖူးတဲ့ အကျင့်ကောင်း

မကြာသေးခင်က ကျွန်တော်ကြုံခဲ့ဖူးတဲ့ အဖြစ်တစ်ခုကို နမူနာကောင်းအဖြစ် တင်ပြပါရစေ။ ဂျပန်နိုင်ငံက ကုမ္ပဏီကြီး တစ်ခုက မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းကြီးတွေဆီကနေ အသင့်ချုပ်အထည်တွေ ဝယ်ယူတင်သွင်းပါတယ်။ အဲဒီ့အထည်ချုပ်လုပ်ငန်းကြီးတွေဟာဖြင့် နိုင်ငံတကာ လုပ်ခွင်စံနှုန်းများနဲ့ ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပေးဖို့ကိုကျတော့ ဂျာမဏီနိုင်ငံက စစ်ဆေးရေး လုပ်ငန်းကို အပ်ပါတယ်။ အဲဒီအတွက် စစ်ဆေးဖို့ ရောက်လာသူဂျာမန်အတွက် ကျွန်တော်က စကားပြန်လိုက်ပေးခဲ့ရပါတယ်။

အထည်ချုပ်လုပ်ငန်းကြီးတွေဆိုတော့ ရွှေပြည်သာတို့၊ လှိုင်သာယာတို့၊ မင်္ဂလာဒုံတို့မှာ ရှိတာပေ့ါ။ စစ်တာက တစ်နေကုန် တစ်နေခန်းပါ။ အဲတော့ ကျွန်တော်တို့အတွက် နေ့လယ်စာကို သက်ဆိုင်ရာ စက်ရုံတွေက စီစဉ်ပေးပါတယ်။ အဲဒီစက်မှုဇုန်တွေမှာ နိုင်ငံခြားသားများအတွက် အဆင်ပြေမယ့် စားသောက်ဆိုင်တွေက ရှားရခပ်ခက်ခက်ကိုး။ သည်အခါမှာ စစ်ဆေးသူဂျာမန်က သူ့အတွက် နေ့လယ်စာဖိုးကို စက်ရုံကလက်ခံမယ်ဆိုမှ စားပါတယ်။ မူအရ သူက စက်ရုံကတိုက်တဲ့ရေနဲ့ ကာဖီ သောက်တာတောင် လွန်လှပြီတဲ့။ နေ့လယ်စာစားခွင့်မရှိဘူးလို့ အတိအလင်းပြောပါတယ်။ စက်ရုံတွေက တာဝန်ရှိသူတွေကလည်း ရယ်ရယ်မောမောနဲ့ ထိုက်သင့်တဲ့နှုန်း တွက်ချက်ပြီး သူ့အတွက် ယူပါတယ်။ ကျွန်တော်က စကားပြန်သာဖြစ်ပြီး စစ်ဆေးတဲ့တာဝန်နဲ့ မသက်ဆိုင်တာမို့ ကျွန်တော်တော့ အလကားစားခွင့် ရှိပါသတဲ့ဗျား။

ကျွန်တော် လွှတ်သဘောကျသွားခဲ့ဖူးတယ်။ သူတို့ရဲ့ စည်းကမ်းကိုလည်း သိပ်ကြိုက်သွားတယ်။ တစ်ဆက်ထည်းမှာ ကျွန်တော်တို့ဆီမှာလည်း တကယ် အဂတိလိုက်စားမှု ပပျောက်စေချင်ရင် ပမာဏတွေ သတ်မှတ်မပေးဘဲ ရေ၊ လက်ဖက်ရည်၊ ကာဖီမှတစ်ပါး အဖတ်တောင် လက်မခံရ၊ ရေဖိုး၊ လက်ဖက်ရည်ဖိုး၊ ကာဖီဖိုးဆိုလည်း လက်မခံရလို့ အတိအလင်း သတ်မှတ်လိုက်မယ်၊ အဲသလို လက်မခံရလို့ ပြီးသင့်တဲ့အချိန်မှာ ပြီးစီးအောင် မဆောင်ရွက်တာ၊ တမင်ဖင့်နွှဲအောင် လုပ်ဆောင်တာတွေကို တိုင်ကြားနိုင်ပြီး တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးအရေးယူပေးသွားမယ်ဆိုရင် ကျွန်တော်ပြောခဲ့တဲ့ ဆိုရှယ်လစ်ခေတ်ရဲ့ အမွေအနှစ်ဖြစ်သော ဆေးရုံတံခါးပေါက်စောင့် စိတ်ဓာတ်တွေများ လျော့နည်းပပျောက်သွားတန်ကောင်းရဲ့ ဆိုတဲ့အတွေးနဲ့ သည်တစ်ပတ်မှာ သည်အကြောင်းကို ဇွတ်မှိတ်ပြောလိုက်မိရပြန်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်နေမိကြောင်းပါခင်ဗျား။

# ကဆုန်လပြည့်မြတ်ဗုဒ္ဓဖွားမြင်တော်မူခြင်းနှင့် ညောင်ရေသွန်းပွဲတော်

**ခ** ဝိဿဇ္ဇက(ပဲခူး)

ကဆုန်လသည် ခြောက်ခြောက်သွေ့သွေ့ငြီးငွေ့ဖွယ်ရာဟု ထင်ရသော်လည်း လေပြည်လေညင်းလေးများ တသုတ်သုတ်ရိုက်ခတ်တတ်၏။ လေပြည်လေညင်းလေးများ ရိုက်ခတ်လေတိုင်း ရွက်ဟောင်းလေးများ ကြွေလျက်ရှိ၏။ ရိုးတံကျဲကျဲ အကိုင်းအခက်များအပေါ်ဝယ် ရွက်သစ်နုလေးများဖြင့် ဖူးပွင့်၍ ဝေဆာနေလေပြီ။ ယင်းသမယတွင် မဟာပထဝီမြေ၏ ထုံသင်းသေသာ ရနံ့နှင့်အတူ မြူခိုးတို့က ပြန့်ပြူးလျက်ရှိချေ၏။ တန်ခူးကုန်ပြီး ကဆုန်လသို့ ရောက်ရှိ၍လာချေလျှင် မိုးမင်းကလည်း ရိုက်မြည်ထစ်ချုန်းရာဇသံပေးချေ၏။ ဥတုရာသီဖောက်ပြန်သော နှစ်ဖြစ်၍ မိုးရွာလျှင် ချိန်ခါမဟုတ်သော မိုးဖြစ်နေသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ဆိုသည်မှာ ထိုရာသီကို မြန်မာသူဟောင်းတို့က ကဆုန်လခေါ်ဝေါ်ကြောင်း ပြဆိုထားသည်။ မြန်မာဘာသာမှာ ပညာရှိတို့ကြံစည်သည်မှာ "ကံ ဥဒကံဆိန္ဒတိတိကဆိန်"ဟု ဝစနတ္ထရသည် ယောမာသောအကြင်လသည် ကံဥကံရေကို ဆိန္ဒတိဖြတ်တတ်၏။ ဣတိတသ္မာ ထို့ကြောင့် ယောမာသော ထိုလသည် ကဆိန်ကဆုန်မည်၏။ အဓိပ္ပာယ်မှာ ကန်၊ ချောင်း၊ ဆည်မြောင်း၊ အင်းအိုင်တို့၌ ရေပြတ်ရေစစ်သောလ ဆိုလိုသည်။ ကဆုန်လဆန်း ၁၃ ရက်နေ့အထိ ရေများမခန်းသေးလျှင် မိုးလယ်အခါ မိုးကောင်းမည်ဟု ကြားဖူး၏။

မဟာဗုဒ္ဓဝင်တွင် ကဆုန်လပြည့်နေ့၌ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားရှေ့မှောက် ဝမ်းလျားမှောက်ကာ မြတ်ဘုရားထံမှ ဗျာဒိတ်ကိုခံယူရရှိတော်မူခဲ့ခြင်း၊ မြတ်ဘုရားရှင်ကို မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့၌ ဖွားမြင်တော်မူခြင်း၊ မဟာဗောဓိပင်နှင့် ရွှေပလ္လင်ရရှိသောနေ့ဖြစ်ခြင်း၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဖွားဖက်တော် "မဟာဗောဓိပင်"ရင်းတွင် မာရ်ငါးပါးကို အောင်မြင်တော်မူ၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်းအစရှိသည်တို့ဖြစ်၏။ မြတ်ဘုရားရှင်သည် လေးဆယ့်ငါးဝါကာလတိုင်အောင် မဇ္ဈိမဒေသအနှံ့အပြားသို့ ဒေသစာရီခရီး ကြွချီတော်မူလျက် ဝေနေယျသတ္တဝါ အပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့လေ၏။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့၌ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေ၏။

မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌ ဖွားမြင်တော်မူခြင်းနှင့်စပ်သော အဖြစ်အပျက်တို့ကို သတိရစေသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သော ဇာတာတော်ကို မြန်မာနိုင်ငံ ပြက္ခဒိန်မူ သူရိယသိဒ္ဓန္တဖြင့် တွက်ချက်ဖော်ပြသော သာသနာ ၂၅ ရာစုနှစ်လွန် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ဗုဒ္ဓဇာတာတော်အား မှတ်တမ်းတင်ထားသည်ကို ပူဇော်လိုက်ပါသည်။

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကလိယုဂ် ၂၄၇၇ တွင် အရှေ့လောင်ဂျီတွဒ် ၈၃ ဒသမ၁၆၊ မြောက်လတ္တီတွဒ် ၂၇ဒသမ ၂၉၊ကပိလဝတ်ပြည်၊ လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ သုဒ္ဓေါဒနမင်းနှင့် မဟာမာယာဒေဝီမိဖုရားတို့မှ မြန်မာဝေါဟာရ ကဆုန်လပြည့် သောကြာနေ့ နံနက်စက် ၁၁ နာရီ ၂၀ မိနစ် ၂၃ စက္ကန့်၊ မြန်မာနာရီနေ ၁ ချက်တီးကျော် ၆ နာရီ ၅၊ ဗီဇနာ ၄၂ ခရာအချိန်၊ ကရကဋ်ရာသီလဂ်၊ တူရာသီစန်း၊ ပုဏ္ဏတိတီအမြင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ပရိယာနယုဂ်၊ မာတင်ယုဂ်တို့ဖြင့် ကောင်းမြတ်သော မင်္ဂလာအခါသမယတွင် ဖွားမြင်တော်မူ၍ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခဲ့သည်။ ဇာတာတော်အား လက်စုံမိုး၍ ရှိခိုးဦးချပူဇော်ကန်တော့သည်။

ကရကဋ်ရာသီလဂ်မှ နံနက်စက် ၁၁နာရီ မိနစ် ၃၀ လွန်သော် သိဟ်ရာသီလဂ်ကို ကူးပြောင်းမည် ဖြစ်ပါသည်။ သိဒ္ဓတ္ထမင်းသား ဖွားချိန်နာရီကို တိကျစွာ သိရှိနိုင်ရန် လွယ်ကူမည်မဟုတ်သော်လည်း ပညာရှိသူတော်ကောင်းများ ကြိုက်နှစ်သက်ရာ အချိန်အခါဖြင့် ရွေးချယ်တင်ပြဆုံးဖြတ်နိုင်ပါကြောင်း၊ ဖော်ပြအပ်သော ဇာတာအရ ယုဂ်ကောင်း၊ နက္ခတ်ကောင်းတို့ဖြင့် မွေးဖွားတော်မူသော ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မွေးပြီးစ အချိန်မှစ၍ ခြေလှမ်းတော်ခုနစ်လှမ်းလျှောက်လှမ်းတော်မူ၍ အဂ္ဂေါဟမသ္မိလောကဿ၊ ဇေဋ္ဌောဟမသ္မိလောကဿ၊ သေဋ္ဌောဟမသ္မိလောကဿဟူ၍ ဟစ်ကြွေးကာ တန်ခိုးတော်မြတ် ပြတော်မူခဲ့၏။

ဘုရားအလောင်းတော် သိဒ္ဓတ္ထဖွားမြင်သော ဇာတာတော်အား နေအိမ်ဆောင်တွင် ဖြစ်စေ၊ ဘုရားစင်တွင်ဖြစ်စေ တင်ထား၍ ပူဇော်ကြခြင်းဖြင့် ကုသိုလ်ပွားစေနိုင်ပါသည်။






| ဘာဝဖြုဟ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာ အံ လိ စိ | ၃ ၂၈ ၂၀ ၀ | ၄ ၂၄ ၃၂ ၃၁ | ၅ ၂၀ ၄၅ ၃ | ၆ ၁၆ ၅၇ ၃၅ | ၇ ၂၀ ၄၅ ၃ | ၈ ၂၄ ၃၂ ၃၁ | ၉ ၂၈ ၂၀ ၀ | ၁၀ ၂၄ ၃၂ ၃၁ | ၁၁ ၂၀ ၄၅ ၃ | ၀ ၁၆ ၅၇ ၃၅ | ၁ ၂၀ ၄၅ ၃ | ၂ ၂၄ ၃၂ ၃၁ |
| သန္ဓိဖြုဟ် | ၁/၂ | ၂/၃ | ၃/၄ | ၄/၅ | ၅/၆ | ၆/၇ | ၇/၈ | ၈/၉ | ၉/၁၀ | ၁၀/၁၁ | ၁၁/၁၂ | ၁၂/၁ |
| ရာ အံ လိ စိ | ၄ ၁၁ ၂၆ ၁၅ | ၅ ၇ ၃၈ ၄၇ | ၆ ၃ ၅၁ ၁၉ | ၇ ၃ ၅၁ ၁၉ | ၈ ၇ ၃၈ ၄၇ | ၉ ၁၁ ၂၆ ၁၅ | ၁၀ ၁၁ ၂၆ ၁၅ | ၁၁ ၇ ၃၈ ၄၇ | ၀ ၃ ၅၁ ၁၉ | ၁ ၃ ၅၁ ၁၉ | ၂ ၇ ၃၈ ၄၇ | ၃ ၁၁ ၂၆ ၁၅ |
| ရာသီဖြုဟ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၈ | ၉ | ထိထိ | နက္ခ | ယုဂ် |
| ရာ အံ လိ စိ | ၀ ၂၇ ၄၉ ၅၆ | ၆ ၁၆ ၅၄ ၉ | ၀ ၁၅ ၄၇ ၅၁ | ၀ ၂၀ ၄၈ ၁၇ | ၁၀ ၇ ၅၅ ၅၂ | ၀ ၁၆ ၂၆ ၀ | ၀ ၁၅ ၁၀ ၄ | ၃ ၂၇ ၃၃ ၃၃ | ၉ ၂၇ ၃၃ ၃၃ | ၁၄ ၂၃ ၅၁ ၂၅ | ၁၅ ၃ ၅၆ ၅၁ | ၁၇ ၁၀ ၂၅ ၂၁ |

**ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ဇာတာတော်။**

ဣတိဝဏ္ဏေန သီလေန ဈာနာဉာဏာ သမ်ဂိနံ
ဝန္ဒာမိ သိရသာ ဗုဒ္ဓံ၊ ဗုဒ္ဓဿ ပရိဘောဂိကံ။

"သိင်္ဂီရွှေစစ်ဇမ္ဗူရာဝါနစ်သန့်စင်ကြည်လင်သော အဆင်းတော်နှင့်လည်းကောင်း၊ မြေကြီးသဖွယ် ဆန်းကြယ်ကြီးထု နှိုင်းမပြုအပ်သော သီလတော်မြတ်နှင့်လည်းကောင်း မြင်းမိုရ်သမုဒ္ဒရာပမာ နိုင်းညှိသည့် သမာဓိဈာန်၊ တန်ဖိုးချွန်သော ဈာန်သမာပတ်တော်နှင့်လည်းကောင်း၊ မငြိမတွယ်လေ နယ်လျှင်လျား လိုတိုင်းသွားသော ဉာဏနှင့်လည်းကောင်း၊ ပြည့်စုံတော်မူပေသော၊ မြတ်ဘုရားရှင်ကို ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိခိုးပါ၏။ မြတ်စွာဘုရားရှင်၏ အသုံးအထင်ဖြစ်၍ မဟာဗောဓိပရိဘောဂစေတီတော်မြတ်ကို ဦးခေါင်းရတနာအင်္ဂါဖြင့် ရှိခိုးပူဇော်ပါ၏။"

သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာဖြစ်သော ဗောဓိပင်မြတ်အား ရှိခိုးပူဇော်ခြင်းဖြစ်၏။ ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့တွင် "ဗောဓိညောင်ရွှေဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တော်ပလ္လင်သမိုက်ပြင်ဆင်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်က"ဟု ပူဇော်တော်မူခဲ့၏။

ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာ အဓိပ္ပာယ်ရှိရာ ဗောဓိဟူသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်ဟူသော အနက်အဓိပ္ပာယ်တို့ဖြစ်၏။ အရိယာမဂ်သည် သစ္စာလေးတန်တရားမှန်ကို သိမြင်တော်သောကြောင့်ဗောဓိမည်၏။ သဗ္ဗညုတဉာဏ်နှင့် ဉေယျတရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိမည်၏။

ဗောဓိပင်သည် မြတ်ဘုရားရှင်၏ ဖွားဖက်တော်ဖြစ်ခြင်းကြောင့် အလွန်ထူးမြတ်သော အပင်ဖြစ်၏။ ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသောအပင်ဖြစ်၍ ပရိဘောဂစေတီတွင်ပါဝင်၏။ ဥဒ္ဒကပါဠိအဋ္ဌကထာနိမိကဏ္ဍာသုတ်အဖွင့်၌ "စေတီဆိုသည်မှာ ပူဇော်သင့်၊ ပူဇော်ထိုက်သည့် အရာဖြစ်သည်။ ထိုစေတီသည် ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်၏" စသည်ဖြင့်ဖွင့်ဆိုထားသည်။

ပိုမို၍ထူးမြတ်တော်မူသည်မှာ မြတ်ဘုရားရှင် မာန်ငါးပါးကို အောင်မြင်တော်မူရာ ဖြစ်သော "သံဝေဇနိယနှင့် အဝိဟိတ" ဌာနများတွင် ဗောဓိပင်ပါဝင်၏။ သဗ္ဗညုတ ရွှေဉာဏ်တော်ကွန့်မြူးပြည့်စုံရာဌာနဖြစ်သောကြောင့်လည်း ပါရမီတော်ခန်းပျို့တွင် "ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံနဝဂုဏ်တည်း" ဗောဓိမဏ္ဍိုင်ဟု ဂုဏ်တင်ကာခေါ်ခဲ့၏။

မြတ်ဘုရားရှင်နှင့်မဟာဗောဓိပင်သည် ခွဲခြား၍ မရစကောင်းပါ။ မဟာဗောဓိပင်သည် ဘုရားရှင်၏သင်္ကေတဖြစ်၏။ မြတ်ဘုရားရှင်သည် (၃၅)နှစ်အရွယ် ဗောဓိပင်အောက်တွင်ပေါက်သော ရွှေပလ္လင်တော်ထက်၌ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ပု၊ ဒိ၊ အာ စသောဉာဏ်တော်သုံးမျိုးကိုရပြီး သဗ္ဗညုတဉာဏ်တော်ရှင်အဖြစ် လောကသုံးပါးတွင်ဘုရားစင်စစ်ဧကန်ဖြစ်တော်မူခဲ့၏။ လပြည့်ကျော်တစ်ရက်နေ့မှစ၍ ပထမသတ္တာဟအဖြစ် ဗောဓိပင်ရင်းတွင် ခုနစ်ရက်သီတင်းသုံးတော်မူသည်။ ဒုတိယသတ္တာဟတွင် ဤမျှကျေးဇူးကြီးမားသော ဗောဓိပင်ကို ဘုရားရှင်သည် အနိမိသကုန်းထက်မှနေ၍ ခုနစ်ရက်ပတ်လုံးမတ်ရပ်ကာ မမှိတ်မသုန်သော မျက်စိဖြင့်ကြည့်တော်မူခြင်းဖြင့် ကျေးဇူးဆပ်တော်မူခဲ့၏။ ယင်းသို့ဉာဏ်တော်ရရှိရာအရပ် အပရာဇိတာ ရွှေပလ္လင်၌ပေါက်သောအပင်ကို "ဗောဓိပင်" ဟုခေါ်သည်။

သူဌေးသမီးသုဇာတာသည် မြတ်စွာဘုရားရှင်ပွင့်တော်မူခါနီး၌ ညောင်ပင်ကြီးသို့သွားရောက်ကာ "ဘုရား တပည့်တော် အချိန်အရွယ်ရောက်၍ အမျိုးကောင်းသားနှင့်အိမ်ထောင်ပြုရလျှင် သားဦးရတနာဖွားမြင်အောင် မစတော်မူပါ"ဟူ၍ ဆုတောင်းလေ၏။ တောင်းသည့်ဆုပြည့်ကာ သားဦးရတနာကို ဖွားမြင်သည်ဟု ကျမ်းဂန်လာရှိ၏။ ဗုဒ္ဓဘာသာဝင်အများစုသည် ကဆုန်လပြည့်နေ့ကျရောက်တိုင်း ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်း၊ ဆုပန်ခြင်းများပြုလုပ်ကြ၏။

ရေပြတ်သောကဆုန်လကို ပုဂံခေတ်က ကုဆုန်၊ ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်ဟု ရေးသားခေါ်ဝေါ်ကြသည့်အလျောက် ကဆုန်ကုဆုန်တွင် က-ကုတို့သည် ရေဟုအဓိပ္ပာယ်ဖွင့်ဆို၏။ ဆုန်၏အဓိပ္ပာယ်မှာ သွန်းလောင်းခြင်းဖြစ်သည်ဟုဆို၏။ ရေသွန်းလ၊ ရေဖျန်းလ၊ ရေလောင်းလဟူ၍ အဓိပ္ပာယ် ကောက်ယူရမည်ဟု ပြဆိုထား၏။ ကဆုန်လ၏အဖြစ်သနစ်အား "ရွက်ရင့်လျော့၍ ရွက်ကြောနုလှန်၊ ရွက်သစ်ပြန်ထည့်၊ ပန်းမန်ငုံကင်း သုတ်လေညင်းနှင့် မြေသင်းနံ့နံ့၊ တပျံ့ပျံ့ပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည် မစွေရိုက်မြည်ချုန်းချုန်းတည်း"ဟုဆိုကာ ကဆုန်လ၏ ပြုပြင်ပြောင်းလဲသည့် သဘာဝရတို့အား အသျှင်အဂ္ဂကသာမိဓက ဘုံခန်းပျို့၌ ဖွဲ့ဆိုခဲ့၏။ တန်ခူးကုန်၍ ကဆုန် လနွေလယ်လဖြစ်သည်။ ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုများအပေါ် ပြည်သူတို့သည် အပူဒဏ်ကို စိန်ခေါ်မှုများကြုံတွေ့နေရမည်ဖြစ်၏။ တန်ခူးရေကုန်ကဆုန်ရေခန်း စာဆိုနှင့်အညီ ရေများပင်ခန်းခြောက်သောအခါ ဗောဓိပင်ကိုရည်မှန်း၍ ရေသွန်းလောင်းကာကုသိုလ်ယူကြခြင်းဖြင့် အပင်သန်၍ အေးမြလာစေမည်ဖြစ်၏။

မဟာအတုလမင်းကြီးက "နေဝန်းငယ်စက်ရှိန်တောက်လောင်ငယ်ထိန်သည်။ ဖလ်သူရိန်တေဇောကြောင့်၊ ပူမျှပါကဲတဲ့လကိုလေး" ဟု စာဖွဲ့ခဲ့သည့်အလျောက် ဦးကြော့ကလည်း ဟေမာန်နွေလှန်လို့ တံ့ပြန်တော့ဆွေသဟံဝေယံအုံဆီက၊ လေပြန်လှုံ့ဆော်ခဲ့ပြီ။ ပင်ပေါ်ထက်၊ ရော်ရွက်ဝါထိန်ဝေနှင့်ခါဂိမှေသည်တစ်ခေတ်တွင်မှ၊ ညာလိမ်ကြွေတစ်မည်သစ်မည်ကြောင့်၊ အသစ်တွေထွေကာစုပါလို့၊ ပုရစ်ခွေတမာနုမှာကွယ်၊ ကျေးဥစီစီ၊ ခင်တန်းလျှိုသပြေပင်က၊ ရွှေသဇင်သုတ်လေနှောပြန်တော့၊ နေဝင်လျှင်ဘုတ်တွေရောပါလို့၊ ဘုတ်ရွှေညြရယ်က တွန်တံချီ၊ ဌာနီနှင့်ကွာဝေး၊ ဖန်ခါခါ၊ လဗီရာစည်ဋ္ဌိုဏ္ဍိုပေမို့၊ ဝသာန်မှာထည်မချိုပြီ၊ ဘူးပူမိသည်။ မော်ရဂုံက၊ တော်ကဆုန်ညောင်ရေသွန်းချိန်မို့၊ ဖော်မစုံအောင်မြေကွန်းဆီသို့ လွမ်းလိုက်လှသေး"ဟုဆိုကာ ကဆုန်လကိုလွမ်းစရာလအဖြစ် ဖော်ပြလေ့ရှိခဲ့ပေ၏။

ကုန်းဘောင်ခေတ်ဆင်ဖြူရှင်လက်ထက်တွင် မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရ အမတ်ကြီးဦးမြတ်စံသည် ကဆုန်လပြည့်နေ့ မဲဇာရပ်သူတို့ ညောင်ရေသွန်းလောင်းနေသည်ကို တွေ့မြင်လိုက်ရသည့်အခါ ရတနာပူရ ရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကြီးကို မြင်ယောင်လာပြီး "ပွဲခါညောင်ရေ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုံယူသည်"စသည်ဖြင့် အလွမ်းဘွဲ့ ပိုဒ်စုံရတုကို သီကျူးထားခဲ့လေ၏။

**စာကိုး- နက္ခဗေဒင်ပညာရှိ ဦးကျော်ဌေး**
**ခိုင်မင်္ဂလာအခါကောင်း အခါပဒေသာ**
**ဒိုင်ယာရီ ၂၀၁၆ ခိုင်မင်္ဂလာစာပေ မန္တလေး**

# တိုက်ကြီးမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင် သိုလှောင်ရုံသုံးလုံး ငှားရမ်းလိုက်သည့်အတွက် ဝန်ထမ်းများနှင့်ဒေသခံများအခက်အခဲဖြစ်နိုင်

**တိုက်ကြီး မေ ၁၃**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်းရှိ မြေ ၄ ဒသမ ၅ ဧကနှင့် ယင်းမြေပေါ်ရှိ သိုလှောင်ရုံသုံးလုံးအား နှစ် ၂၀ ငှားရမ်းရန် Taungpyar Dan Co.Ltd နှင့် (၂၂-၂-၂၀၁၆) ရက်တွင် စာချုပ်ချုပ်ဆိုလိုက်ကြောင်း တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်မတို့အနေနဲ့ကတော့ အထက်ကညွှန်ကြားချက်ဆိုတော့ ဘာမှာပြောလို့မရပါဘူး။ ဒါပေမဲ့ လက်ရှိ ဒီမြေနဲ့ဂိုထောင်ကို အသုံးပြုပြီးတော့ဝန်ထမ်းတွေနေရပါတယ်။ ပြီးတော့ ဒီဂိုထောင်တွေထဲမှာ မျိုးစပါး၊ နွေစပါးမျိုးနဲ့ ဓာတ်မြေဩဇာတွေ သိုလှောင်တယ်။ အခုလို ငှားရန်းလိုက်တော့ ကျွန်မတို့အနေနဲ့ အခက်အခဲဖြစ်တာပေ့ါ။ အရင်ကတည်းက ဝန်ထမ်းအိမ်ရာရယ်လို့ချထားပေးတာမရှိတော့ ဒီဂိုထောင်တွေထဲမှာ ဝန်ထမ်းတွေက မိသားစုတစ်စုစာ အခန်းလေးတွေကန့်ပြီး နေရတာပါ။ တိုက်ကြီးမြို့နယ်မှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေဖြစ်တဲ့အတွက် မျိုးစပါးတွေ၊ ဓာတ်မြေဩဇာတွေနဲ့ အလှူရှင်တွေလာလှူတဲ့ ပစ္စည်းတွေကို ဒီဂိုထောင်တွေထဲမှာ ထိန်းသိမ်းထားရပါတယ်။ အခုလိုငှားရမ်းလိုက်တဲ့အတွက် ကျွန်မတို့အနေနဲ့ ဒီအခက်အခဲတွေနဲ့ ကြုံတွေ့နိုင်ပါတယ်" ဟု တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့်က ပြောသည်။

မိမိတို့ တိုက်ကြီးမြို့နယ်တွင် မိုးစပါး ၁၂၇၅၄၅ ဧကနဲ့ နွေစပါးဧက ၅၀၀၀၀ စိုက်ပျိုးလေ့ရှိကြောင်း၊ တိုက်ကြီးမြို့နယ်ရှိ လယ်မြေ ငါးပုံနှစ်ပုံခန့်သည် ဧရာဝတီမြစ်နှင့် လှိုင်မြစ်၏ နှစ်စဉ်ရေကြီးရေလျှံမှုရှိခြင်းများကြောင့် အလှူရှင်များမှ ကူညီထောက်ပံ့သော မျိုးစပါးများ အခြားသောကုန်ပစ္စည်းများအားလည်းကောင်း၊ ငှားရမ်းလိုက်သည့်ဂိုထောင်များတွင် ထိန်းသိမ်းထားရသည့်အတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ငှားရမ်းလိုက်သည့်အတွက် သိုလှောင်ကုန်ပစ္စည်းများအားထားရှိရန် အခက်အခဲများစွာဖြင့် ရင်ဆိုင်ရမည်ကို မိမိတို့ဝန်ထမ်းများမှ စိုးရိမ်နေကြ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပြန်လည်စိစစ်ပေးနိုင်ပါရန် အဆင့်ဆင့်စာတင်သွားမည်ဟု တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

"ကျွန်တော်တို့တိုက်ကြီးမြို့နယ်မှာ ရေဘေးက နှစ်တိုင်းလိုလို ကျရောက်တတ်တော့ သိုလှောင်ထားဖို့ဆို ကျွန်တော်တို့ ဒီဂိုထောင်ကိုပဲ အားကိုးရတာ တောင်သူတွေအတွက် တရုတ်နိုင်ငံ ချီကျိုပရဟိတအသင်းက မျိုးစပါးတွေကိုလည်း ဒီဂိုထောင်မှာပဲ သိုလှောင်ရတာ။ အခုလို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုထောင်ကို အထက်သက်ဆိုင်တဲ့ဌာနက နှစ် ၂၀ ငှားလိုက်ပြီဆိုတော့ ကျွန်တော်တို့မြို့အတွက် မရှိမဖြစ်လိုအပ်တဲ့အရာတွေဖြစ်တာကြောင့် သက်ဆိုင်ရာဌာနတွေကို ငှားရမ်းဂိုထောင်တွေနဲ့ပတ်သက်ပြီး သေချာစွာ ပြန်လည်စိစစ်ပေးဖို့ ကျွန်တော်တို့ အဆင့်ဆင့်စာတင်သွားမှာဖြစ်ပါတယ်" ဟု တိုက်ကြီးမြို့အထောက်အကူပြုအဖွဲ့မှ ဦးမျိုးမင်းသူက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း တာချီလိတ်၌ဖွင့်လှစ်

**တာချီလိတ် မေ ၁၃**
မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်း၍ နယ်စပ်ဒေသများရှိ လုပ်သားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် စက်မှုလက်မှုအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ မုန့်ပြုလုပ်နည်းသင်တန်းကို မေ ၁၁ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ချင်းရိုင်းခရိုင် စက်မှုလက်မှုအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး မစ္စတာမီဒေချားက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လက်တွေ့သင်ကြားပေးမည့် မုန့်ပြုလုပ်နည်းများနှင့်စပ်လျဉ်း၍ သင်တန်းတာဝန်ခံဆရာများက ရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ နံနက် ၁၀ နာရီတွင် ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၌ နယ်စပ်ဒေသရှိ လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ချင်းရိုင်းခရိုင် စက်မှုလက်မှုအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းအား အိမ်တွင်းမှုကျောင်းတွင် ဆက်လက်သင်ကြားပို့ချရာ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြားရှိ သင်တန်းသား ၂၅ ဦးတို့အား မုန့်ပြုလုပ်နည်းများကို မေ ၁၁ ရက်မှ ၁၃ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မုန့်ပြုလုပ်နည်းသင်တန်းကို လာအိုနိုင်ငံတွင်သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းအမှတ်စဉ်(၄)နှင့်(၅) အား မြန်မာနိုင်ငံ တာချီလိတ်မြို့တွင် ဖွင့်လှစ်သင်ကြားပေးရာ နယ်စပ်ဒေသများတွင် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုမြင့်မားပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ဝက်လက် မေ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း ဧပြီ ၂၁ ရက်မှ ၂၄ ရက်ထိ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ်များပြိုကျပျက်စီးခြင်း၊ အမိုးလန်ပျက်စီးခြင်း စသည့်လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးရန်ပုံငွေနှင့် အလှူရှင်များ၏လှူဒါန်းငွေများကို လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးအပ်ရာ မြို့နယ်အတွင်းရှိ လေဘေးကြောင့်ပြိုကျပျက်စီးခဲ့သော အိမ်ခြေ ၃၀၀ နှင့် အမိုးလန်သည့် အိမ်ခြေ ၂၇၁ အိမ်တို့အတွက် စုစုပေါင်းငွေကျပ်သိန်း ၁၄၁၁၀၀၀၀ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# သောက်သုံးရေလိုအပ်လျက်ရှိသည့်ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ပုဗ္ဗသီရိ မေ ၁၃**
အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ မေ ၁၂ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု ဝဲကြီးကျေးရွာအတွင်းရှိ အိမ်ခြေ ၁၂၁ အိမ်၊ လူဦးရေ ၅၈၁ ဦးအတွက် ရေဂါလန် ၁၈၀၀ နှင့် စက်ကုန်းကျေးရွာအတွင်းရှိ အိမ်ခြေ ၁၂၀ မှ လူဦးရေ ၄၇၇ ဦးအတွက် ရေဂါလန် ၁၈၀၀ စုစုပေါင်းရေဂါလန် ၃၆၀၀ အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဒေါ်နုနုရီ၊ ပြင်ပအလှူရှင် ဒေါ်စိုးစိုးယုတို့က ဥက္ကရခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

# ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် နွေစပါးစံပြကွက် ၁၀ ဧက စံကွက်ရိတ်သိမ်း

**ကနီ မေ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် နွေစပါးကို ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာအများစုစိုက်ပျိုးကြရာ ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီတွင် ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ဧက ၇၅၀ စိုက်ပျိုးရန်လျာထားပြီး ဧက ၇၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ နွေစပါးစိုက်ပျိုးမှု၌ ကနဲကျေးရွာတွင် နွေစပါးစံပြကွက် ၁၀ ဧက စိုက်ပျိုးထားပြီး မေ ၁၁ ရက်က ကနဲကျေးရွာအုပ်စု ကနဲကျေးရွာ ကွင်းအမှတ် ၈၄၊ ဦးပိုင်အမှတ် ၁၁၃/၁ တောင်သူဦးသက်ကြည်၏ စံပြစိုက်ကွက်တွင်သုည ဒသမ ၁၀ ဧကအား စံကွက်ရိတ်သိမ်းရာ ခြွေလှေ့ပြီး တစ်ဧကအထွက်နှုန်း ၁၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိက "ယခုနှစ် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီမှာ သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေးနှင့် လိုအပ်တဲ့စိုက်ပျိုးရေးနည်းစနစ်များ ကူညီဆောင်ရွက်ပေးပြီး ကျွန်တော်တို့မြို့နယ်အနေဖြင့် စိုက်ပျိုးချိန်နှင့်ကိုက်ညီသည့် စပါးမျိုးများဖြစ်သည့် ရက်ကိုးဆယ်စပါး၊ ပုလဲသွယ် (GWI) နှင့် သီးထပ်ရင်စပါးများကို အများဆုံးစိုက်ပျိုးကြတာဖြစ်တဲ့အတွက် အခုကနဲကျေးရွာအုပ်စုတွင် နွေစပါးအထွက်ကောင်းခဲ့ခြင်းဖြစ်ပါတယ်" ဟု ရှင်းလင်းပြောပြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ခရိုင်အဆင့် ခရိုင်စိုက်ပျိုးရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ဦးခင်မောင်ဝေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းဇင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ကနီမြို့နယ်တွင် စံပြစိုက်ကွက်စိုက်ပျိုးထားမှုနှင့် စပါးအထွက်နှုန်းများကို ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် ကနဲကျေးရွာအုပ်စုအတွင်းမှ နွေစပါးစိုက်တောင်သူများလည်း တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



# Akömoem tvif;zma0 yif;vkd



**à** မိုးလွင်ဦး(လွိုင်လင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၀ တွင်တည်ရှိပြီး အေးချမ်းသာယာသည့်မြို့ဖြစ်သည်။ ပင်လုံဟု အမည်သိလိုက်ရလျှင်ပင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိရန် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ ပင်လုံမြို့ကို ရောက်ဖူးသူလည်းရှိပြီး မရောက်ဖူးသူလည်းရှိပါမည်။ ပင်လုံမြို့သည် ဘာသာသာသနာ ထွန်းကားရာမြို့လည်းဖြစ်သည်။

ပင်လုံမြို့၌ ယခုနှစ် ၂၀၁၆ ခုနှစ်၊ ၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၉ ရက်မှ ကဆုန်လပြည့်နေ့အထိ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ ရှမ်းဘာသာပြန် စာပွဲတော်ကို စည်ကားသိုက်မြိုက်စွာ (၅၈)ကြိမ်မြောက် ကျင်းပတော့မည်ဖြစ်သည်။ စာဖြေသံဃာများ၊ အာဂုံဆောင်သံဃာများ၊ ကြီးကြပ်ဆရာတော်များ စုစုပေါင်း ၂၀၀၀ ကျော်ဝင်ရောက်ဖြေဆိုကြတော့မည်ဖြစ်သည်။

၁၃၇၇ ခုနှစ် တွင် (၅၇) ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ ရှမ်းဘာသာပြန် စာပွဲတော်ကျင်းပခဲ့သည်များကို ပြန်လည်တင်ပြရသော် -

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၇) ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ ရှမ်းဘာသာပြန်စာပွဲတော်ကို မေလ ၁၁ ရက် မှ မေလ ၁၇ ရက်ထိ ပင်လုံမြို့ရှိ ရှမ်းပိဋကတ်ကျောင်းနှင့် မင်္ဂလာမွေတော်ကျောင်းတို့၌ ကျင်းပကြောင်း သိရသည်။ အဆိုပါစာပွဲတော်တွင် သတင်းမှတ်တမ်းယူရန် စာရေးသူသည် မေ ၁၂ ရက် နံနက်ပိုင်းက သွားရောက်၍ သက်ဆိုင်ရာပွဲတော်ကျင်းပရေးကော်မတီများနှင့်တွေ့ဆုံ၍ သိလိုသည်များကိုမေးမြန်းပြီး စာပွဲတော် ပထမနေ့ ရေးဖြေစာမေးပွဲခန်းရှိ ကြီးကြပ်ဆရာတော်များထံ ခွင့်ပန်ကာ မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။

(၅၇) ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာပွဲတော်ကျင်းပလာပုံနှင့် ပတ်သက်၍ အနည်းငယ်တင်ပြရမည်ဆိုလျှင် မြတ်စွာဘုရား၏ သာသနာတော်သုံးရပ်ဖြစ်သည့် အခြေခံရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော်ကြီးကို ပြုစုချီးမြှောက်သောအားဖြင့် ထိုသာသနာတော်သုံးရပ်ကို အစဉ်တည်တံ့ပြန့်ပွားထွန်းကား တိုးတက်စေခြင်း၊ ပိဋကတ် သမိုင်းဦးကျေးဇူးရှင် မိုင်းရှူးဆရာတော်ဘုရားကြီး၏ ပိဋကတ်ရှမ်းဘာသာအဖြစ်သို့ ဘာသာပြန်ထားတော်မူသော ပိဋကတ်ကျမ်းစာ တရားတော်များကို များလှစွာသော ရဟန်းရှင်၊ လူ ပုဂ္ဂိုလ်တို့အား လိုက်နာကျင်းသုံး၊ သိစေလိုသည့် ရည်ရွယ်ချက်များဖြင့် ပရိယတ္တိသဒ္ဓမ္မပါလ ရှမ်းဘာသာပြန် စာပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ဆရာတော်များ၏ မိန့်ကြားချက်များမှသိရသည်။ ပရိယတ္တိသဒ္ဓမ္မပါလ စာပွဲတော် ၁၃၂၀ ခုနှစ် ကဆုန်လတွင် ကျင်းပလာခဲ့သည်မှာ ယခုနှစ် ၁၃၇၇ ခုနှစ်ကဆုန်လတွင် (၅၇)နှစ်မြောက် တိုင်အောင် ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်(၅၇)ကြိမ်မြောက် စာပွဲတော်သို့ ရှမ်းပြည်နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ ရေးဖြေစာမေးပွဲအတွက် သံဃာ ၉၃၁ ပါး၊ အာဂုံဆောင်ပြန်ဆိုပွဲအတွက် ၆၉၈ ပါး ကြွရောက် ဖြေဆိုကြရာ ကြီးကြပ်ဆရာတော် အပါး ၂၀၀ တို့နှင့် ပွဲတော်ကျင်းရေးကော်မတီများ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရသည်။ ရေးဖြေစာမေးပွဲကို မေ ၁၂ ရက်နှင့် မေ ၁၃ ရက်များတွင်လည်းကောင်း၊ အာဂုံပြန်ပွဲကို မေ ၁၄ ရက် နှင့် ၁၅ ရက်များတွင်လည်းကောင်း ကျင်းပပြီး အောင်ဆုဆက်ကပ်ပွဲကို မေလ ၁၇ ရက်တွင်ကျင်းပခဲ့သည်။ ကြီးကြပ်ဆရာတော် အပါး ၂၀၀ တို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့၌ကျင်းပလျက်ရှိသည့် (၅၇)ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမပါလ စာပွဲတော် စာအောင်သံဃာများအား အောင်ဆုလက်မှတ် ဆက်ကပ်ခြင်း အခမ်းအနားကို မေ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ပင်လုံမြို့ ပိဋကတ် ဘာသာပြန်ကျောင်း၌ ကျင်းပခဲ့သည်။

စာအောင်ဆုဆက်ကပ်ပွဲမစမီ မြင်ကွင်းအချို့ကို ပြည်သူအများကြည်ညိုသဒ္ဓါပွားများနိုင်ရန် တင်ပြရသော် နံနက် ၁၀ နာရီခွဲတွင် စာပွဲတော်ကြီးကြပ်ဆရာတော်များ၊ စာပွဲတော်ဝင်ဖြေ ကြသည့်သံဃာများအား ပိဋကတ်ကျောင်းနှင့်မွေတော်ကျောင်း ဆွမ်းစားဆောင်များတွင် သံဃာအပါး ၁၀၀၀ ကျော်အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြရာ ဆွမ်းမဘုန်းမီ သံဃာများ၏ ဆုတောင်းမေတ္တာပို့သသည့် အသံများသည် မိုးထက်ယံတိုင်အောင် သာခုခေါ်ရပေမည်။ သံဃာအပါး ၁၀၀၀ ကျော်သော်လည်း ဗုဒ္ဓဘာသာဝင်များပီပီ ဟင်းအမယ်စုံလင်စွာဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များကလည်း လှစ်ဟင်းမှုမရှိအောင် စေတနာသဒ္ဓါတရာထက်သန်စွာဖြင့် မမောနိုင်မပမ်းနိုင် တာဝန်ကိုယ်စီ ကျေပွန်ကြသည်မှာလည်း အင်မတန်မှ ကြည်ညိုသဒ္ဓါပွားများမိပါသည်။ စကားချပ်အနေဖြင့် တစ်ချိန်တုန်းက ထင်ရှားကျော်ကြားခဲ့သည့် အဆိုတော်သရုပ်ဆောင် ဦးဝင်းဦး၏ 'သဒ္ဓါမချို့လေတယ် မြန်မာတို့တွေရယ် . . . အိုးစည်ဗုံမောင်းခြိမ့်ခြိမ့်ညောင်းလို့ရယ်' သီချင်းကို သတိရမိပါသည်။

၁၃၇၇ ခုနှစ် ကဆုန်လကွယ်နေ့ မေ ၁၇ ရက် မွန်းတည့် ၁၁ နာရီ ၄၅ မိနစ်တွင် (၅၇)ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမပါလ စာပွဲတော် စာအောင်သံဃာများအား အောင်ဆုလက်မှတ် ဆက်ကပ်ခြင်း အခမ်းအနားကို ပင်လုံပိဋကတ်ကျောင်းကြီးပေါ်တွင် ကျင်းပမည်ဖြစ်ရာ စာပွဲတော် ကျင်းပရေးကော်မတီ နာယကဆရာတော်များနှင့် စာအောင်သံဃာများသည် ပင်လုံမွေတော်ကျောင်းမှ ပင်လုံမြို့ ပိဋကတ် ဘာသာပြန်ကျောင်းသို့ ကြွချီအပူဇော်ခံရာ ဒေသခံပြည်သူများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဘွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ ကြီးကြပ်ဆရာတော်များက ရှေ့ဆုံးမှ ဦးဆောင်၍ ဓမ္မာစရိယအောင် သံဃာများ၊ ယင်းနောက်ရေးဖြေအောင်နှင့် အာဂုံပြန်အောင်သံဃာတော်များသည် စနစ်တကျစီတန်း၍ အခမ်းအနား ကျင်းပမည့်ကျောင်းကြီးပေါ်သို့ ကြွချီတော်မူကြသည်။ ထိုသို့ ကြွရာ အပူဇော်ခံရတွင် ရှမ်းရိုးရာအိုးစည်ဗုံမောင်းတီး၍လည်းကောင်း၊ ရှမ်းရိုးရာဆိုင်ဝိုင်းမှ ကျက်သရေမင်္ဂလာရှိသော တီးလုံးများဖြင့် တီးခတ်ပူဇော်သည်မှာလည်း ဝမ်းသာပီတိဂွမ်းဆီထိသကဲ့သို့ ရင်ထဲ၌ ဖော်မပြနိုင်အောင် ခံစားရမိပါသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်တိုင်း ဆက်လက်ကျင်းပရာ (၅၇) ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမပါလ စာပွဲတော်ရေးဖြေတွင် အခြေပြုမူလတန်းအောင် ၃၀၈ ပါး၊ ပထမတန်းအောင် ၁၆၅ ပါး၊ ဒုတိယတန်းအောင် ၇၇ ပါး၊ တတိယတန်းအောင်၃၂ ပါး၊ စတုတ္ထတန်းအောင် အပါး ၂၀၊ ပဥ္စမတန်းအောင် ၉၇ ပါး၊ ဆဋ္ဌမတန်းအောင် ခုနစ်ပါး၊ ဓမ္မာစရိယအောင် ကိုးပါး စုစုပေါင်း ရေးဖြေ ၆၂၈ ပါး၊ အာဂုံပြန်ဆိုပွဲတွင် အခြေပြုမူလတန်းအောင် ၂၇၅ ပါး၊ ပထမတန်းအောင် ၁၅၈ ပါး၊ ဒုတိယတန်းအောင် ၉၉ ပါး၊ တတိယတန်းအောင် ၃၃ ပါး စုစုပေါင်း အာဂုံပြန်ဆို ၅၆၅ ပါးတို့အား ဆရာတော် ဘဒ္ဒန္တဒေါက်တာပညာနန္ဒ (နိုင်ငံတော်သံဃမဟာနာယကတွဲဖက်အကျိုးတော်ဆောင် ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃအဖွဲ့ဥက္ကဋ္ဌ) နှင့် ပွဲတော်ကျင်းပရေးကော်မတီနာယက ဆရာတော်များက အောင်လက်မှတ်များချီးမြှင့် ဆက်ကပ်ပေးတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အဆိုပါစာပွဲတော်သို့ ရေးဖြေ ၉၃၁ ပါး ဖြေဆိုခဲ့ရာ ၆၂၈ ပါးအောင်မြင်တော်မူပြီး၊ အာဂုံဆောင် ၆၉၈ ပါး အာဂုံပြန်ဆိုကြရာ ၅၆၅ ပါး အောင်မြင်တော်မူကြကြောင်း သိရသည်။

ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့၌ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလျက်ရှိသည့် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမပါလ စာပွဲတော်သည် (၅၇)ကြိမ်မှသည် နောင်နှစ်ပေါင်းများစွာအထိ သာသနာတော်ကြီးတည်ရှိ ပြန့်ပွားနေသ၍ ပရိယတ္တိသဒ္ဓမပါလ စာပွဲတော်သည်လည်း ထာဝရတည်တံ့နေပြီး ဗုဒ္ဓသာသနာ အလင်းဝေဖြာသည့် ပင်လုံမြေ မှ ဘဝဂ်ထက်ယံ မိုးထက်ညံသို့ သာခုခေါ်ဆိုလိုက်ရပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# စိုက်ပျိုးထုတ်လုပ်မှု အဟာန့်အတားမဖြစ်ပေါ်စေရေး တောင်သူပညာပေး

**ဘားအံ မေ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် မင်းဇီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခြောက်ရွာမှ တောင်သူများအား အယ်နီညို ရာသီဥတုဖြစ်ပေါ်မှုကြောင့် မိုးစပါး



အပါအဝင် မိုးသီးနှံပင်များ၊ နှစ်ရှည်သီးနှံပင်များ၊ စိုက်ပျိုးထုတ်လုပ်မှု အနှောင့်အယှက်အဟန့်အတားမဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်နိုင်စေရေးအတွက် ဘားအံမြို့နယ် စိုက်ပျိုးနည်းပညာပေးအဖွဲ့များက ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံပညာပေးခြင်းကို မေ ၁၀ ရက်က သွားရောက်ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ပညာပေးဆွေးနွေးပွဲတွင် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးမှုအတွက် မျိုးကောင်း မျိုးသန့်များ သုံးစွဲလာစေရေး၊ မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများကို စနစ်တကျအချိန်ရာသီနှင့် အညီဆောင်ရွက်ရေး၊ ကျရောက်နိုင်သည့် ပိုးမွှားရောဂါများကို စနစ်တကျ ကြိုတင်ကာကွယ်နိုင်ရေး၊ သွင်းအားစုများ သုံးစွဲမှုအပိုင်းတွင်လည်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကိုစနစ်တကျအချိုးကျရောစပ်သုံးစွဲရေး၊ အချိန်ကိုက်အချိုးကျ သုံးစွဲရေး၊ စိုက်ပျိုးမှုလုပ်ငန်းစဉ်အဆင့်တိုင်းတွင်လည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အလေး အနက်ထားပြီး ဆောင်ရွက်လာစေနိုင်ရန်အတွက် ဘားအံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဦးနှင့် စိုက်ပျိုးနည်းပညာပေးအဖွဲ့များမှ အကြံပြုပညာပေး ဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆိုပါဝင်ရေးသားရန်ဖိတ်ခေါ်ပါသည်။သို့သော်ကြမ်းတမ်းပြင်းထန်သောအယူအဆ၊အရေးအသားများကိုမူသတင်းစာ၏မူဝါဒအရဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)*

# အစိုးရသစ်အတွက် ပြည်သူကပေးမယ့်ဆုလာဘ် (သို့) အခြေခံအချက်တွေကို အရင်ပြုပြင်ပေးသင့်သော အမြန်လမ်းမကြီး

**à သန်းဖြိုးနိုင်(ကညင်ကျိုး)**

အစိုးရသစ်ရဲ့ နိုင်ငံတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကဏ္ဍများအလိုက် ရက် ၁၀၀ စီမံချက်ချပြီး အကောင်အထည်ဖော်ဆောင်ရွက်လာနေတဲ့လုပ်ငန်းနဲ့ အတူ အခုဆိုရင် နိုင်ငံတော်တည်ဆောက်ရေး ယန္တရားအသစ်ကြီးလည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ စတင်လည်ပတ်နေပြီဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ဒီလို စတင်လည်ပတ်ပတ်ချင်းအချိန်ကာလမှာ ဘယ်အရာတွေကို အရင်ဆုံးပြုပြင်ပြောင်းလဲပေးဖို့ သင့်သလဲလို့ ကျွန်တော့ကို မေးလာရင်တော့ အများပြည်သူလူတန်းစားပေါင်းစုံနဲ့ ဆက်နွယ်သက်ဆိုင်တဲ့ အမြန်လမ်းမကြီးကိုပဲ အင်တိုက်အားတိုက်နဲ့ လမ်းတစ်လျှောက် အစမှအဆုံး အဦးဆုံး ပြုပြင်ပေးပါလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ယခုလက်ရှိမှာတော့ စစချင်းမိုင် ၂၀ ကို စတင်ပြီး အဆင့်မြှင့်တင်တာတွေ၊ အမြန်လမ်းတစ်လျှောက် အသိပညာပေး ဆောင်ရွက်တာတွေတော့ လုပ်နေကြပြီဆိုပေမယ့် ထိရောက်မြန်ဆန်တဲ့ ပြုပြင်မှုအဖြစ် ရှုမြင်လို့မရရှိသေး

> ဖြတ်သန်းသွားလာကြတဲ့ ပြည်သူတွေအနေနဲ့လည်း လမ်းကြေးတွေကို သူတို့ တောင်းခံ သလောက် ကြည်ကြည်ဖြူဖြူပေးဆောင်ထားကြရတာဖြစ်တဲ့အတွက် သူတို့ဘက်ကလည်း ပြည်သူတွေအပေါ် ဝန်ဆောင်မှုကောင်းကောင်းပြန်ပေး . . .

တာကြောင့်သာ ဒီလိုပြောရခြင်းဖြစ်ပါတယ်။

အစိုးရအသစ်အနေနဲ့ ဒီအမြန်လမ်းမကြီးကိုသာ နိုင်ငံတကာစံချိန်မီဖို့ အသာထားပြီး လုပ်သင့်လုပ်ထိုက်တဲ့ အချက်ကလေးတွေ အနည်းငယ်ကိုပဲ အင်နဲ့အားနဲ့ အချိန်တိုအတွင်း ထိထိရောက်ရောက် အမြန်ဆုံးပြုပြင်ပေးလိုက်မယ်ဆိုရင် ပြည်သူကပေးလာမယ့် ယုံကြည်အားကိုးမှုဆိုတဲ့ ဆုလာဘ်ကြီးကို အစိုးရသစ် ရယူနိုင်မှာပဲ ဖြစ်ပါတယ်။ ဒီလိုဆို ဘယ်လိုအချက်လေးတွေကို ပြုပြင်ပေးသင့်သလဲ၊ အခြေခံကျတာတွေက ဘာတွေလဲ၊ ဘယ်လိုအကျိုး ဖြစ်ထွန်းလာမလဲဆိုတဲ့ အချက်တွေကို ကောင်းကျိုးဆိုးကျိုးလေးတွေနဲ့ယှဉ်တွဲရင်း ကျွန်တော့အနေနဲ့ အကြံပြုရေးသားတင်ပြသွားမှာပဲ ဖြစ်ပါတယ်။

ဒီအမြန်လမ်းမကြီးရဲ့ ကောင်းကျိုးအကြောင်းလေး အစချီပြီးပြောရမယ်ဆိုရင် ရန်ကုန်ကနေ နေပြည်တော်ကို ထောက်ကြန့်လမ်းဆုံကနေစထွက်လို့ ပုံမှန်ကီလို၈၀၊ ၉၀လောက်နဲ့မောင်းရင် ခြောက်နာရီလောက်ပဲကြာသလို မန္တလေးအထိဆို ၁၀ နာရီလောက်ပဲကြာပါတယ်။ မြန်မြန်ဆန်ဆန်နဲ့ မြို့ရွာတွေကိုရှောင်ကွင်းပြီး ကားလေးများကောင်းမယ်ဆိုရင် စိတ်အေးလက်အေး အပန်းလည်း ဖြေရင်း ချစ်ဇနီးလေးနဲ့ ပျားရည်ဆမ်းခရီးသွားလိုလည်းရပါတယ်။ မြို့ကြီးပေါ်မှာ တစ်နေ့တစ်နေ့ ကားသံတွေ၊ ခေတ်ဆီဒီဇယ်ဆီအနံ့တွေနဲ့ နေလာလို့ မွန်းကြပ်ခဲ့လေသမျှကို တောရိပ်တောင်ရိပ်လေးခိုရင်း တရားဘာဝနာလေးတောင် ရှုမှတ်ပြီး ဖြည်းဖြည်းအေးအေးဆေးဆေးလေး အပန်းဖြေခရီးတစ်ခုသဖွယ်နားနားနေနေသွားလို့လည်း ကောင်းလှပါတယ်။ဒါက ကောင်းကျိုးလေးတွေပါ။

လမ်းရဲ့အားနည်းချက်တွေကတော့ အချို့နေရာအတော်များများမှာ ကွန်ကရစ်ခင်းထားတာမို့ ကားသမားစကားနဲ့ပြောရရင် ငြိမ့်ညောင်းမှုအပိုင်းတွေအားနည်းပြီး တာယာတွေရဲ့ လေပေါင်အတက်အကျနဲ့ အအေးကိုမရသလို ညအချိန်ဆိုရင် အဖြူရောင်ဖြစ်နေတာမို့ အလင်းပြန်ပြီး ယာဉ်မောင်းသူရဲ့ မျက်စိကို ဒုက္ခပေးပါတယ်။ အတက်အဆင်းတွေများပြီး အကွေ့အကောက်တွေများတာမို့ အရှိန်လွန်တိမ်းစောင်းမှုတွေရှိသလို ဘေးနှစ်ဖက်မှာ အကာအရံတွေမရှိတာမို့လည်း ခွေးတွေ၊ ကြောင်တွေ၊ နွားတွေ၊ ကျွဲတွေအချိန်မရွေးဝင်လာပြီး ကားရှေ့ကဖြတ်ပြေးနိုင်ပါတယ်။ အရှိန်တိုင်းကရိယာတွေနဲ့ ယာဉ်မှတ်တမ်းရယူမယ့် CCTV တွေနေရာ ခပ်စိတ်စိတ်မှာ မထားနိုင်တာရယ်၊ ယာဉ်မောင်းနှင်သူတွေ သောက်စားထားသလား၊ သူတို့ရဲ့ ယာဉ်မောင်းချိန် သုံးနာရီ လေးနာရီကျော်နေပြီလား။ လမ်းခုလတ်မှာ နားခဲ့သလားဆိုတာလည်း မစစ်ဆေးနိုင်ပါဘူး။ ဒါကလည်း အားနည်းချက်တွေထဲက အချို့လောက်ကို တင်ပြခြင်းပါ။

ကျွန်တော်ရောက်ခဲ့ဖူးတဲ့ ဥရောပနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေရဲ့ အမြန်လမ်းမတွေဆိုရင် အမြန်လမ်းအပေါ်ကို ယုန်တစ်ကောင်၊ တောကြက်တစ်ကောင်လောက်တောင် ဖြတ်ပြေးလို့မရအောင် အစကနေအဆုံးအထိ သံဆန်ကာကာထားပေးပါတယ်။ ပြင်ရမယ့်အချက်တွေအများကြီးရှိတဲ့ကြားက ကျွန်တော့အနေနဲ့ ဒီအချက်ကိုပဲ အဦးဆုံးဘာကြောင့် ပြောရသလဲဆိုရင် ကျွန်တော်တို့ကီလို၁၀၀ လောက်နဲ့ မောင်းနေချိန်မှာ ကားရှေ့ကနေခွေးမပြောနဲ့ ကြက်လေးတစ်ကောင်လောက် ရှေ့ကဖြတ်ပြေးရင်တောင် ဘယ်လိုနေမလဲ၊ ကားမောင်းဖူးတဲ့သူတိုင်း သိကြပါတယ်။

ယခု ရက်ပိုင်း လပိုင်းမှာ ဖြစ်ပေါ်နေတဲ့ ယာဉ်တိမ်းမှောက်မှုတိုင်းရဲ့ ရာခိုင်နှုန်းအတော်များများမှာ ဒီကိစ္စတွေ ပါဝင်နေပါတယ်။ ကျွန်တော်ရောက်ခဲ့ဖူးတဲ့ ဥရောပနိုင်ငံတွေဖြစ်တဲ့ ပိုလန်နိုင်ငံ၊ ဂျာမဏီနိုင်ငံ နဲ့ ဘယ်လ်ဂျီယံနိုင်ငံတွေမှာဆိုရင် အမြန်လမ်းနဲ့ပတ်သက်လာရင် လမ်းပေါ်ကထွက်ပေါ်လာတဲ့ ကားသံတွေကိုတောင် ဘေးနားကနေတဲ့လူတွေ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ အသံထိန်း Wall တွေကာရံ ထားပေးပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ မပြောပါနဲ့တော့လို့ပဲ ပြောရမယ်ထင်ပါတယ်။

နောက်ကျန်တာလေးတွေအထဲက အချို့ကို ဆက်ပြောရရင် သုံးနာရီ မောင်းပြီးတိုင်း နာရီဝက် နားကြရပါတယ်။ နှစ်ဖာလုံအကွာအဝေးတိုင်းမှာ အမြန်နှုန်းကို ထိန်းတဲ့စက်နဲ့ CCTV တပ်ထားပေးတယ်။ သတ်မှတ်အမြန်နှုန်းထက် တင်လိုက်ပြီဆိုတာနဲ့ တစီစီအော်ပြီး သတိပေးနေပါတယ်။

နောက် ကျွန်တော်ရောက်ခဲ့တဲ့ အာရှတိုက်က အိန္ဒိယနိုင်ငံမှာ ဆိုလည်းအမြန်လမ်းကြီးကို ကွန်ကရစ်နဲ့ပဲ ဖောက်လုပ်ထားပေမယ့် အပေါ်ယံကို နိုင်လွန် ကတ္တရာခပ်ပါးပါး လွှမ်းထားပေးပြီး လမ်းကအစကနေအဆုံးအထိ ရေပြင်ညီပါပဲ။ အဆင်း အတက်မရှိပါဘူး။ လမ်းဘေးနားက ရွာတွေကလူတွေ ကားတွေကျော်ဖြတ်ဖို့အတွက် Underpass ဆိုတာရှိသလို Overpass ဆိုတာတွေလည်းရှိပါတယ်။ ဒီအတွက်ပဲ လမ်းတွေဟာ အတက်အဆင်းနည်းပါးကြပါတယ်။

ဆိုလိုချင်တာကတော့ ဒီအမြန်လမ်းမကြီးကို မှီခိုပြီးသွားလာနေကြတဲ့ ပြည်သူတွေအနေနဲ့ လမ်းနဲ့ဆိုင်တဲ့ အင်ဂျင်နီယာဘာသာရပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် မသိကြပေမယ့်လည်း အမြန်လမ်းတစ်လျှောက် ဘေးဘယ်ညာတစ်ဖက်စီကို သံဆန်ကာလေးကာပေးလိုက်ရင်၊ အတက် အဆင်းတွေ နည်းနည်းဖြေပေးလိုက်ရင်၊ အကွေ့အကြိုးတွေကို ဆန့်ပေးလိုက်ရင် ပိုမောင်းလို့ကောင်းမယ်ဆိုတာလောက်တော့ ပြည်သူတွေနားလည်းထားကြတယ်လို့ ကျွန်တော်ထင်ပါတယ်။

နောက်အခြားနိုင်ငံတွေမှာတော့ အမြန်လမ်းတစ်လျှောက်မှာ လမ်းကြောင်းထိန်းဖို့စစ်ဖို့ ယာဉ်ထိန်းရဲလည်း တွေ့ခဲ့ရသေးတယ်။ လမ်းကြောင်းထိန်းဖို့ဆိုတာ လမ်းပေါ်ကို လူတွေ၊ ဆိုင်ကယ်တွေ တက်လာခြင်း ရှိ-မရှိ၊ ဘေးအကာတွေ ပေါက်နေ၊ ပျက်နေခြင်းရှိ-မရှိနဲ့ အဓိကကတော့ သူတို့ မသင်္ကာတဲ့ကားတွေကို Gateတွေ ကနေပြီး ကျွန်တော်အထက်ကတင်ပြခဲ့သလို အရက်သောက်-မသောက်နဲ့ လမ်းမှာနားခဲ့ခြင်းရှိ-မရှိ စစ်ကြတာပါ။

နောက်သူတို့ဆီမှာရှိတဲ့ ကားတိုင်းမှာ-GPS စနစ်နဲ့ မောင်းနှင်မှုကိုမှတ်တမ်းထားတဲ့ ကက်ဘောက်လေးတွေ ကားတိုင်းမှာတပ်ဆင်ထားရတယ်။ လေယာဉ်ပျံက Black Box လိုမျိုးပါ။ သူတို့ဆီမှာ ယာဉ်မှတ်ပုံတင်စဉ်ကတည်းက ဒါတွေတပ်ထားလိုက်ကြတယ်။ ယာဉ်ထိန်းရဲကစစ်လို့တွေ့ပြီဆိုတာနဲ့ လမ်းမှာမနားရသေးရင်း နားခိုင်းထားသလို (အင်ဂျင်ရော လူရော အနားပေးရတယ်သဘောပါ) သောက်ထားရင်လည် အမူးပြေအောင် တားထားပါတယ်။

အမြန်လမ်းပေါ်က တချို့ရွာတွေကို ဖြတ်သန်းသွားရတဲ့အခါမှာလည်း အဝေးကြီးမှာကတည်းက အချက်ပြဆိုင်းဘုတ်တွေ အစီစီအရီရီ ပြထားသလို အရှိန်များနေပြီဆိုရင်လည်း အရှိန်လျှော့ဖို့ ပွိုင့်တွေကတစီစီအော်ပြီး သတိပေးနေတာကို တွေ့ခဲ့ရပါတယ်။ နောက်ပြီး အမြန်လမ်းမကြီးတစ်လျှောက်မှာ သတိပေးဆိုင်းဘုတ်တွေ တစ်လမ်းလုံး ဝေဝေဆာဆာကို ဖော်ပြစိုက်ထူထားတာလည်း တွေ့ခဲ့ရပါသေးတယ်။ နောက် သူတို့ဆီမှာရှိတဲ့ အမြန်လမ်း ယာဉ်ထိမ်းရဲတွေက Mobile ပါ။

နောက်အရေးကြီးတဲ့ တစ်ချက်ကတော့ အမြန်လမ်းမကြီးတစ်လျှောက် သွားရင်းလာရင်း စက်ချွတ်ယွင်းသွားပြီဆိုရင် ယာဉ်ထိန်းရဲတွေကို ဖုန်းဆက်လိုက်တာနဲ့ သူတို့က ယာဉ်ပြင်အဖွဲ့တွေ၊ ယာဉ်ဆွဲယာဉ်အပါအဝင် အခြားပေးရမယ့် ဝန်ဆောင်မှုတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ နာရီဝက်အတွင်း အမြန်ရောက်လာတတ်ကြတယ်။ အဲဒီလောက်အထိ သူတို့ဆီမှာ ဝန်ဆောင်မှုကောင်းကြတာပါ။ အမှန်တကယ်တော့ ဘယ်လမ်းပဲ ဖြစ်ဖြစ် ဒီလို ဝန်ဆောင်မှုတွေပေးရမယ့်တာဝန် သူတို့ဆီမှာရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြတ်သန်းသွားလာကြတဲ့ ပြည်သူတွေအနေနဲ့လည်း လမ်းကြေးတွေကို သူတို့တောင်းခံသလောက် ကြည်ကြည်ဖြူဖြူ ပေးဆောင်ထားကြရတာဖြစ်တဲ့အတွက် သူတို့ဘက်ကလည်း ပြည်သူတွေအပေါ် ဝန်ဆောင်မှုကောင်းကောင်းပြန်ပေးကြတာ ဖြစ်တဲ့အတွက် အပေးအယူသဘောဆန်ပါတယ်။

သူတို့ ဝန်ဆောင်မှုပေးတဲ့အဖွဲ့တွေက တစ်နာရီလောက်အတွင်း အရောက်လာတတ်ကြပါတယ်။ ပြင်လို့ရရင်ရ မရရင်တော့ ယာဉ်ဆွဲယာဉ်နဲ့ တင်ဆွဲဆွဲသွားကြတယ်။ ဒါကလည်းဝန်ဆောင်မှု ကောင်းသလို လမ်းကြောင်းကို အတားအဆီးမဖြစ်အောင်၊ ပိတ်ဆို့မှုမဖြစ်အောင် ပြုလုပ်ကြတဲ့သဘောလည်းပါပါတယ်။

အချုပ်အားဖြင့် ကျွန်တော်တင်ပြခဲ့တဲ့ အပေါ်က အချက်လေးတွေကို ကြည့်လိုက်ရင် ကြီးကြီးမားမား ပြုပြင်ပြောင်းလဲပေးစရာ သိပ်မရှိလှသလို ဒီလိုအခြေခံကျတဲ့ ပြည်သူ့ဝန်ဆောင်မှုအချက်လေးတွေ အများကြီးကို ပြုပြင်ပြောင်းလဲဖို့လိုအပ်နေသေးတာကို တွေ့ကြရမှာပါ။

ဆိုလိုရင်းအချုပ်ကတော့ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း အခြားနိုင်ငံတွေက အမြန်လမ်းတွေရဲ့ အင်္ဂါရပ်တွေနဲ့ သူတို့က ပြန်ပေးတဲ့ဝန်ဆောင်မှုတွေကို သိရှိထားကြပြီး အစိုးရအသစ်ရဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကိစ္စတွေမှာ ကျွန်တော်တို့အပိုင်းကလည်း ဒီအချက်တွေကို အကောင်းဘက်က ထောက်ပြ တင်ပြပြောဆိုပေးကြခြင်းအားဖြင့် တစ်ဖက်တစ်လမ်းကလည်း ပြည်သူတွေရဲ့ အသက်အန္တရာယ်တွေကို ကြိုတင်တားဆီးကာကွယ်လာနိုင်လိမ့်မှာဖြစ်သလို အစိုးရကလည်း ပြန်လည်ဖော်ဆောင်ပေးခြင်းအားဖြင့် အစိုးရနဲ့ပြည်သူ အမြဲကြည်ဖြူလို့ တိုင်းပြည်လည်း စည်ပင်သာယာဝပြောလာမယ်လို့လည်း ထင်မြင်မိပါတယ်။

ဒီအတွက် ကျွန်တော်တို့ပြည်သူတွေအပိုင်းကလည်း အဆိုပါအချက်တွေအပြင် မိမိတို့ သိရှိလိုက်နာသင့်တဲ့ အချက်လေးတွေကို စောင့်ထိန်းလိုက်နာခြင်းအားဖြင့် နိုင်ငံ့ကောင်းကျိုး၊ အများကောင်းကျိုး ရွက်သယ်ပိုးမယ့်သူများဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသား တင်ပြလိုက်ရပါတယ်။



# ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA တို့လုပ်ငန်းခွင်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မန္တလေး မေ ၁၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၂၆ လမ်း၊ ၅၈ နှင့် ၅၉ လမ်းကြားရှိ အောင်မြင်ခြင်းဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး JICA မှ Mr.Takahashi Shingo က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲအား မန္တလေးတိုင်းဒေသကြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း စီမံချက်ဝင်မြို့ ၁၃ မြို့ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး မေ ၁၁ နှင့် ၁၂ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ပြုလုပ်ကာ ယခုအကြိမ်သည် တတိယကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းရည်ရွယ်ချက်များဖြစ်သည့် ကျေးလက်နေပြည်သူများသို့ သွင်းအားစုနည်းဖြင့် ရိုးရှင်းသော ငါးမွေးမြူရေးဆိုင်ရာနည်းပညာများ တိုးမြှင့်ပေးခြင်းဖြင့် ကျန်းမာသန်စွမ်းသော ငါးသားပေါက်များ ဖြည့်စည်းပေးနိုင်ရန်၊ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ အနီးပတ်ဝန်းကျင်ရှိ လယ်သမားများသို့ ဖြန့်ဝေပေးရန်အတွက် ဒေသအတွင်း ငါးသားပေါက်ထုပ်လုပ်သူ အမာခံလယ်သမားများအား ပြုစုပျိုးထောင်ပေးပြီး လယ်သမားများကြား လက်ဆင့်ကမ်းပညာပေးခြင်းဖြင့် လယ်သမားထုအကြား နည်းပညာဆိုင်ရာများ ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်ကာ အဆိုပါသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲအား ပြုလုပ်ခြင်းဖြစ်သည်။

ထို့အတူ JICA မှ လုပ်ငန်းခွင်အတွင်း လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရန် မော်တော်ဆိုင်ကယ်နှင့် ပစ္စည်းပို့ဆောင်ရေးယာဉ်ငယ်များ၊ နည်းပညာဆိုင်ရာပညာပေးလက်စွဲစာအုပ်များနှင့် ၎င်းတို့နှင့် ဆပ်စပ်ပစ္စည်းများ ပံ့ပိုးပေးလျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် JICA တို့ပူးပေါင်းကာ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး တိုးချဲ့ပညာပေးရေးစီမံကိန်းကို အမေရိကန်ဒေါ်လာ လေးသန်းရင်းနှီးမြှုပ်နှံကာ ၂၀၁၄ ခုနှစ် မတ်လတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၀၀၂)

## ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြော

**ရှာသစ် မေ ၁၃**
ကယားပြည်နယ် ဘောလခဲခရိုင် ရှာသစ်မြို့တွင် မေ ၁၁ ရက် နံနက် ၁၀ နာရီက ၅ နှစ်အောက်ကလေးများ ကိုယ်အလေးချိန် ချိန်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးဟောပြောပွဲအား ရှာသစ်မြို့နယ် ကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကျေးလက်ကျန်းမာရေးမှ အထက်တန်းသူနာပြုဆရာမ ဒေါ်နန်းစိန်ညွှန့်က သွေးတိုးရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်တို့၏ ကျန်းမာရေးနှင့်ပတ်သက်သည့် အကြောင်းအရာနည်းလမ်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ခဲ့ကြသည်။ **ကိုစိုင်း(လွိုင်ကော်)**

## မုံရွာမြို့နယ်အတွင်း ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်နေသည့်လမ်းလုပ်ငန်းများ ကြည့်ရှု



**မုံရွာ မေ ၁၃**
ကျေးလက်ဒေသဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း ကျေးလက်လမ်းတံတားလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်ဆွေနှင့် ဝန်ထမ်းများ ကြီးကြပ်ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လတ်တလောအချိန်မှာ အမှတ်(၂) ပြည်ထောင်စုလမ်းသစ်ဖောက်လုပ်ခြင်း၊ မြေသားတာပေါင်တင်ခြင်းလုပ်ငန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)လုပ်ငန်းတွေဖြစ်တဲ့ ကူတောပလ္လင်-ကြာပိုင်-ပေါက်ပင်လမ်း ကျောက်ချောလမ်းလုပ်ငန်း၊ ဘန်စီ-လှည်းဒါးမြိုင်စီလမ်း လမ်းပုံဖော်ထားရှိမှုနှင့် ဂျင်းကျောက်များ စုပုံထားရှိမှုအခြေအနေတွေကို ကွင်းဆင်းစစ်ဆေးကြည့်ရှုလျက်ရှိပြီး ကြီးကြပ်အင်ဂျင်နီယာဝန်ထမ်းများအား လုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါစီမံချက်လုပ်ငန်းများအား ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ကွင်းဆင်း၍ သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများသို့ ချပြဆွေးနွေးကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကူတောပလ္လင်-ကြာပိုင်-ပေါက်ပင် ကျောက်ချောလမ်းမှာ အရှည် ၂ မိုင် ၄ ဖာလုံနှင့် ဗန်စီ-လှည်းဒါး-မြိုင်စီ ဂျင်းလမ်းသည် အရှည် တစ်မိုင်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## မိုဘိုင်းစကူးကွန်ပျူတာသင်တန်းဖွင့်ပွဲ ကဝမြို့တွင်ကျင်းပ

**ကဝ မေ ၁၃**
ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ရာ မိုဘိုင်းစကူးကွန်ပျူတာသင်တန်းကို စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် မေ ၁၁ ရက် နံနက် ၉ နာရီက ကဝမြို့နယ်စည်ပင်သာယာခန်းမ၌ သင်တန်းဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား အင်းဝိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဝင်းကြိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မိုဘိုင်းစကူးကွန်ပျူတာသင်တန်းသို့ သင်တန်းသား ၈၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက်အလှူငွေ နှင့် ကျောင်းသုံးစာရေးကိရိယာများလှူဒါန်း

**နေပြည်တော် မေ ၁၃**
နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု အင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးအတွက် အလှူငွေပေးအပ်ခြင်းနှင့် အခြေခံပညာမူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများလှူဒါန်းခြင်းအခမ်းအနားကို မေ ၁၁ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးအေးမောင်စိန်နှင့် ဦးတင်ထွဋ်တို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး အလှူရှင် Art Wave Group Of Company နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက အင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၁၈၇ ဒသမ ၅ သိန်းတန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာအစုံ ၂၅၀၀၀ စုံကို လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့က လက်ခံရယူခဲ့သည်။ ယင်းနောက် အလှူရှင် Art Wave Group Of Company နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့ကြောင်းသိရသည်။ **ထွန်းထွန်းဝင်း**

## ကျောက်တံခါးမြို့တွင် မြို့နယ်သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်

**ကျောက်တံခါး မေ ၁၃**
ကျောက်တံခါးမြို့ သန့်ရှင်းသာယာလှပရေး မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန်နှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်းတွင် မေ ၁၁ ရက် နံနက် ၈ နာရီက လမ်းဘေးဝဲယာတွင် ရောင်းချနေသော စျေးဆိုင်များအား စနစ်တကျ စည်းကမ်းနှင့်အညီ တည်ခင်းရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထောက်ကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မစခန်းမှူးနှင့် ရဲဝန်ထမ်းများ၊ မြို့နယ်မြေစာရင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့ပေါ် ၅ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ ပူးပေါင်းကာ ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## သောက်သုံးရေအခက်အခဲဖြစ်နေသည့် မြို့နယ်များသို့ သောက်သုံးရေလှူဒါန်းမည်

**ရန်ကုန် မေ ၁၃**
Myanmar Star Dust Engineering Co., Ltd., နှင့် TODA CORPORATION JAPAN တို့မှဦးဆောင်၍ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်တို့ရှိ သောက်သုံးရေရှားပါးအခက်အခဲဖြစ်နေသည့် ကျေးရွာများသို့ မေ ၁ ရက်မှစတင်၍ တစ်ရက်လျှင်သောက်သုံးရေဂါလန် ၅၀၀၀ ကို နေ့စဉ်သွားရောက်လှူဒါန်းလျက်ရှိရာ မေ ၈ ရက်က သုံးခွမြို့နယ် (၇) ရပ်ကွက် ညောင်ပင်လေးကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းမှုကို မေလကုန်နှင့် မိုးရွာသည်အထိ နေ့စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(၆၀၈)**

## ကျောင်းကုန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေး လက်ကမ်းစာစောင်များဖြန့်ဝေ၍ ပညာပေးလုပ်ဆောင်

**ကျောင်းကုန်း မေ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းဇော်ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၅ ဦးသည် မေ ၁၂ ရက် နံနက် ၇ နာရီခွဲမှ နံနက် ၉ နာရီခွဲအထိ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရေးတို့ကို ကျောင်းကုန်းမြို့ဝင်လမ်းဆုံ၊ ကျောင်းကုန်း-အိမ်မဲလမ်းဆုံနှင့် မြို့တွင်းစျေးလမ်းဆုံတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၂၀၀ အား ဖြန့်ဝေပေးခဲ့ပြီး ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ရန်၊ ကုန်တင်ထော်လာဂျီယာဉ်များ မော်တော်ယာဉ်မှတ်ပုံတင်ပြုလုပ်ရန်၊ ယာဉ်မောင်းလိုင်စင် ပြုလုပ်ရန်တို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးတွင် ရက် ၁၀၀ အတွင်း ငါးသားပေါက် ကောင်ရေ ၃၃ သိန်းကျော် ထုတ်လုပ်သွားမည်



**မုံရွာ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးစားသုံးမှုဖူလုံစေရန်၊ ပိုလျှံငါးများကို အခြားတိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ရေဦး၊ ရွှေဘို၊ အင်ကြင်းကုန်း ငါးသားဖောက်စခန်းများမှ ရက်တစ်ရာအတွင်း ငါးသားပေါက်ကောင်ရေ ၃၃ ဒသမ ၆၀ သိန်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဌာနလက်အောက်မှာရှိတဲ့ ငါးသားဖောက်စခန်းသုံးခုက ထုတ်လုပ်မှာပါ။ ရရှိတဲ့ ငါးသားပေါက်တွေကို တိုင်းဒေသကြီးအတွင်းက မြစ်၊ ချောင်း၊ ဆည်၊ တမံများထဲမှာ အခမဲ့ငါးမျိုးစိုက်ထည့်မယ်။ ဂရန်အင်းနဲ့ ငါးမွေးမြူရေးကန်တွေမှာ မွေးမြူဖို့အတွက်လည်း ငါးသားပေါက်တွေကို အခကြေးငွေနဲ့ရောင်းချပေးသွားမှာပါ။ ဒီလုပ်ငန်းတွေအားလုံးကို ရက်တစ်ရာအတွင်း ဆောင်ရွက်သွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက် အရသိရသည်။

အဆိုပါငါးသာပေါက်များကို တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ရေဦးငါးသားဖောက်စခန်းမှ ကောင်ရေ ၁၃ သိန်း၊ ရွှေဘိုငါးသားဖေါက်စခန်းမှ ကောင်ရေ ၁၁ သိန်း၊ အင်ကြင်းကုန်းငါးသားဖောက်စခန်းမှ ကောင်ရေ ၉ ဒသမ ၆၀ သိန်းတို့ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# စားပွဲတင်ပုသိမ်ထီးအား နိုင်ငံခြားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားများအထူးနှစ်သက်

**ပုသိမ် မေ ၁၃**

မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် ဒေသသင်္ကေတထွက်ကုန်တစ်ခုခု ထင်ရှားရှိတတ်သည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်ထီးသည် နိုင်ငံကျော်မြန်မာမှုပစ္စည်းပင်ဖြစ်သည်။ ပုသိမ်ထီးအား ပွဲနေ၊ ပွဲထိုင် အလှူပွဲများတွင် လှည်းယဉ်ဖြင့် တွဲဖက်အသုံးပြုလေ့ရှိသည်။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့် ပုသိမ်ထီးမှာ လိုက်ဖက်တင့်တယ်၍ စွဲမက်ဖွယ်ပင်ဖြစ်သည်။ ပုသိမ်ထီးအား ပုသိမ်ထွက် မြန်မာ့အနုပညာပစ္စည်းဟု တစ်နိုင်ငံလုံးသိသလိုပင် ပုသိမ်ထီးအား ပိုမိုပေါ်လွင်စေသည့် သီချင်းတစ်ပုဒ်မှာ ယနေ့တိုင် ထင်ရှားလှပေသည်။ "ပုသိမ်ထီးကလေးနှင့်××ရုံးသွားရုံးပြန် ယဉ်တယ်တစ်မူ×× ပုသိမ်ထိပ်ထားအလှဘွဲ့ကိုလည်းယူ" ဆိုသော စာသားပါသည့် သန်းထွန်းလေး၏ မမပုသိမ်သူသီချင်းမှာ နိုင်ငံကျော်သီချင်းပင်ဖြစ်သည်။

ယခုခေတ်အခါတွင် ပုသိမ်ထီးအား နေ့စဉ်အသုံးပြုမှုနည်းသွားပြီး ပွဲနေပွဲထိုင် အလှူပွဲများတွင် အမြတ်တနိုး အသုံးပြုကြသည်။ ထိုသို့သောကာလတွင် တစ်မျိုးတစ်ဖုံ ဆန်းသစ်တီထွင်ထုတ်လုပ်ထားသော စားပွဲတင်ပုသိမ်ထီးငယ်ကလေးများကို နိုင်ငံခြားခရီးသွားဧည့်သည်များနှင့်အတူ အများပြည်သူတို့ အထူးနှစ်ခြိုက်၍ ရောင်းအားကောင်းလျက်ရှိသည်။ စားပွဲတင်ပုသိမ်ထီးအား စာရေးစားပွဲများ၊ ရုံးခန်းစားပွဲများတွင် အလှတင်နိုင်ရန် ကလပ်ဖြင့် ပြုလုပ်ထားသည်။ ကျန်သည့်အစိတ်အပိုင်းမှာ ပုသိမ်ထီးအစစ်ဖြစ်၍ ဖွင့်နိုင်ပိတ်နိုင်သည်။ စားပွဲတင်ပုသိမ်ထီးအား ပုသိမ်မြို့ရှိ ဟိုတယ်များတွင် လျှပ်စစ်မီးစလောင်းအဖြစ် အသုံးပြု၍ အလှဆင်လေ့ရှိသည်။

စားပွဲတင်ပုသိမ်ထီးအား အနည်းငယ်ဖွင့်ထားပြီး လျှပ်စစ်မီးလုံးပေါ်တွင် အုပ်မိုးအလှဆင်ထားပုံမှာလည်း လှပထူးခြားနေသည်။ စားပွဲတင်ထီးငယ်တစ်လက်အား ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချပြီး ဒေသအနှံ့မှ ပြည်သူများက နှစ်ခြိုက်စွာ ဝယ်ယူကြကြောင်း ပုသိမ်မြို့ ရွှေမြင်းပျံပုသိမ်ဟာလဝါနှင့် ပုသိမ်ထီးရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တိမ်တမန်**

# ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာတွင် ကျေးရွာမြေငှားဂရန်များပေးအပ်

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာအား မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန် ၇၁ ခုကို ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ယင်းနောက် ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

# အအေးဓာတ်ကြာရှည်ခံသည့် အိတ်ကလေးများ အရောင်းသွက်နေ

**ရေတာရှည် မေ ၁၃**

ပူပြင်းလွန်းသည့် ယခုရာသီတွင် သောက်ရေသန့်ဘူးနှင့်အအေးဘူးမျိုးစုံ ထည့်ယူသွားနိုင်သည့် အအေးဓာတ်ကြာရှည်ခံသည့် အိတ်ကလေးများ နယ်စျေးကွက်၌ ပစ္စည်းပြတ်လပ်သည်အထိ ရောင်းကောင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါအိတ်ကလေးများကို ခရီးဝေးမောင်းနှင်သည့် ယာဉ်မောင်းများ၊ ခရီးသွားများနှင့် သောက်ရေသန့်၊ အအေးဘူးမျိုးစုံကို အအေးဓာတ်ကောင်းစွာ သောက်သုံးလိုသူများက ဝယ်ယူသုံးစွဲလျက်ရှိကာ တစ်ခုလျှင် ကျပ်တစ်ထောင်ဝန်းကျင်သာ ပေါက်စျေးရှိသည်။

"ကျွန်တော်တို့က နွေရာသီကာလအတွက် အများကြီးကြိုတင်ဝယ်ယူထားရတာ။ အခုပစ္စည်းပြတ်ကုန်ပြီ။ မှာတာလဲခုထိ မရောက်သေးဘူး။ လာမေးတဲ့သူတွေက နေ့တိုင်းလိုလိုပဲ" ဟု ကေတုမတီမြို့သစ်ရှိ ကုန်စုံအရောင်းဆိုင်ရှင်က ပြောသည်။

အဆိုပါအိတ်ကလေးများမှာ တစ်ရက်တာအတွက် အအေးဓာတ်ကို ကောင်းစွာထိန်းထားနိုင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



**တောင်တွင်းကြီး မေ ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ မေ ၁၂ ရက် နံနက်ပိုင်းက မြို့မဈေးကြီးအနီး၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရှောင်တခင်စစ်ဆေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန်ဝေပေးခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေကို အသက်သွင်းခြင်းနှင့် ယင်းဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရန် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယခုလို အသိပညာပေးရခြင်းဖြစ်ကြောင်း၊ တောင်တွင်းကြီးမြို့နယ်မှာဖြစ်ခဲ့တဲ့ ယာဉ်မတော်တဆမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်စဉ်တွေမှာ ဆိုင်ကယ်ကြောင့်ဖြစ်တာ အများဆုံးဖြစ်ကြောင်း၊ ဆိုင်ကယ်စီးသည့်အခါ ဦးထုပ်ဆောင်းလျှင် အသက်အန္တရာယ်လုံခြုံစိတ်ချရမှုပိုများတယ်ဆိုတာ ပြည်သူတွေသိစေချင်လို့ ယခုလိုအသိပညာပေးရခြင်းဖြစ်ကြောင်း၊ ပညာပေးကာလကျော်လွန်ပြီးနောက်ပိုင်းတွင် စည်းကမ်းမလိုက်နာသူများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါအချက်များအတိုင်း တိတိကျကျ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ကြပ်ကြီးရဲဝင်းက ပြောကြားသည်။

ယင်းသို့ဆောင်ရွက်ရာတွင်တောင်တွင်းကြီးမြို့လယ်လမ်းဆုံနှင့် မြို့မဈေးကြီးရှေ့နေရာများ၌ အခြေပြု၍ပြည်သူ ၁၅၀၀ ကျော်တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးစစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(၅၈၀)**

# မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေးအသိပေးရှင်းလင်း

**စေတုတ္တရာ မေ ၁၃**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေး မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မေ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုချိုဝင်းက စေတုတ္တရာမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဒေါ်မို့မို့စိမ့်က မိခင်မှ သန္ဓေသားသို့ HIV ပိုး ကူးစက်မှုကာကွယ်တားဆီးရေးစီမံချက်အကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအသိပေးရှင်းလင်းပွဲမှာ မေ ၉ ရက်မှ ၁၁ ရက်ထိ သုံးရက်ကြာပြုလုပ်ခဲ့ပြီး မြို့နယ်အတွင်းရှိ အထက်တန်းသူနာပြု၊ မြို့နယ်သူနာပြုဆရာမများ၊ သားဖွားဆရာမများ၊ အမျိုးသမီးကျန်းမာရေး ဆရာမများ၊ ကျန်းမာရေးမှူးများ စုစုပေါင်း ၅၆ ဦးအား သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်

**ချောင်းဦး မေ ၁၃**

နွေရာသီ အပူချိန်မြင့်တက်လာမှုနှင့်အတူ ကျေးလက်ဒေသများတွင် သောက်သုံးရေလိုအပ်လျက်ရှိရာ ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလှူရှင်လှူဒါန်းငွေဖြင့် လေးလက်မစက်ရေတွင်းကို ဆက်လက်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းကို မှန်ချိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အတွင်း၌ တူးဖော်ပေးနေခြင်းဖြစ်ပြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကြိမ်(၂၀)မြောက် အလှူရှင်လှူဒါန်းငွေဖြင့် တူးဖော်ခြင်းဖြစ်သည်။

မှန်ချိုကျေးရွာအတွက် အလှူရှင် ၁၁ ဦး၏ လှူဒါန်းငွေကျပ်သိန်း ၇၀ ဖြင့် လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအပြင် ရေစက်ရုံတစ်ခုနှင့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက ပြောသည်။

**ရဲအောင်(ချောင်းဦး)**

**သီတာဂူရွှေပြည်ဟိန်း စေတ္တီဆေးရုံ ဇွန်လ၊ ၄၊၅ (၆၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ (၄-၅)ရက်များတွင် ၆၂-ကြိမ်မြောက် ဦးရေ (၇၇၃၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတာဂူရွှေပြည်ဟိန်း စေတ္တီဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ချမ်းကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စနေမာသိရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ကျေးဇူးတင်ရှိခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ တရားဝင်မှတ်ပုံတင်အမှတ် (၁၁၂/၂၀၁၅-၂၀၁၆)ဖြင့် ဖွဲ့စည်းခွင့်ရရှိထားသော ရန်ကုန်တိုင်း အိမ်၊ ခြံမြေ လုပ်ငန်းရှင်များအသင်းနှင့် i Myanmar House.comတို့ ပူးတွဲကျင်းပသည့် (၂၀၁၆-အိမ်ခြံမြေဈေးကွက် အလားအလာဟောပြောပွဲ)နှင့် ပထမအကြိမ်အသင်းသား စုံညီတွေ့ဆုံပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့်အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို အသင်းသူ၊ အသင်းသားများအားလုံးမှ ကျေးဇူးအထူးတင်ရှိပါသည်။

ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်းတွင် ပါဝင်ပြီး အသင်းအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးလိုသူများအား လေးစားစွာကြိုဆိုလျက် ရှိပါသည်။

**"ရန်ကုန်တိုင်း အိမ်ခြံမြေ၊ လုပ်ငန်းရှင်များအသင်း"**

အမှတ်(၁၂၃၅)၊ သစ္စာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။


ဖုန်း- **09-5195485, 09-5037488, 09-43121111, 09-250444829**

AZURA BEACH RESORT CHAUNG THA




လူကြီးမင်းတို့၏ အားလပ်ရက်လေးတွေမှာ ပျော်ပျော်ရွှင်ရွှင် အပန်းဖြေအနားယူနိုင်စေဖို့ ချောင်းသာကမ်းခြေမှာရှိတဲ့ AZURA Beach Resort မှ ထူးခြားကောင်းမွန်သော ဝန်ဆောင်မှုများ၊ သင့်တင့်မျှတသော အခန်းဈေးနှုန်းများ၊ အရသာရှိပြီး သန့်ရှင်းလတ်ဆတ်သော အစားအသောက်များနှင့်အတူ မိတ်ဟောင်းမိတ်သစ်များကို လိုက်လှဲပျူငှာစွာကြိုဆိုလျက်ရှိကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉၉၇၇၉၉၀၀၀၄၊ ၀၉၉၇၇၉၉၀၀၀၅၊ ၀၉၉၇၇၉၉၀၀၀၆



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING




TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon

အမှတ်(၃၁)၊ အခန်း (၅)၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook Pun Hlaing Siloam Hospitals

**အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို**

- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း



မေလ | ၁၉ | ရက်နေ့မှ | ၂၃ | ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ www.punhlaingsiloamhospitals.com


ဒပ်(ဖ်) - ဆံကေသာကို ၁၀ဆ
ပိုမိုသန်စွမ်းစေသည်
Dove
ပျက်စီးနေသော ဆံကေသာကို
ပြုပြင်ပေးမည့် No.1 ပညာရှင်
မြန်မာနိုင်ငံကို ရောက်ရှိနေပါပြီ။
Dove
Dove hairtherapy
Dove hairtherapy
Dove hairtherapy
Dove hairtherapy
DAMAGE SOLUTION
total damage treatment
conditioner
shampoo
total hair fall treatment
shampoo
conditioner

iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

တိုက်ခန်း နှင့် ကွန်ဒိုပေါင်းများစွာကို **အထူးလျှော့ဈေးနှုန်း** များဖြင့် အရစ်ကျဝယ်ယူနိုင်မည် ဖြစ်ပါသည်။ အိမ်ခြံမြေပညာရှင်ပေါင်း များစွာမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကို ပြပွဲအတွင်း ဟောပြောပေးမည် ဖြစ်ပါသည်။

**ပြပွဲသို့ တက်ရောက်လာသူများအား Samsung ဖုန်း၊ Tablet များနှင့် အခြား အိမ်သုံးပစ္စည်းတန်ဖိုးရှိ ဆုမဲပေါင်းများစွာ ကံစမ်းမဲပေါက်ပေါမည်။**

**မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။**

နေ့ရက် ... ၂၀၁၆ ဇွန်လ ၁၀ ရက်မှ ၁၂ ရက် အထိ
အချိန် ... နံနက် ၉:၀၀ နာရီ မှ ညနေ ၅:၀၀ အထိ
နေရာ ... တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

**ပွဲတက်ရောက်ရန် ကြိုတင်စာရင်း ပေးသွင်းသူများကို အထူးလက်ဆောင်ပစ္စည်းများ ပေးမည်ဖြစ်ပါသည်။**

ကြိုတင်စာရင်းပေးသွင်းရန် ဤနေရာသို့ သွားပါ။
www.imyanmarhouse.com/expo

အာရှနဂါး
Asia Dragon ကျွန်းထီးရိုး
ဈေးဝယ်သော/ချွေးအောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

သုံးရာသီ ဝမ္မဒါန
Tel: 420144146, 421153797

MY FRIEND
Ph:09450113969,09450114969,
098634423

## အနာဂတ်ဘဝခိုင်မာဖို့ အကောင်းဆုံးပြင်ဆင်လိုသော လူငယ်များအတွက်

City & Guilds **Diploma in Engineering (UK NQF Level 3, 4, 5) သင်တန်းများ**

ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ....

- Electronic Engineering (New)
- Electrical Engineering (New)
- Mechanical Engineering (New)
- Manufacturing Engineering (New)
- Electrical Installation
- Refrigeration & Air Conditioning
- Construction Engineering (Civil)

(Since 2004)

နံနက်ပိုင်း / နံနက်ပိုင်း ရွေးချယ်တက်နိုင်သည်။

ထူးခြားမှုများ
- City & Guilds မှ အသစ်ပြဋ္ဌာန်းလိုက်သော ' New Syllabus ' များဖြင့် သင်ကြားမည်။
- အင်ဂျင်နီယာလုပ်ငန်းခွင်အတွက် များစွာအသုံးဝင်သော ' Health and Safety , Environmental Regulation , Working Standard ,Quality Control , Planning and Scheduling , Engineering Design , Personal and Professional Development ' အစရှိသော ဘာသာရပ်များ သင်ကြားမည်။
- GLORYသည် သင်တန်းကျောင်းသက်တမ်း(၁၀)နှစ်အတွင်း သင်တန်းသား (18,000) ကျော် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကမ္ဘာ့အဆင့် မှတ်တမ်းရရှိ ...

GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

ဒဂုံမြို့သစ်
အရှေ့ပိုင်း
သိပ်တမ်းမြို့နယ်
ထောင်ပိုင်း မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

SWEETY HOME®
Living Mall (Hlaing)

စပရင်မွေ့ရာ၊ ပရိဘောဂနှင့်
မင်္ဂလာခန်းဝင် ပစ္စည်းအမျိုးမျိုး

UP TO 10% OFF

Promotion Date - 15th~31st May

အမှတ် (၈၂)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်
Hot Line - 09 9779 19555

NOW OPEN
— 15-5-2016 (SUN) —

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်ဝယ်ယူသူတိုင်းအတွက်
အမှတ်တရလက်ဆောင်များ နှင့်
ဗလာမပါကံစမ်းမဲများ ပါဝင်ပါသည်။

• ဖွင့်ပွဲနေ့တွင် ဤကြော်ငြာဖြတ်ပိုင်းဖြင့် မည်သည့် ပစ္စည်းမဆိုဝယ်ယူပါက ဗလာမပါ ကံစမ်းမဲ တစ်ကြိမ်နှိုက်ခွင့် ရရှိမည်ဖြစ်ပါသည်။

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ စွန့်ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152361
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပြည်ထောင်စုလမ်း။
Ph : 09-5425251, 09-73225484
အရောင်းခန်းမ(၃)၊ အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရွှေဆောင်ဘဏ်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
Ph : 09-5078881, 09-5078882,09-5078883

FAME Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
၂/၂၀၁၅ ဘဆလ/တိုင်(စ၆၅၇)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Urocrush®
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 006245 (0717)
၂/၂၀၁၅ ဘဆလ/တိုင်(စ၆၅၇)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified


Dulux
let's colour
Dulux Brillance Gold
Dulux Brillance
Dulux Brillance
ရွှေဆေး
အဝါရောင်ခံဆေး
ပရိုင်မာ
မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများနှင့် ဘာသာရေးအဆောက်အအုံ များအား ရွှေဆေးဖြင့် ပူဇော်နိုင်ရန်အတွက် Dulux Brillance Gold ရွှေဆေးကို နယ်သာလန်နိုင်ငံမှ Dulux အမှတ်တံဆိပ် အဆောက်အအုံနှင့် အိမ်သုတ်ဆေး က ထုတ်လုပ်ဖြန့်ချိလိုက်ပါပြီ...
Dulux Brillance Gold ရွှေဆေးအား မိတ်ဆက်အထိမ်းအမှတ်အနေဖြင့် ပထမဆုံးအရောင်းကိုယ်စားလှယ် (၃၅) ဦးအား ရွှေသားစစ်စစ်လက်ဆောင်များဖြင့် အောက်ပါအတိုင်းကျေးဇူးတုန့်ပြန်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
ဂါလံ (၅၀၀) နှင့် အထက်ဝယ်ယူသော အရောင်းကိုယ်စားလှယ် (၁၅) ဦး အတွက် ငါးမူးသားရွှေဒင်္ဂါး (၁၅) ပြား
ဂါလံ (၃၀၀) နှင့် အထက်ဝယ်ယူသော အရောင်းကိုယ်စားလှယ် (၂၀) ဦး အတွက် တစ်မတ်သားရွှေဒင်္ဂါး (၂၀) ပြား
မြန်မာနိုင်ငံတစ်ဝန်းရှိ အရောင်းကိုယ်စားလှယ်များအတွက် တစ်နှစ်တာရောင်းအားပေါ်မူတည်ကာ ငွေသားဆုများဖြင့်လည်း ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။
Dulux Authorized Distributors
Myanmar Golden Rock International Co., Ltd.
အမှတ်(၇၉–ဒီ)၊ ဗိုလ်ချိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-420002156, 09-43140501, 09-420046552
ASTERISM INTERNATIONAL CO., LTD.
အမှတ်(၉၂/ခ)၊ မဥ္ဇူလမ်း (ဂျပန်လမ်း)၊ ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-640649, 647814
Dulux

သင်ရိုးကုန် ၄ တန်းစာတွေ့တာဝန်၊ ဘာသာစုံ ပညာချွန်
မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
အခြေခံသိပ္ပံ
သမိုင်း
ပထဝီဝင်
တိုင်းရင်းသားစာရင်း
ဘဝတွက်တာ
ပညာစိတ်ဇာနည် (ပညာချွန်) စာအုပ်တိုက်
Ph: 01 253 143, 09 730 29336

PROFESSIONALS' EDUCATION CENTRE
PEC ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပညာရိပ်သာ (မန္တလေး)
မှတ်ပုံတင်အမှတ် (ကက-၁၀/၀၄/၀၈၃)
၁၉၉၈ မှ ၂၀၁၅ ထိအောင်မြင်မှုများ
မြန်မာတစ်နိုင်ငံလုံး Top-Ten (၁)ယောက်
မြန်မာနိုင်ငံ သင်္ချာဂိုဏ်း တစ်နိုင်ငံလုံး ဂုဏ်ထူး(၁) ယောက်
၆ ဘာသာဂုဏ်ထူးရှင် (၁၂)ယောက်
၅ ဘာသာဂုဏ်ထူးရှင် (၁၄)ယောက်
၄ ဘာသာဂုဏ်ထူးရှင် (၃၃)ယောက်
၃ ဘာသာဂုဏ်ထူးရှင် (၄၄)ယောက်
၂ ဘာသာဂုဏ်ထူးရှင် (၅၅)ယောက်
၁ ဘာသာဂုဏ်ထူးရှင် (၁၂၆)ယောက်
ကျောင်းအားကြီး/ရှိသည်...။
လူကြီးမင်းတို့၏ သား/သမီးများ ပညာရေးအတွက် လာရောက်လေ့လာဆွေးနွေးသုံးဖြတ် အပ်နှံပါရန် ဖိတ်ခေါ်ပါသည်။
အမှတ် (E-၅၇ & E-၅၈) ၅၆×၅၇လမ်းကြား၊ ခိုင်ရွှေဝါ×ငုရွှေဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း... ၀၉-၅၁၂၇၀၀၇၊ ၀၉-၂၅၆၁၂၀၂၉၁၊ ၀၉-၉၁၀၀၃၈၅၉၊ ၀၉-၉၁၀၁၈၉၅၂

AT&S
University of Portsmouth (UK) သို့ တိုက်ရိုက် တက်ရောက်နိုင်မည့်
ဘာသာရပ်များနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာ အင်္ဂလန်ပညာရေးဆွေးနွေးပွဲ
ထိပ်တန်းဗြိတိန်တက္ကသိုလ်များ (၁၀) စာရင်းဝင်၊
ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးများ (၂) ရာခိုင်နှုန်းစာရင်းဝင် University of Portsmouth
University of Portsmouth
- HND/ABE ဒီပလိုမာရရှိထားသူများ၊ တက္ကသိုလ် တက်ရောက်ဆဲ ကျောင်းသားများ အနေဖြင့် University of Portsmouth ၏ ဒုတိယနှစ် သို့ တိုက်ရိုက်လျှောက်ထားနိုင်မည့် အခွင့်အရေး
- အခြေခံပညာ အထက်တန်း၊ iGCSE / GCE O'Level အောင်မြင်ထားသူများအတွက် ICP ၏ Foundation Program မှတစ်ဆင့်တက္ကသိုလ် ပထမနှစ်သို့ တက်ရောက်နိုင်မည့် အခွင့်အရေး
- အသိအမှတ်ပြုဘွဲ့ ဒီဂရီရရှိထားပြီးသူများအတွက် Pre-Master အတန်းတက်ရောက်စရာမလိုဘဲ Master Program သို့ တိုက်ရိုက်လျှောက်ထားနိုင်မည့် အခွင့်အရေး
ဆွေးနွေးပွဲ (အချိန် - နေ့ရက် - နေရာ)
Monday 16 May
ညနေ (၄:၀၀) နာရီ မှ (၅:၀၀) နာရီ အထိ
AT&S လမ်းမတော်ရုံး
အမှတ် (၆၇)၊ မြေညီထပ် (ယာ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ (ဖုန်း) ၀၉၅၀၆၂၁၇၁၊ ၀၉၅၁၂၄၇၆၁၊ ၀၉၇၉၅၉၅၁၇၈၇

မြိတ်ကျွန်းစု - 400000
ပေလီ - 180 $
ချောင်းသာ - 105000
ငွေဆောင် - 110000
0943178718 /254257922

၉/၁၀ တန်း ဘာသာစုံ
အိမ်လိုက်သင်သည်။
(ရန်ကုန်မြို့တွင်းသာ)
(တသင်သက်၁၀ နှစ်ကျော်ရှိပြီး ဖြစ်သော ဆရာမများ)
ဖုန်း-၀၉-၇၉၈၄၃၉၂၅၉၊ ၀၉-၃၃၀၄၃၂၈၇

Ever One
(ဘ)အထောက်အထား Unitex 100-150-250
Orient 200-250-300-350
Premier 250-350-400-450
ICI 350-450-550-600
Nippon 400-450-550-600

တစ်နိုင်ငံလုံး ဒေသပျော့သင်နိုင်ပြီ
၈၊ ၉၊ ၁၀ တန်းခွဲများအတွက် guide လုပ်ပေးသည်။ ဝင်ကာပဲသုံး online နေစစ်ဖြင့် ဂုဏ်ထူးများရှင် တို့မှ သင်ပေးသည်။
လစဉ်ကြေး-၅၀၀၀၀ ကျပ်
၀၉-၄၂၁၁၁၇၁၄၆၄၊ ၀၉- ၂၅၂၂၆၄၉၈၃

ဆက်သွယ်ပါ
တိုင်းရင်းဆေးဝါး ထုတ်လုပ်ရန်အတွက် အကျိုးတူပူပေါင်းရန် ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၂၀၂၈၃၂၈၆

IMA
Institute of Accounting & Finance
ရန်ကုန်မြို့၏ အချက်အချာကျ၍ သွားရလွယ်ကူသောနေရာ...
May Intake
ကျောင်းအပ်လက်ခံပါပြီ...
၂၁.၅.၂၀၁၆ သင်တန်းစပါပြီ
CIMA
စီးပွားရေးလုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲမှုနှင့် တရင်းကိုင်ပညာရှင်ဖြစ်ချင်သူများအတွက်
UK နိုင်ငံရှိ စီမံခန့်ခွဲမှုစာရင်းကိုင်အဖွဲ့အစည်းကြီး၏ Professional Courses များ
CIMA (New Class)
C03-Business Mathematics
Duration - 5 months
Course Fees - 150,000 kyats
Registration fees - 20,000 kyats
09 420011184
01 376901
375, Bogyoke Aung San Road, Penthouse, IMA Building, Pabedan, Yangon
Email : enquiry@myanmarinsider.com

Retail Master Retail School
Certificate Level
Selling and Sale Management
Business English
Retail Business Operation Management
Email : school@retailmastergroup.com / Website : www.retailmastergroup.com

YCTC Business Institute
abe Accredited College
MBA
Grad Diploma
Higher Diploma
Diploma
Matriculation Passed
အင်္ဂလန်နိုင်ငံ Association of Business Executives (ABE) မှ တိုက်ရိုက်စစ်ဆေးပေးအပ်သည့်
- Diploma in Business Management (6 months)
- Diploma in Marketing Management (6 months)
- Graduate Diploma in Business Management (6 months)
Batch 9
June Intake အတွက် ကျောင်းအပ်လက်ခံပြီ
Early Bird Discount 10% to 50%
Installment Available !!
ကျောင်းသားဟောင်းများအတွက် Special Discount!
အမှတ်(၃၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (Park Royal Hotel အနီး)
(01) 393 076, (09) 420 118 100, (09) 250 640 429
Facebook : YCTC
www.yctcinstitute.com

## M & E Contractor များတင်ဒါခေါ်ယူခြင်း

တည်ဆောက်ဆဲ အထပ်မြင့်ကြယ်ငါးပွင့်အဆင့် Hotel Project အတွက် အောက်ဖော်ပြပါ M & E လုပ်ငန်းများ တင်ဒါခေါ်ယူလိုပါသည်။

(1) Plumbing and Sanitary
(2) Aircon and MV
(3) Electrical
(4) Fire Protection

တင်ဒါလျှောက်ထားသူများသည် အဆင့်မြင့်၊ အထပ်မြင့် လုပ်ငန်းကျွမ်းကျင်မှုအတွေ့အကြုံ ရှိရမည်ဖြစ်ပြီး လုပ်ခဲ့ဖူးသော Project Profile များ၊ Company Registrationနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၂၁) ရက်အတွင်း လုပ်ငန်းတည်ရှိရာသို့ လာရောက်ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် -**

**Family Business Group Hotel Ltd . (Sheraton Yangon Hotel Project)**
**အမှတ်(၈)၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၁- ၅၅၅၆၉၄၊ ၅၄၁၀၅၄**

# ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်းအချက်အလက်များ စုစည်းပြီးပြုလုပ်မှသာ မှန်ကန်သည့် စီးပွားရေး၊ လူမှုရေး၊ မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်



စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအစည်းအဝေး(၁/၂၀၁၆)ကို နေပြည်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၃**

စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီအစည်းအဝေး(၁/၂၀၁၆) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတက မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်းတို့တွင် ခိုင်မာသည့် အခြေခံစာရင်းအင်းအချက်အလက်များသည် အရေးကြီးပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

# အစိုးရယန္တရားတစ်ခုခု ထိခိုက်လာမည်ဆိုလျှင် တပ်မတော်အနေဖြင့် ကာကွယ်ရန်တာဝန်ရှိ

## NCA လက်မှတ်မထိုးဘဲ နိုင်ငံရေးအခွင့်အရေးတောင်းဆိုသည်ကို ပေး၍မရ

**နေပြည်တော် မေ ၁၃**

ထာဝရငြိမ်းချမ်းရေးရချင်ကြောင်း၊ ဒီငါးနှစ်အတောအတွင်း ငြိမ်းချမ်းရေးရအောင်လုပ်ကြမည်ဟု ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပြောထားကြောင်း၊ ဒါကို ဒေါ်အောင်ဆန်းစုကြည်က လက်ခံပါကြောင်း၊ ငြိမ်းချမ်းရေးစောစောရလေကောင်းလေဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် ပြည်သူလူထုလက်ခံထားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန်ပါဝင်လာရန်သာလိုကြောင်း၊ ဒါဆို ပြည်သူများလိုလားသည့်အဖြေကို ပေးနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။**(ယာပုံ)**

ထာဝရငြိမ်းချမ်းရေးကို လက်ရှိအစိုးရသက်တမ်းငါးနှစ်အတွင်း ဆောင်ရွက်နိုင်မည်ဆိုပါက တပ်မတော်အနေဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

